
www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com

၂၀၁၆ခုနှစ်၊ (ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက် (မြ - ၀၀၀၇၇)၊ အမှတ် (၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။
အောင်မြင်စာပေ (မြ - ၀၀၂၇၆)၊ အမှတ် (၇) ဆီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- မေ့သင့်သော အရာများကို
  မေ့ဖျောက်ပစ်ရပါမယ်။
  အမှန်ရသင့်တာတွေကိုလည်း
  မေ့ပျောက်မသွားဖို့ ကြိုးစားရပါမယ်။
  ကြင်နာသော အရာများသာ သတိရသင့်ပြီး
  နာကျင်စေသော အရာများကိုတော့
  မေ့ပစ်ရပါမယ်။

BURMESE CLASSIC

- လောကမှာ အားကိုးအားထား
  ပြုရမယ့်သူကိုလိုက်ရှာရင်းနဲ့
  နောက်ဆုံးတော့
  မိမိကိုယ်သာဖြစ်နေသည်ကို တွေ့ရပါလိမ့်မယ်။

- အတိတ်ဟောင်းကိုပြန်ကြည့်ခြင်းဟာ
  မှားယွင်းမှုများကို သတိရနေခြင်းဖြစ်ပါတယ်၊
  ရှေ့ကိုမျှော်ကြည့်မှသာ
  အမှားအယွင်းကင်းစင်တဲ့ အနာဂါတ်ကို
  တွေ့ရမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➤ ချစ်သူဘဝ မရောက်သေးခင်မှာတော့
အလှက အရေးကြီးပါတယ်။
ချစ်သူဘဝရောက်ပြီးလျှင်တော့
ဘဝက အရေးအကြီးဆုံး ဖြစ်လာပါလိမ့်မယ်။

➤ ချစ်သူတစ်ယောက်အပေါ်မှာ
အလုံးစုံ မှီခိုအားပေးခြင်းသည်
ဘဝ၏ရင်ဆိုင်မှုများကို
ဥပေက္ခာပြုလိုက်ခြင်းဖြစ်ပါတယ်။

➤ အတတ်ပညာများစွာကို
တတ်မြောက်ခြင်းသည် ကောင်းလှပေ၏။
သို့သော်ထိုအထဲမှာမှ
အတတ်ပညာတစ်ခုကို ထူးချွန်အောင်
အသုံးချနိုင်ခြင်းက ပိုကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- မပြည့်သေးတာကို
  ပြည့်အောင်ဖြည့်ဆည်းပေးရပါတယ်။
  မိမိမှာပြည့်စုံသွားလျှင်တော့
  ပြန်လည်မျှဝေပေးရပါမယ်။

- "ချစ်တယ်" ဆိုတဲ့ စကားတစ်ခွန်းကို
  ပြောဖို့လွယ်ပါတယ်၊
  အဲဒီနောက်ပိုင်း တာဝန်ယူမှုတွေကတော့
  အတော်ကလေးခက်ခဲလှပါတယ်။

- ကြယ်ရဲ့အလင်းရောင်က
  တိမ်တိုက်တွေ မဖုံးခင်အထိရှိနေကြတယ်။
  ဘဝရဲ့အလင်းရောင်ကတော့
  စိတ်ဓါတ်မပျက်မယွင်းသရွေ့
  ရှိနေတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

➢ ဘဝဆိုတာ
အချိန်တွေနဲ့ဖွဲ့စည်းထားတဲ့ အရာဖြစ်ပါတယ်၊
မိမိပြုလုပ်ဆောင်ရွက်ခဲ့မှုများကသာ
ဘဝအတွက် သမိုင်းမှတ်တိုင်များ
ဖြစ်လာနိုင်ကြပါတယ်။

➢ ရာသီဥတုနိုပ်စက်မှုကြောင့်
ပျက်စီးရခြင်းမှာ ဝမ်းနည်းစရာ မဟုတ်ပေ။
ဖေးမကူညီပေးမယ့်သူ မရှိခြင်းကသာ
ကြေကွဲဝမ်းနည်းစရာ ဖြစ်ပါတယ်။

➢ လေလွင့်နေခြင်း၊
အချိန်ဖြုန်းနေခြင်း၊
စိတ်ကူးယဉ်ဘဝထဲမှာ နစ်နေရာက...
အမှန်တရားရဲ့ ကြိုးတစ်စကို
မမျှော်လင့်ပဲ တွေ့ရနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | စိတ်ကိုပြောင်းလဲစေနိုင်သောဆေးများ |
| အခန်း(၂) | ငိုသံကြားတောင်ကြားမှထလာသောသူ |
| အခန်း(၃) | နတ်စင်ကုန်း၌အသက်ဆုံးရသူ |
| အခန်း(၄) | အမှောင်ရိုပ်ထဲမှမိတ်ဆွေ |
| အခန်း(၅) | လှည့်စားတတ်သည့်ပဉ္စလက်ကျော့ကွင်းများ |
| အခန်း(၆) | လိပ်ပြာနက်တစ္ဆေ |
| အခန်း(၇) | ချစ်သူအတွက်ကြောင့်ဘဝပျက်ရသူ |
| အခန်း(၈) | မလှပသည့်ချစ်သူတို့ဘဝများ |
| အခန်း(၉) | အံ့ဩဖွယ်ရာပဉ္စလက်မိတ်ပညာ |
| အခန်း(၁၀) | တန္တရ, မန္တရပညာဆိုသည်မှာ |
| အခန်း(၁၁) | အမှောင်ထဲမှလက်ထပ်ပွဲ |
| အခန်း(၁၂) | မျက်ဝန်းမှာအပြုံး နှလုံးသားမှာအဖြေ |
| အခန်း(၁၃) | အစီအရင်ဖြင့်ပြုလုပ်သောဂမ္ဘီရရုပ်ထုများ၊ |
| အခန်း(၁၄) | မာယာဖြင့်နှောင်ဖွဲ့သောကျော့ကွင်းများ |
| အခန်း(၁၅) | ပန်းစားဘီလူးဓါးနိုဝိုး |
| အခန်း(၁၆) | သင်္ဂြိုဟ်ရအနှမ်းများ |


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

**ရှေး** နှစ်ပေါင်းများစွာကတည်းက မြန်မာပြည်၌သာ မကဘဲ ကမ္ဘာ့နေရာအသီးသီးတို့၌ ထူးခြားဆန်းကြယ်သော ဓလေ့ထုံးစံများ ရှိခဲ့ကြသည်။

ဂါထာမန္တန်များကို အသုံးပြု၍သော်လည်းကောင်း၊ ဆေးဝါးများကို အသုံးချ၍သော်လည်းကောင်း၊ အစီအရင် ပညာများကို အသုံးပြု၍သော်လည်းကောင်း လူအများကို လွှမ်းမိုး၍



www.burmeseclassic.com

www.burmeseclassic.com


ကြိုးစားဆောင်ရွက်ခဲ့ကြလေသည်။

ထိုကဲ့သို့ ဆောင်ရွက်ကြရာတွင် ကောင်းကျိုးရရှိစေသော အဖြစ်အပျက်များထက် မကောင်းသော အဖြစ်အပျက်များတို့သာ ပိုမိုများပြားစွာ ကြုံတွေ့ခဲ့ကြသည်။

သြဇာရှိသော အာဏာပိုင်များ၊ မှော်ဆရာများ၊ ဆေးဆရာများတို့၏ အလိုဆန္ဒများအတိုင်း အပြစ်မဲ့သူတို့က ခံကြရသည်။ မှတ်တမ်းများကို ပြန်လည်လေ့လာကြည့်သောအခါ ရှေးနှစ်ပေါင်းများစွာကတည်းက ခလေ့ထုံးစံများ၊ စနစ်ဆိုးများ၏ သားကောင်ဘဝသို့ အများဆုံးရောက်ခဲ့ရသူများမှာ မိန်းမများဖြစ်ကြလေသည်။

နှိပ်စက်မှု အခံရဆုံးမှာ မိန်းမပျိုများ ဖြစ်ခဲ့ကြသည်။ ယာဇ်ပူဇော်ခြင်း၊ ပန်းဦးလွှတ်ခြင်း၊ အပျိုစင်ဘဝကိုပူဇော်ရခြင်းစသောအချက်များအပြင် ဆေးဝါးအစီအရင်များဖြင့် ဖြားယောင်းသိမ်းသွင်းပြီး အဖျက်ဆီးခံရသူတို့မှာလည်း အမျိုးသမီးများပင် ဖြစ်ကြသည်။

အနောက်နိုင်ငံများ၌သာမကပဲ ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံများ၌ပင် အယူဝါဒများ ကွဲပြားခဲ့ကြသည်။

အိန္ဒိယနိုင်ငံမှ အစပြုခဲ့သော တန္တရ၊ မန္တရ၊ အယူဝါဒများမှာ အာရှတိုက်နိုင်ငံများသို့ တောမီးလောင်သကဲ့သို့ ကူးစက်ပျံ့နှံ့ခဲ့သည်။

ဘုရားအလောင်းအယူဝါဒ၊ ဘုရားအလောင်းရုပ်တု၊


www.burmeseclassic.com

www.burmeseclassic.com



နတ်သားရုပ်တု၊ နတ်သမီးရုပ်တုများ ထုလုပ်ပူဇော်ခဲ့ကြသည်။ ၎င်းတို့ယုံကြည်သော ဘုရားအလောင်းအယူဝါဒနှင့် ကိုက်ညီသော ကျမ်းများကိုလည်း ရေးသားဖြန့်ချိခဲ့ကြသည်။

၎င်းတို့အနက် ထင်ရှားသော ကျမ်းများမှာ

(၁) **မဉ္ဇုသီရိမူလကပ္ပကျမ်း**

ထိုကျမ်းသည် မန္တန်၊ မန္တယား၊ အင်း၊ အိုင်၊ ခလဲ့၊ လက်ဖွဲ့ စသော ပညာရပ်များကို ရေးသားသော ကျမ်းဖြစ်သည်။

(၂) **ရတိရဟဿကျမ်း**

၎င်းကျမ်းသည် 'ဗိုက်ရဝိစကြ'တည်းဟူသော သေရည်သေရက် သောက်စားခြင်း၊ မိန်းမတို့ စပ်ယှက်ပျော်ပါးခြင်းတည်းဟူသော ကာမဂုဏ်ကျူးခြင်းအကျင့်တို့ကို အားပေးသောကျမ်းဖြစ်သည်။

ထိုကျမ်း၌ အရက်သေစာသောက်စားခြင်းနှင့် ပတ်သက်ပြီး ဖော်ပြထားသော အချက်အချို့မှာ . . .

အရက်သေစာသောက်စား၍ မူးယစ်နေသော အချိန်တွင် စိုးရိမ်၊ ကြောင့်ကျ၊ ဗျာပါဒ အစရှိသော စိတ်သောကရောက်စေခြင်းများကို မေ့လျော့ပပျောက်စေတတ်သည်။

သို့ကြောင့် အရက်သေစာ သောက်စားမူးယစ်ခြင်းသည် သောက်စားသူအတွက် ကောင်းကျိုးရစေသဖြင့် 'အမြိုက်



www.burmeseclassic.com

www.burmeseclassic.com


သဒ္ဒါ'ဟု ခေါ်ဆိုအပ်ပေသည်။

တစ်ဖန် မိန်းမတို့နှင့် ပျော်ပါးခြင်းကိုလည်း ဤသို့ဖော်ပြထားလေသည်။

မိန်းမတို့သည် အလွန်ထူးမြတ်သော 'ဝိမုတ္တိရသ'ကိုပေးတတ်သော 'မုတ္တိဒါကြီ' သို့မဟုတ် 'ပညာ' ဟူ၍သော်လည်းကောင်း ဖော်ပြရေးသားထားသည်။

## (၃) ခကြေသံဝရကျမ်းမှာ

အစီအရင်နှင့် မန္တန်များ အသုံးပြုပုံ၊ စီရင်ပြုလုပ်ပုံများကို ရေးသားထားလေသည်။

ထိုကျမ်းများကိုအကြောင်းပြုလျက် ကာမဂုဏ်ကျူးသော အကျင့်ထူးများကို ဦးစားပေးသည့် ဝါဒများကြောင့် မဟာယာနဝါဒသည် တဖြည်းဖြည်းနှင့် မေ့မှိန်လျော့ကျလာကာ မန္တရယာန သို့မဟုတ် တန္တရယာနဝါဒတို့သော်လည်းကောင်း၊ ဝဇ္ဇရာယာနအဖြစ်သို့သော်လည်းကောင်း ကူးပြောင်းခဲ့ရလေသည်။

အရက်သောက်စားခြင်း၊ မိန်းမမများနှင့် လွတ်လွတ်လပ်လပ်ပျော်ပါးခြင်းသည် အကျိုးထူးရစေနိုင်သည်ဟု ဆွဲဆောင်ကြရာ ဖိနှိပ်ချုပ်ချယ်မှု တင်းကျပ်သည့် စည်းကမ်းသတ်မှတ်မှုများသော ဗုဒ္ဓဘာသာမှ တန္တရ၊ မန္တရယာနဘာသာသို့ ကူးပြောင်းသူ များပြားခဲ့လေသည်။

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်က အရည်းကြီးဂိုဏ်းများ ပေါ်ပေါက်လာခြင်းမှာ တန္တရ၊ မန္တရယာနအယူဝါဒများပင် ဖြစ်ကြပေသည်။

ရေငုပ်၊ တုံးခုန်၊ မီးလှုံ၊ ဇယ်ခတ် စသော ပွဲကျောင်းအတတ်ပညာများ သင်ကြားခြင်း၊ မေထုန်အလှူဟု အမည်တတ်ထားသော ပန်းဦးလွှတ်ခြင်း စသောဓလေ့ထုံးစံများ ပြုလုပ်ခဲ့ကြသည်။

နောက်ပိုင်းမှာတော့ တန္တရ၊ မန္တရမှ ဆင်းသက်လာသော ဆေးဝါးပညာ၊ အစီအရင်ပညာတို့မှာ နေရာအနှံ့အပြားသို့ ပျံ့နှံ့ခဲ့ကြလေသည်။

သို့သော်လည်း လူမျိုးကွဲပြားသဖြင့် ဓလေ့ထုံးစံများ ကွဲပြားသွားသော်လည်း အယူဝါဒများကတော့ အတူတူပင် ဖြစ်ကြသည်။

စုန်း၊ နတ်၊ မှော် စသော ပယောဂပညာရပ်များ လေ့လာလိုက်စားကြသည်။ အချို့ ပေါက်မြောက်သဖြင့် နတ်ဆရာ၊ မှော်ဆရာ၊ ပယောဂဆရာများအပြင် ဆယ့်နှစ်ကြိုးကဝေ ဘဝမျိုးအထိ ရောက်ကြသည်။

မာကိုပိုလိုရေးသားသော မှတ်တမ်းတစ်ခုတွင် တိဗက်၌ရှိသော ကသ္မီရာအရပ်၌ရှိသော လူတို့သည် စုန်း၊ နတ်၊ မှော်အတတ်တို့ကို တတ်ကြသည်။

၎င်းတို့သည် ရုပ်တုများကို စကားပြောစေခြင်း၊ လိုရာသို့ စေခိုင်း၍ရခြင်း၊ ရာသီဥတုကိုပြောင်းလဲစေခြင်း၊ မှောင်ချထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတို့ကို ပြုလုပ်နိုင်စွမ်းရှိကြောင်း ရေးသားထားလေသည်။

နောက်ပိုင်း ဆေးဝါးအစီအရင်များလည်း ခေတ်စား လာခဲ့သည်။ ထိုဆေးဝါး အစီအရင်ပညာများမှာ ယခုမျက် မှောက်ကာလအချိန်အထိ အသုံးပြုနေဆဲပင် ရှိနေသေးသည်။ အနောက်နိုင်ငံများ၌ အသုံးပြုလျက်ရှိသော မှုတ်ဆေးတစ်မျိုး အကြောင်းကို ဖော်ပြပေးပါမည်။

အနောက်နိုင်ငံများတွင် "မှုတ်ဆေး"(Devil's Breath) ဟုခေါ်သော ဆေးမှုန့်သည် ဓာတုဗေဒပစ္စည်းများနှင့် ဖော်စပ် ထားခြင်း မဟုတ်ပေ။

တောင်အမေရိကနိုင်ငံများဖြစ်သော ကိုလံဘီယာ၊ အီကွေဒို၊ ဗင်နီဇွဲလားနိုင်ငံများတွင် သဘာဝအလျောက်ပေါက် သော အပင်တစ်မျိုးမှရသော အစေ့များကို အမှုန့်ကြိတ်ထား ခြင်းဖြစ်သည်။

အဆိုပါ သစ်စေ့မှုန့်ကို များများရှူရှိုက်မိပါက သေစေ နိုင်သည်။ အနည်းငယ် ရှူရှိုက်မိပါက မိမိကိုယ်ကိုတည်ငြိမ် အောင် ထိန်းချုပ်နိုင်သောစိတ် ဆုံးရှုံးသွားတတ်ပေသည်။

ထိုသို့ ပင်ကိုယ်အသိစိတ်ပျောက်သွားသောသူကို အ နောက်နိုင်ငံများတွင် ပင်ကိုယ်အသိစိတ်ပျောက်သူ (Zombie) ဟု သတ်မှတ်ကြသည်။

ပင်ကိုယ်အသိစိတ်ပျောက်သွားသူသည် သူတပါး စေ ခိုင်းသမျှ လုပ်ငန်းကိစ္စများကို လုပ်သင့်မလုပ်သင့် မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ လိုက်လုပ်တတ်ကြသည်။

ရှေးခေတ်က တောင်အမေရိကနိုင်ငံတွင် နေထိုင်ကြသော လူမျိုးနွယ်စုများတွင် ၎င်းတို့၏ အကြီးအကဲ ခေါင်းဆောင်လုပ်သူ သေဆုံးပါက ၎င်း၏ဇနီးမယားကို အဆိုပါ အကြီးအကဲ ခေါင်းဆောင်နှင့်အတူ မြှုပ်နှံလေ့ရှိခဲ့ကြသည်။

သေဆုံးသူ၏ဇနီးကို အဆိုပါ ဆေးမှုန့်တိုက်ကျွေးပြီး ညွှန်ကြားလိုက်ပါက သူမကိုယ်တိုင် ခေါင်းအတွင်းသို့ အေးအေးဆေးဆေး ဝင်ရောက်တတ်ကြသည်။

ရှေးယခင် စစ်အေးကာလတွင် အမေရိကန် CIA များသည် အဆိုပါဆေးမှုန့်ကို အသုံးပြုတိုက်ကျွေး၍ ထောင်သားအကျဉ်းသားများကို စစ်ဆေးကာ အမှုမှန်ဖော်ထုတ်လေ့ရှိကြသည်။

နာဇီတို့သည် ဂျူးအကျဉ်းသားများကို ၎င်းဆေးမှုန့်တိုက်ကျွေး၍ အဖြစ်မှန်ပေါ်အောင် စစ်ဆေးခဲ့ကြသည်။

ထိုသို့ အဖြစ်မှန်အကုန်ပေါ်စေသော ဆေးမှုန့်ဖြစ်၍ ထိုဆေးသုံးစွဲမှုကို "Truth Serum"ဟု သုံးနှုန်းခဲ့ကြသည်။

ရှေးခေတ်က ဆရာဝန်များသည် သားဖွားမိခင်များ မီးဖွားစဉ် အနာအကျင် သက်သာစေရန် ထိုဆေးမှုန့်ကို အသုံးပြုခဲ့ကြသည်။

ရှေးခေတ်တရားရုံးများတွင်လည်း ထိုဆေးမှုန့်ကို တရားခံများအား တိုက်ကျွေး၍ အမှုမှန်ပေါ်ရေးအတွက် အသုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့ကြသည်။

ထိုဆေးမှုန့်ကိုအသုံးပြုခြင်းဖြင့် ဘေးထွက်ဆိုးကျိုး ရ စေနိုင်သည်။ ထိုဆေးမှုန့်ကို သုံးစွဲပြီးသူသည် အာရုံခံစံနစ် အာ နည်းခြင်းနှင့် စိတ်ကျရောဂါ ဖြစ်ပွားစေနိုင်သည်။

အဆိုပါ ဆိုးကျိုးများ ဖြစ်ပေါ်နိုင်မှုကြောင့် (၁၉၃၀ ပြည့်နှစ်မှစ၍ ဆေးရုံများနှင့် တရားရုံးများတွင် ထိုဆေးမှုန့် ‌ သုံးပြုမှုကို ရပ်ဆိုင်းခဲ့ကြသည်။

အမေရိကန် CIA ကလည်း (၁၉၇၃)ခုနှစ် နောက်ပိုင်း တွင် ထိုဆေးမှုန့် အသုံးပြုမှုကို ရပ်စဲခဲ့သည်။

ဖြစ်ရပ်မှန်တစ်ခုကို ဖော်ပြပါမည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် တရုတ်ကမ္ဘာလှည့် အမျိုး သမီးနှစ်ဦးက ပဲရစ်မြို့ခံ အမျိုးသမီးတစ်ဦးထံ ချဉ်းကပ်ပြီး လမ်း ညွှန်မြေပုံပေါ်ရှိ နေရာတစ်ခုကို ဟန်ဆောင်မေးမြန်းခဲ့သည်

ထိုသို့မေးမြန်းစဉ်တွင် တရုတ်အမျိုးသမီးတစ်ဦးက သူမ၏ လက်ခုံပေါ်တွင်တင်ထားသော အဖြူရောင်ဆေးမှုန့်က ပဲရစ်မြို့ခံ အမျိုးသမီးကြီး၏ မျက်နှာရှိရာဘက်သို့ မှုတ်ထုတ် လိုက်ရာ ထိုအမျိုးသမီးကြီး၏ ကိုယ်ပိုင်ထိန်းချုပ်နိုင်သည့် စိတ် စွမ်းအား ကျဆင်းသွားခဲ့သည်။

ထို့နောက် တရုတ်အမျိုးသမီးတို့ အမိန့်ပေးခေါ်ဆော သွားခဲ့သည့် လူရှင်းရာနေရာသို့ သတိလက်လွတ်နေသော ပဲရစ် မြို့ခံ အမျိုးသမီးကြီးသည် အတူလိုက်ပါသွားပြီး သူမတွင် ပါလာ



www.burmeseclassic.com

www.burmeseclassic.com


သမျှသော ငွေကြေးနှင့် လက်ဝတ်ရတနာများကို ကိုယ်တိုင်ဖြုတ်၍ ပေးအပ်ခဲ့သည်။

ကျန်သော တရုတ်ခရီးသည် အမျိုးသမီးသည် လမ်းသွားလမ်းလာများကို ၎င်းတို့၏ ထူးဆန်းသော အနံ့ရှိသည့် အမှုန့်များကို ရှူရှိုက်ရန် ဖြားယောင်းပြီး ပင်ကိုယ်အသိစိတ်ပျောက်ဆုံးစေကာ အဖိုးတန်ပစ္စည်းများကို ၎င်းတို့ကိုယ်တိုင်ချွတ်၍ ပေးအပ်စေခဲ့သည်။

အဆိုပါ တရုတ်အမျိုးသမီးနှစ်ဦးနှင့်အတူ ပါဝင်လုပ်ဆောင်ခဲ့သူ ပြင်သစ်နိုင်ငံသားတို့ကို ဖမ်းဆီးပြီး စစ်ဆေးသောအခါ ၎င်းတို့ရရှိသော ပစ္စည်းဥစ္စာများကို တရုတ်နိုင်ငံရှိ ဂိုဏ်းခေါင်းဆောင်ထံ ပြန်လည်ပေးပို့ရကြောင်း ထောက်လှမ်းရရှိခဲ့သည်။

အခြားအဖြစ်အပျက်တစ်ခုကို ဖော်ပြပါဦးမည်။

တောင်အမေရိကနိုင်ငံ၊ ကိုလံဘီယာတွင် လာရောက်အခြေချစီးပွားရေး လုပ်နေသူတစ်ဦးသည် ဘားဆိုင်တစ်ခုသို့ သွား၍ အမျိုးသမီးတစ်ဦးထံ ချဉ်းကပ်ခဲ့သည်။

ထိုအမျိုးသားနှင့် အမျိုးသမီးတို့ နှစ်ယောက်အတူစားသောက်ကြပြီးနောက် ထိုအမျိုးသားသည် ပင်ကိုယ်အသိပျောက်ဆုံးသွားသည်။ နောက်တစ်ရက်တွင် သူ သတိပြန်ရသော အချိန်မှာ သူ့အိမ်ရှိ သူ့အိပ်ယာထဲ ရောက်နေသည်ကို တွေ့ရသည်။

ထူးခြားချက်မှာ သူ၏အိမ်ထဲတွင် ဘားဆိုင်၌ အဖော်



www.burmeseclassic.com

www.burmeseclassic.com



ပြုခဲ့သော အမျိုးသမီးလည်းမရှိပေ။ သူတစ်ဦးတည်းသာ ရှိနေပြီး သူ့အိမ်မှ အိမ်ထောင်ပရိဘောဂများ တစ်ခုမျှမရှိတော့ပေ။

အံ့သြစိတ်ဖြင့် သူနေထိုင်သော အဆောက်အဦး၏ ဂိတ်စောင့်ကိုမေးကြည့်မိသည်။

ထိုအခါတွင်မှ သူ၏အံ့သြဖွယ်ရာ ဖြစ်ရပ်ကိုပြန်သိရှိရသည်။

ထိုညက သူကိုယ်တိုင် ကားမောင်းပြီး လူအုပ်စုတစ်စုကို ခေါ်လာခဲ့ပြီး သူ့အိမ်ခန်းမှ ပရိဘောဂပစ္စည်းများကို သူကိုယ်တိုင် ကူညီသယ်မပြီး ကားပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ပင်ကိုယ်အသိစိတ်ပျောက်ဆုံးခဲ့စဉ်က အဖြစ်အပျက် ဖြစ်သဖြင့် ထိုကိစ္စတွင် ပရိဘောဂများ သယ်ချသွားသူများကို ဖမ်းဆီးမှု မပြုနိုင်ခဲ့ပေ။ မည်သည့်ပစ္စည်းကိုမျှလည်း ပြန်မရခဲ့ပေ။

ဤသည်မှာ ထူးခြားသော ဆေးမှုန့်ကို အသုံးပြုခဲ့သည့် ဖြစ်ရပ်မှန်များဖြစ်သည်။

အထက်၌ဖော်ပြခဲ့သော အကြောင်းအရာတို့သည် စိတ်ကူးဖြင့် ရေးသားဖော်ပြခဲ့ခြင်းမဟုတ်ပဲ အမှန်ပင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများပင် ဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ ထိုကဲ့သို့သော စိတ်အာရုံကို လုံဝဲ ပြောင်းလဲစေပြီး အမိန့်ပေးသည့်အတိုင်း ပြုလုပ်စေသော ဆေး



www.burmeseclassic.com

www.burmeseclassic.com



မှုန့်တို့ကို အသုံးပြုလျှက် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည်။

တစ်ဦးချင်းတစ်ယောက်ချင်း ကျူးလွန်ခဲ့ကြသူများ ရှိသလို၊ ဂိုဏ်းဖွဲ့ပြီး အုပ်စုလိုက် ကျူးလွန်ကြသူများလည်း ရှိကြလေသည်။ အများအားဖြင့်တော့ တရုတ်ပြည်ဘက်၌ ထိုဆေးမျိုး အသုံးပြုပြီး ဒုစရိုက်မှု ကျူးလွန်မှု အများဆုံး တွေ့ရသည်။

ယခုနောက်ပိုင်းမှာတော့ မြန်မာပြည်ဘက်မှာပင် ထိုဆေးမျိုး အသုံးပြုလျှက် ရာဇဝတ်မှုများ ကျူးလွန်နေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။

ယခင်က ကျေးလက်တောရွာများ မြို့ပြနှင့် ဝေးသောနေရာများတွင် ထိုဆေးကိုအသုံးပြုလျှက် ရာဇဝတ်မှုများ ကျူးလွန်နေကြခဲ့သည်။

ယခုနောက်ပိုင်းမှာတော့ ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးများ၌ပင် ထိုဆေးမျိုး အသုံးပြုလျှက် ရာဇဝတ်မှုများ ကျူးလွန်လာကြသည်။ အများကတော့ ထိုဆေးကို'တို့ဆေး'ဟုပင် အလွယ်တကူ ခေါ်ဝေါ်ကြသည်။

တို့ဆေးမပေါ်ခင်က ဆေးခပ်ပြီး မိမိလိုသော ပစ္စည်းများကို ယူဆောင်သွားလေ့ရှိကြသည်။ စားသောက်မည့် အစားအသောက်များထဲသို့ ဆေးခပ်ထားပြီး စားသောက်မိသူက သတိလစ်ကာ အိပ်ပျော်သွားတော့မှ ဝတ်ဆင်ထားသော အဝတ်အစားများကို ချွတ်ယူသွားခြင်းဖြစ်သည်။

ခရီးဝေးသွားသော ရထားပေါ်၌သော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကားများပေါ်၌သော်လည်းကောင်း ထိုအဖြစ်အပျက်မျိုး မကြာခဏကြားခဲ့ရဖူးသည်။

နောက်တော့ မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ရောက်လာတော့သည်။ လမ်း၌တွေ့သူတစ်ဦးက အသိမိတ်ဆွေဟန်ဆောင်ပြီး တို့လိုက်ပုတ်လိုက်သောအခါ အတို့ခံရသူက သတိမေ့သကဲ့သို့ ဖြစ်သွားသောအခါမှ ဝတ်ဆင်ထားသော ရွှေငွေလက်ဝတ်ရတနာ စသည်တို့ကို တောင်းယူပြီး သွားတတ်ခြင်းဖြစ်၏။

နောက်တော့ အမျိုးသမီးများကိုသော်လည်းကောင်း၊ ကလေးငယ်များကိုသော်လည်းကောင်း ဆေးဖြင့်တို့ကာ လိုသောနေရာသို့ ခေါ်သွားခြင်းမျိုး ဖြစ်ပေသည်။


ယခုရေးသားသော ဇာတ်လမ်းမှာ ကျေးလက်တောရွာတစ်ခုတွင် ဖြစ်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

မြန်မာနိုင်ငံ လွတ်လပ်ရေး မရသေးမီနှင့် လွတ်လပ်ရေးရခဲ့ပြီးစ အချိန်များမှာ တစ်ပြည်လုံး မငြိမ်မသက် အခြေအနေမျိုး ဖြစ်ခဲ့ကြသည်။ တောမီးလောင် တောကြောင်လက်ပန်းပေါင်းခတ် ဆိုသကဲ့သို့ပင် မြစ်ဝကျွန်းပေါ် ဒေသများ၌ရှိသော ပြင်ဒရယ် သစ်တောအပါအဝင် သစ်တောကြိုးဝိုင်းများ၊ ရိုးမသစ်တောကြီးများ အတွင်း၌လည်း လက်နက်ကိုင် ရှောင်တိုသောင်းကျန်းသူများ ကြီးစိုးမင်းမူခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့က လက်နက်ရှိသဖြင့် လက်နက်မရှိသာ ပြည်သူပြည်သားများ အပေါ်တွင် ညှင်းပန်းနှိပ်စက်မှု ပြုခဲ့ကြသည်။

ဆက်ကြေးတောင်းခြင်း၊ ရွာများကို မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ မုဒိန်းကျင့်ခြင်း စသော လုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။

ကျေးလက်တောရွာများ၌ နေထိုင်ကြသူတို့မှာ ၎င်းတို့ နှိပ်စက်သမျှကို ခံကြရသည်။

ယခင်က အောက်ပိုင်းဒေသများမှာရှိသော သစ်တောကြီးများနှင့် ရိုးမသစ်တောကြီးများမှာ ယခုမြင်တွေ့ရသော အခြေအနေမျိုး မဟုတ်ဘဲ သစ်တောသဘာဝအတိုင်းပင် ရှိကြပေသေးသည်။

အထက်ပိုင်း အောက်ပိုင်း ဒေသများမှာရှိသော သစ်တောကြီးများမှာ ထိုစဉ်အချိန်အခါက လူတိုးမပေါက်အောင် ကောင်းလှသဖြင့် လက်နက်ကိုင် သောင်းကျန်းသူတို့ ခိုအောင်းရန် နေရာကောင်းများလည်း ဖြစ်ခဲ့ပေသည်။

၎င်းတို့နေသော နေရာများတွင် လူများကို ဖမ်းဆီးခေါ်ဆောင်လာပြီး စိတ်တိုင်းမကျပါက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသဖြင့် အချို့နေရာများမှာ နာမည်တွင်ကျန်နေခဲ့သည်မျိုးလည်း ရှိကြသည်။

လူများကို လည်ပင်းဖြတ်ပြီး ဦးခေါင်းများကို သစ်သားချွန်ဖြင့် ထောင်ပြထားသောနေရာကို လည်ပြတ်ကုန်း၊



www.burmeseclassic.com

www.burmeseclassic.com



လူများခေါ်လာပြီး သတ်လေ့ရှိသောနေရာကို လူသတ်ကုန်း၊ သတ်ပြီး ကားစင်တင်ထားသောနေရာကို ကားစင်ကုန်း၊ သရဲကုန်း၊ ကျတ်ကုန်း စသည်ဖြင့် အမည်အမျိုးမျိုး ပေးထားကြသည်။

(၁၉၅၀)ခုနှစ် တစ်ဝိုက်လောက်က ပင်လယ်ပိုင်းဒေသနှင့်နီးသော အနောက်ရိုးမ တောင်တန်းကြီးကို အမှီပြုပြီး နေထိုင်သော ရွာအချို့ ရှိကြသည်။

ရှေးအခါက ယခုကာလကဲ့သို့ ပင်လယ်ကမ်းခြေဘက်တွင် ချောင်းသာ၊ ငွေဆောင်လို အပန်းဖြေသော နေရာမျိုးလည်း မရှိ၊ မော်တော်ကားလမ်းလည်း မရှိပေ။

သစ်တောထဲတွင် သစ်ထုတ်လုပ်ရေးမှ သစ်တုံးတင်သော ကားများလောက်သာရှိသည်။ တစ်နေရာနှင့်တစ်နေရာ သွားလိုလျှင် ယခုကဲ့သို့ အလွယ်တကူ သွားလာ၍မရဘဲ သစ်တောများအတွင်းမှသာ ခြေလျှင်သွားလာကြရလေသည်။

ထိုသစ်တောကြီး အတွင်းမှာလည်း သောင်းကျန်းသူများနှင့် ပတ်သက်သောနေရာအချို့ရှိသလို ထူးထူးခြားခြား အမည်ပေးထားသော နေရာအချို့လည်း ရှိကြလေသည်။

ထိုနေရာများတွင် ‘ငိုသံကြားတောင်ကြား’ဟု အမည်ပေးထားကြသော နေရာတစ်ခုလည်း အပါအဝင်ဖြစ်သည်။

ငိုသံကြားတောင်ကြားဟု အမည်တွင်သောနေရာမှာ တောင်ကုန်းတစ်ခုမဟုတ်ပဲ တောင်ကြားတစ်ခုသာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြောနှစ်ခုကြားတွင်ရှိသည့် ချိုင့်ဝှမ်းဖြစ်သဖြင့် ငိုသံကြားတောင်ကြားဟု အမည်ပေးထားကြခြင်း ဖြစ်သည်။ နာမည်တပ်ထားသော ငိုသံကြားဟူသော အမည်မှာလည်း အကြောင်းမဲ့ ပေးထားခြင်းမျိုးတော့ မဟုတ်ပေ။

တစ်ခါက သောင်းကျန်းသူတစ်စုက ရွာတစ်ရွာကို ဝင်ရောက်ဖျက်ဆီးပြီးနောက် ရွာထဲ၌ရှိသော မိန်းမပျိုအချို့ကို ဖမ်းဆီးခေါ်ဆောင်လာကြသည်။

ထိုတောင်ကြားနေရာသို့ ရောက်သောအခါ ယာယီတဲများထိုးပြီး စခန်းချကြသည်။ ညအချိန်ရောက်သာအခါ ခေါ်လာသောမိန်းကလေးများကို ဖျက်ဆီးကြရာ ထိုနေရာဘက်မှ ငိုသံများ၊ စူးစူးဝါးဝါး အော်ဟစ်သံများကို ကြားကြရသည်။

ရက်အတန်ကြာတော့မှ ထိုနေရာမှ စခန်းပြောင်းရွှေ့သွားကြသော်လည်း ၎င်းတို့ ခေါ်လာသော မိန်းကလေးများကိုတော့ ခေါ်မသွားကြတော့ပေ။

၎င်းတို့ ပြောင်းရွှေ့သွားပြီးမှ ထိုနေရာသို့ သစ်တောအလုပ်သမားအချို့ ရောက်လာကြရာ စိတ်မကောင်းသော မြင်ကွင်းကို တွေ့ကြရသည်။

အခြားတော့ မဟုတ်ပေ။

ထိုမိန်းကလေးများကို သတ်ဖြတ်ထားခဲ့သဖြင့် နေရာအနှံ့တွင် ပြန့်ကျဲနေသော အလောင်းများကို တွေ့ကြရသည်။

နောက်ပိုင်းမှာလည်း တောတက်သူများ ထိုနေရာဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လာလျှင် ငှိုသံများ စူးစူးဝါးဝါး အော်ဟစ်နေသော အသံများကို ကြားရသည်။

အချို့ အကြောင်းမသိသူများက အသံများကြားသော အခါ ထိုနေရာသို့ သွားကြည့်ကြသော်လည်း ဘာမှမတွေ့ကြရ ပေ။ ထိုအခါမှ သရဲခြောက်မှန်း သိကြရသည်။

အချို့လည်း ထိုဒေသအကြောင်း မသိသဖြင့် ထိုနေရာ တစ်ဝိုက်တွင် ညအိပ်ကြသည်။ ညအချိန်ရောက်တော့ ငိုသံများ အော်သံများ ကြားရပြီး မကျွတ်မလွတ်သေးသော ဝိညာဉ်များက ခြောက်လှန့်ကြတော့မှ မနေဝံ့ကြတော့သဖြင့် အခြားနေရာသို့ ရွှေ့ပြောင်းရလေသည်။

ရိုးမတောင်ကြောပေါ်တွင် နာမည်ဆန်းပြီး ခြောက်လှန့် မှုကြမ်းသော နေရာအတော်များများ ရှိကြရာမှ ထိုအထဲတွင် နှစ်နေရာကတော့ လူသိများသော နေရာဖြစ်သည်။ ထိုနေရာ နှစ်ခုမှာ 'ငိုသံကြားတောင်ကြား'နှင့် 'မိစ္ဆာရုပ်တုကုန်း'တို့ပင် ဖြစ် ကြသည်။

ငိုသံကြားတောင်ကြားနှင့် ပတ်သက်သည့် ထိတ်လန့် စရာကောင်းသော အဖြစ်အပျက် အတော်များများ ရှိသည်။ ၎င်းတို့မှ တစ်ခုကို ဖော်ပြပေးပါမည်။

တစ်နေ့သ၌ နေဝင်ကာနီး အချိန်ရောက်တော့မှ ငိုသံ ကြားတောင်ကြားနှင့် မဝေးလှသောနေရာသို့ လူရွယ်သုံးယောက် တို့ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်းတို့သုံးယောက်မှာ ကမ်းခြေနှင့်နီးသော တောင်ညို ရွာဘက်မှဖြစ်ကြသည့် နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံး ယောက်ဖြစ်ကြသည်။

ထိုသုံးယောက်မှာ သွေးသားမတော်ကြသော်လည်း သွားအတူ၊ လာအတူ အလုပ်လုပ်တော့လည်း အတူတူပင် ဖြစ် ကြသည်။ သုံးယောက်စလုံး အသက်(၂၅)နှစ် ဝန်းကျင်ရှိကြပြီး လူပျိုလူလွတ်များ ဖြစ်သည်။

စောထီးက ကရင်လူမျိုးဖြစ်ပြီး ငမဲအောင်က ရခိုင်လူ မျိုးဖြစ်သည်။ သုံးယောက်စလုံး တောင်ညိုရွာမှာ နေကြပြီး တော တက်ကြတော့လည်း အတူတူပင်ဖြစ်သည်။

ဂုဏ်းတို့နေသော တောင်ညိုရွာမှာ ရိုးမတောင်ခြေရှိ သစ်တောများနှင့် နီးသလို ပင်လယ်ကမ်းခြေနှင့်လည်း မဝေးလှ သဖြင့် ဝမ်းစာအတွက် အလုပ်လုပ်ကိုင် စားသောက်ရန်အတွက် အလုပ်မရှားလှပေ။

ယခုလည်း သုံးယောက်သား သစ်တောစခန်းတစ်ခုမှ ပြန်လာကြစဉ် နေဝင်ကာနီး ရောက်တော့မှ ငိုသံကြားတောင် ကြားနှင့် မဝေးလှသည့်နေရာသို့ ရောက်လာကြခြင်း ဖြစ်ပေ သည်။

“နီမောင် ရွာနဲ့ဝေးသေးတယ်၊ ငါတို့ တစ်ခါတည်း သွားမလား၊ တစ်နေရာမှာ နားကြဦးမလား”

“ဒီအချိန်မှတော့ တောထဲမှာ သွားလာလို့မကောင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး၊ တစ်နေရာမှာ ဝင်နားပြီး မနက်လင်းတော့မှ သွားကြရင် ပိုကောင်းမယ်"

နီမောင်ကပြောတော့ ကျန်နှစ်ယောက်ကလည်း သဘောတူကြသည်။ သို့သော် စောထီးက ပြောသည်။

"ဒီနေရာမှာ နားလို့သင့်ပါ့မလား၊ ငိုသံကြားတောင်ကြားနဲ့ သိပ်မဝေးလှဘူး"

"ဖြစ်ပါတယ်၊ သူတို့လာပြီး နှောက်ယှက်တော့လည်း မေတ္တာပို့ အမျှပေးဝေလိုက်ကြတာပေါ့"

သို့ကြောင့် သုံးယောက်သား သင့်တော်သောနေရာတစ်နေရာတွင် ဝင်ရောက်စခန်းချကြသည်။ ထိုနေရာတစ်ဝိုက်တွင် ဂူပေါက်မရှိသဖြင့် ဝါးပင်များခုတ်၍ ဝါးတဲများထိုးပြီး နေကြသည်။ တဲထိုးပြီး စားသောက်ရန်အတွက် ပြင်ဆင်နေကြစဉ် တစ်နေရာမှ ကြေးစည်သံကို အရင်ကြားရသည်။

"နောင်ဝေဝေ. . .၊ နောင်ဝေဝေ. ."

ကြေးစည်သံ ကြားရပြီး နောက်မှာတော့ လူသံသူသံများကြားရသည်။ နောက်တော့ ခြေသံများပါကြားရပြီး ဝါးတောများရှိသော နေရာဘက်မှ လူတစ်စု ထွက်လာသည်ကို လှမ်းမြင်ရသည်။ သူတို့ရှိနေသောနေရာနှင့် မဝေးလှပေ။

မြင်ကွင်းက မကောင်းလှပေ။

မည်သည့်ရွာကမှန်း မသိသောလူတစ်စု အသုဘချလာကြခြင်း ဖြစ်ပေသည်။ အချို့က မီးတုတ်များ ကိုင်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကန်တော့ပွဲ ရွက်သူကရွက်၊ ကြေးစည်ထုသူကထု၊ ခေါင်းတလားကို ကြိုးဖြင့်ဆိုင်းကာ ရှေ့နောက်ထမ်းသူက ထမ်းလာကြသည်။

နောက်မှပါလာသော အသုဘပို့သူများထဲမှ အမျိုးသမီးတစ်ယောက်ကတော့ ဖြစ်ကြောင်းကုန်စင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောဆိုပြီး ငိုကြွေးလာလေသည်။

"အမယ်လေး အဖြစ်ဆိုးလိုက်တာ သမီးလေးရဲ့၊ ဘယ်လိုလူမျိုးတွေက ရက်စက်ယုတ်မာလို့ ဒီလိုအဖြစ်မျိုးနဲ့ ကြုံရတာလည်းကွယ့်"

ဟု ပြောဆိုငိုကြွေးလာလေသည်။

နီမောင်တို့ သုံးယောက်မှာ တဲအတွင်း၌ ထိုင်နေကြရင်းမှ စိတ်မကောင်းစရာကောင်းသောမြင်ကွင်းကို လှမ်းကြည့်နေကြလေသည်။

ငိုသံကြားတောင်ကြားနှင့်နီးသော ပတ်ဝန်းကျင်တစ်ဝိုက်တွင် နေကြသည့် ရွာများရှိသည်။ ထိုရွာများ၌ နေကြသူများသေဆုံးသည့်အခါ အများအားဖြင့်တော့ ငိုသံကြားတောင်ကြားတစ်ဝိုက်တွင် လာရောက်မြှုပ်နှံလေ့ရှိကြသည်။

ယခုလည်း အချိန်မရှိမှ အသုဘချရန် ရောက်လာကြသူတို့မှာလည်း ထိုအနီးအနားမှာ ရှိကြသည့် ရွာများမှပင်ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ အသုဘချသူများက တောင်ကြား အတွင်းသို့ ဆင်းသွားကြသဖြင့် မမြင်ရတော့ပေ။

သို့သော် ငိုသံများကတော့ ကြားနေရဆဲပင်. .

"အောင်မယ်လေး သမီးရဲ့၊ ဘယ်လိုအဖြစ်မျိုးကြောင့် ဒီလိုအဖြစ်ဆိုးနဲ့ ကြုံရတာလည်းကွယ့်၊ ဘယ်လိုလူယုတ်မာတွေ လက်ချက်ကြောင့် အခုလိုသေရတဲ့အထိ ဖြစ်ရတာလည်းကွယ်"

ဟူသော မိန်းမတစ်ယောက်၏ ငိုကြွေးသံများကတော့ သူတို့ရှိနေသော နေရာဘက်မှ ကြားနေရသေးသည်။

နောက်တော့ အသံများ မကြားရတော့ပဲ ငြိမ်သက်သွား လေသည်။

နီမောင်တို့ သုံးယောက်လည်း အချိန်မရှိတော့သဖြင့် မီးမွှေးပြီး စားသောက်စရာများကို ချက်ပြုတ်ကြသည်။ တဖြည်း ဖြည်းနှင့် အချိန်ကလည်း နေဝင်ချိန်သို့ ရောက်လာလေသည်။

အတန်ကြာသောအခါမှာတော့ တောင်ကြားဘက်မှ ငိုသံလိုလို အသံကြားရပြန်သည်။ ဒီတစ်ခါ ကြားရသော အသံ ကတော့ အသက်ကြီးကြီး အမျိုးသမီးငိုသံမျိုး မဟုတ်တော့ပဲ အသက်ငယ်ရွယ်သော အမျိုးသမီးတစ်ယောက် ငိုနေသော အ သံမျိုး ဖြစ်သည်။

"နီမောင် ငိုသံကြားရပြန်ပြီ"

"သုသာန်ရှိတဲ့နေရာမှာ ငိုသံကြားတာ ဆန်းသလား၊ စောစောက အသုဘချတဲ့လူတွေ မပြန်ကြသေးတာဖြစ်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က အစားစားနေရာမှ ပြန်ပြောလိုက်သဖြင့် ကျန်နှစ်ယောက်လည်း ဘာမှပြန်မပြောကြတော့ပေ။

သုံးယောက်သား ချက်ပြုတ်ထားသော အစားအသောက်များကို စားသောက်နေကြစဉ် ငိုသံက တဖြည်းဖြည်းနီးလာသကဲ့သို့ ရှိလေသည်။

အချိန်ကလည်း နေဝင်ရီတရောအချိန် ရောက်လာပြီဖြစ်သဖြင့် တောထဲတွင် အလင်းရောင်ပျောက်စပြုလာပြီး အမှောင်ရိပ်များ ဖုံးလာလေသည်။

ခဏကြာတော့ ငိုသံက သူတို့ရှိနေသောတဲနှင့် မနီးမဝေးနေရာအထိ ရောက်လာသည်။ သို့ကြောင့် စားလက်စ အစားအသောက်များကို ရပ်ပြီး လှမ်းကြည့်လိုက်ကြသည်။

သူတို့တဲထိုးထားသောနေရာနှင့် မနီးမဝေးတွင် ဝါးရုံတောများရှိသည်။

ကြည့်နေရင်းမှ ဝါးရုံတောအတွင်းမှ မိန်းကလေးတစ်ယောက်တိုးထွက်လာသည်။

အကျီအဝတ်အစားများက စုတ်ပြဲနေပြီး ဆံပင်များကလည်း ဖားလျားကျနေသည်။ ရုပ်ရည်သနားကမားရှိပြီး အသက်နှစ်ဆယ်ကျော်လောက်သာ ရှိပေသေးသည်။

ဝါးရုံတောအတွင်းမှ ထွက်လာသောအမျိုးသမီးက တဲနှင့်မနီးမဝေးနေရာရောက်တော့ ရပ်လိုက်သည်။

"နင် ဘယ်သူလဲ၊ ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည် ခင်မှုံလို့ခေါ်ပါတယ်၊ အမေတို့က ကျွန်မကို ဒီနေရာမှာ လာမြှုပ်ထားလို့ ထလာတာပါ"

"ဘယ်တုန်းက မြှုပ်ထားတာလဲ"

"စောစောကမှ လာမြှုပ်သွားကြတာပါ။ ကျွန်မ တကယ်မသေဘဲ မေ့မြောနေတာပါ"

ထိုသို့ပြောတော့ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကတော့ ထိုစကား ကြားကတည်းက သနားသဖြင့်တဲအတွင်းသို့ ခေါ်သွင်းချင်နေကြပြီ။

သို့သော် နီမောင်က ဘာမှမပြောသဖြင့် ငြိမ်နေကြရသည်။

"နင်အခု ဘာလုပ်မှာလဲ"

"စားစရာရှိရင် နည်းနည်းကျွေးပါ အစ်ကိုတို့ရယ်"

သို့ကြောင့် စားစရာအချို့ကို ပန်းကန်ဖြင့်ထည့်ပြီး ထည့်ပေးသော်လည်း လာမယူပေ။

"ဖက်နဲ့ထုပ်ပြီးသာ ပစ်ပေးလိုက်ပါ၊ အထဲကို မဝင်ဝံ့လို့ပါ"

"ဘာဖြစ်လို့ မဝင်ဝံ့တာလဲ"

"ယောက်ျားတွေကို ကြောက်လို့ပါ"

"ဘာကြောင့် ကြောက်တယ်ဆိုတာလည်း ပြောဦးလေ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး နီမောင်က ထမင်းထုပ်ကို လှမ်းပစ်ပေးလိုက်တော့ ကောက်ယူပြီး စားနေသည်။

"ကဲ. . စားရင်းသောက်ရင်းနဲ့ နင့်အကြောင်းကိုလည်း ပြောပြပါဦး"

ထိုသို့ပြောလိုက်သဖြင့် ထမင်းစားနေရင်းနှင့်ပင် ပြောပြလေသည်။

"ကျွန်မက ချောင်းဝရွာမှာ နေပါတယ်ရှင်၊ တစ်နေ့တော့ တောထဲသွားရင်း အပမှီခံရလို့ ဆေးဆရာတစ်ယောက်နဲ့ ခေါ်ပြီး ကုပါတယ်၊ ဒါပေမယ့် သူပြန်သွားပြီးတဲ့နောက်မှာ သူရှိတဲ့နေရာကို မသွားဘဲ မနေနိုင်လောက်အောင် ဖြစ်တော့တာပါပဲ"

ထိုစကားကြားတော့ နီမောင်တို့ သုံးယောက်လည်း အတော်ပင် စိတ်ဝင်စားသွားကြသည်။

"မသွားဖြစ်အောင် စိတ်ကိုချုပ်တည်းခဲ့ပါသေးတယ်၊ ဒါပေမယ့် မရဘူးရှင့်၊ ညအချိန်ရောက်လာရင် လိပ်ပြာနက်ကြီးတစ်ကောင် ရောက်လာပြီး ကိုယ်ပေါ်မှာပျံဝဲနေတာ တွေ့ရတယ်၊ အဲဒီလိပ်ပြာနက်ကြီးဆီက ဆေးမှုန့်တွေကျလာတာ တွေ့ရပြီးတဲ့နောက်မှာ ကျွန်မအိပ်ပျော်သလိုဖြစ်သွားတယ်"

"ဆက်ပြောပါဦး"

"အဲဒီလိုဖြစ်သွားပြီးနောက်တော့ သတိပြန်ရလာတော့ ကျွန်မ သူတို့နေရာ ရောက်နေတာ တွေ့ရတော့တာပဲ၊ ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



အပျိုဘဝလည်း အဲဒီမှာစွန့်လွှတ်ခဲ့ရတယ်၊ ဘာကြောင့်လည်း မသိပါဘူး၊ ကိုယ်မသိတဲ့လူတွေ ဖြစ်ပေမယ့် ကျွန်မကိုယ်တိုင်က ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုပေးခဲ့တယ်ဆိုတာ နောက်မှ သိရတော့တယ်"

"အဲဒါဘယ်သူတွေလဲ"

"မပြောပါရစေနဲ့ရှင်. . ပြောလည်းမပြောဝံ့ပါဘူး၊ တကယ်လို့ ပြောမိရင် လိပ်ပြာနက်ကြီး ရောက်လာပြီး ကျွန်မကို သတ်သွားလိမ့်မယ်"

ထိုသို့ပြောရင်းနှင့် စားသောက်ခြင်းက ပြီးသွားသဖြင့် နေရာမှ ပြန်ထရင်း ဆက်ပြောသည်။

"နောက်တော့ ကျွန်မကို ရွာပြန်ပို့ပေးကြတယ်၊ ဘယ်လိုပြန်ရောက်လာမှန်းတောင် မသိပါဘူး၊ လအတော်ကြာတော့မှ ကျွန်မမှာကိုယ်ဝန်ပါလာမှန်း သိရတော့တယ်၊ ကျွန်မလည်း မိဘ မောင်ဘွားတွေကို မျက်နှာမပြရဲတော့တာနဲ့ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကို သတ်သေလိုက်တာနဲ့ အခုလို ဒီနေရာ ရောက်ခဲ့ရတာပါပဲရှင်"

ထိုသို့ပြောဆိုပြီးနောက် ဝါးရုံတောအတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

ထိုအခြေအနေကို တွေ့မြင်တော့မှ စောထီးနှင့်ငမဲ အောင်တို့နှစ်ယောက်မှာ သဘောပေါက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က လူမှတ်လို့ သနားနေကြတာ၊ လက်စသပ် တော့ သရဲလာခြောက်နေတာကိုး"

"သရဲခြောက်တယ်ဆိုပေမယ့် သူ့ဘဝက သနားစရာပါ ပဲကွာ၊ ဒီလိုသိရတော့လည်း စိတ်မကောင်းစရာပါပဲ"

"ငါ တစ်ခုတော့ တွေးမိတယ်၊ စောစောက ခင်မှုံဆိုတဲ့ မိန်းကလေး ပြောသွားသလိုပဲ၊ ဒီနယ်တကြောမှာ လက်သည် မပေါ်ပဲ မိန်းကလေးတွေ အဖျက်ဆီးခံနေရတဲ့သတင်းတွေ မကြာခဏကြားနေရတယ်၊ ဘယ်သူများ ယုတ်မာနေတာလည်း မသိဘူး"

နီမောင်ကပြောသောအခါ ကျန်နှစ်ယောက်ကပါ စား သောက်ရင်းနှင့် တွေးတောနေကြလေသည်။


သို့သော်လည်း လောလောဆယ် အခြေအနေမှာတော့ သူတို့အနေနှင့် ထိုအကြောင်းများကို မသိနိုင်ကြသေးပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

**ရှေး**အခါက ငိုသံကြားတောင်ကြားနှင့် မဝေးလှသောနေရာတွင် တောင်ကုန်းတစ်ကုန်းရှိသည်။ ထိုတောင်ကုန်းပေါ်တွင် ပြိုပျက်နေသော နတ်စင်ဟောင်းတစ်စင်ရှိသည်။

ထိုနတ်စင်ဟောင်းမှာ ကျွန်းတိုင်ကျွန်းသားများဖြင့် ထောက်ထားသောကြောင့် နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း ယခုထိ ရှိနေခြင်းဖြစ်၏။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုနတ်စင်ပေါ်တွင် နတ်ရုပ်တစ်ရုပ်ရှိသည်။

ခါးတစ်ဖက် လှံတစ်ဖက်ကိုင်လျက် ရပ်နေသော ရုပ်တု ဖြစ်သည်။ နှစ်ကြာပြီဖြစ်သဖြင့် ကျိုးပဲ့ပျက်စီးနေပြီး မည်သည့် နတ်ရုပ်အမျိုးအစားဖြစ်မည်မှန်း သေသေချာချာ မသိကြရသော်လည်း တောတက်သူများကတော့ ထိုနေရာသို့ ရောက်လာသည်နှင့် နတ်ရုပ်ကြီးရှိသောနေရာသို့ဝင်ပြီး ပါလာသော စားသောက်စရာများတင်ကာ ပူဇော်ပသကြသည်။

ဘေးအန္တရာယ်များကင်းဝေးစေရန် ဆုတောင်းသမှု ပြုပြီးမှ လိုသောနေရာသို့ သွားကြလေသည်။

နတ်ရုပ်ကြီးမှာ ယခင်ကတော့ တင့်တယ်မှု ရှိခဲ့ဟန်တူသော်လည်း ယခုနောက်ပိုင်းမှာတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသဖြင့် ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်မျိုး ဖြစ်နေတော့သည်။

ထိုနတ်ရုပ်ကြီးရှိသော ကုန်းကိုတော့ နတ်စင်ကုန်းဟု ပင် အလွယ်တကူ ခေါ်ဝေါ်ကြသည်။

အချို့ အခြားနေရာမှရောက်လာသော တောတက်သမားများကတော့ ထိုနတ်ရုပ်ကြီးကို မြင်သောအခါ သိလိုသဖြင့် လူကြီးများကို မေးမြန်းကြသည်။

"ဒါ ဘာနတ်ရုပ်ကြီး ဖြစ်မလဲအဘ"

"တောထဲမှာရှိမှတော့ တောပိုင်ကြီးရုပ်တုပဲ ဖြစ်မှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတောတွေကို တောအုပ်တောခေါင်းတွေက ပိုင်တာ မဟုတ်ဘူးလား"

"မင်းတို့ တယ်ခက်သကိုး"

"မသိလို့ မေးပါရစေအဘ၊ အဘပြောသလို တောထဲမှာ တွေ့လို့ တောပိုင်ကြီးရုပ်တု ဖြစ်နိုင်တယ်ဆိုရင် တောင်ကုန်းပေါ် မှာရှိနေတဲ့အတွက် တောင်ပိုင်ကြီးရုပ်တုရော မဖြစ်နိုင်ဘူးလား ဟင်"

ထိုသို့မေးလိုက်သောအခါ အဘိုးကြီးက ဘာမှပြန်မ ပြောရသေးခင်မှာ နတ်စင်နောက်ဘက်မှ ကျားဟိန်းသံကြီး ပေါ် ထွက်လာသည်။

"ဝေါင်း. . ."

ကြည့်လိုက်တော့ သစ်ပင်များကြားမှ တိုးထွက်လာ သော ကျားတစ်ကောင်၏ ဦးခေါင်းပိုင်းကြီးကို တွေ့လိုက်ကြရ သဖြင့် လူတစ်စုလည်း ထွေထွေထူးထူး စဉ်းစားမနေဝံ့ကြတော့ ဘဲ ထိုနေရာမှ ထွက်ပြေးကြရလေသည်။

တစ်နေ့တော့ ထိုနတ်ရုပ်ကြီး ရှိသောနေရာသို့ လူသုံး ယောက် ရောက်လာသည်။

မြွေဆရာ သံပချိုင်နှင့် တပည့်နှစ်ယောက်တို့ ဖြစ်ကြ သည်။ ၎င်း၏ တပည့်နှစ်ယောက်မှာ သန်းရွှေနှင့် မှတ်ကြီးတို့ ဖြစ်ကြပြီး ကျတ်ကုန်းရွာမှ ဖြစ်ကြသည်။

သံပချိုင်မှာ အသက်ငါးဆယ်ကျော်လောက်သာရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



မြေဆိပ်ကို ကောင်းစွာနိုင်သူဖြစ်သောကြောင့် အဆိပ်ပြင်းသော မြွေများကို ဖမ်းဆီးပြီး ရောင်းချသည်။

မြွေကိုက်ခံရသော လူနာများရှိလျှင်လည်း လိုက်လံကုသပေးသည်။

မြွေကိုက်သောလူနာကို ဆေးကုရသည်မှာ အခြားလူနာများနှင့် မတူပေ။ မြွေထိခံရသောလူနာမှာ အမှောင့်ပယောဂများ ပူကပ်ခြင်းခံရသည်က များသဖြင့် ဆေးကုရတာ ခက်ခဲသည်။ ထို့ကြောင့် မြွေဆရာများသည် ပယောဂကို နိုင်နင်းဖို့များစွာအရေးကြီးပေသည်။

သံပချိုင်က မြွေဆေးကောင်းကောင်း ရှိသည့်အပြင် အမှောင့်ပယောဂတို့ကိုပါနိုင်သော ဆရာတစ်ဦးဖြစ်သည်။

၎င်းတို့သုံးယောက်သည် နတ်စင်ကုန်းမှ နတ်ရုပ်ကြီးရှိသောနေရာသို့ ရောက်လာကြပြီး ပါလာသော အရက်ထမင်းဟင်းများကို နတ်စင်ပေါ်တင်၍ ဆုတောင်းမှုများ ပြုလုပ်နေကြသည်။

"အရှင်ကြီး. . . ကျွန်တော်တို့ ပူဇော်ပသသော စားသောက်စရာများကို စားသောက်ပါ၊ ဒီကနေ့ တောထဲရောက်တဲ့အခါ မြွေရအောင်လည်း ပေးပါ၊ ဘေးဥပါဒ်ကင်းအောင်လည်း ကာကွယ်စောင့်ရှောက်ပေးပါ"

ထိုကဲ့သို့ ရွတ်ဆိုခြင်း၊ ပူဇော်ခြင်းများ ပြုလုပ်ပြီးတော့မှ တောတွင်းသို့ ဝင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ဘက်ရောက်တော့ ပန်းတောရွာဘက်မှ လူနှစ်ယောက် ရောက်လာကြပြန်သည်။

အသက်(၂၅)နှစ်ကျော် အရွယ်ခန့်ရှိသော လူရွယ်တစ်ယောက်နှင့် အသက်(၂၀)ကျော်လောက်သာရှိသေးသော မိန်းမပျိုတစ်ယောက်တို့ ဖြစ်ကြသည်။

လူရွယ်၏အမည်မှာ မောင်ထွန်းလူဖြစ်ပြီး မိန်းမပျိုအမည် မပိုးဖြူဖြစ်သည်။

၎င်းတို့နှစ်ယောက်မှာ ချစ်သူဘဝသို့ ရောက်ကြသည်မှာ မကြာလှသေးပေ။ ယခုလည်း တောထဲသို့ အဖော်များနှင့် မျှစ်ချိုးမှိုရှာထွက်လာရင်းမှ နတ်ရုပ်ကြီးရှိရာဘက်သို့ နှစ်ယောက်တည်း ထွက်လာကြခြင်း ဖြစ်သည်။

ထိုနေရာရောက်တော့ မပိုးဖြူမှာ အတော်ပင် ကြောက်ရွံ့ထိတ်လန့်နေလေသည်။

"အစ်ကိုကလည်း ဒီနေရာမှ ခေါ်လာတယ်၊ ကြောက်စရာကောင်းလိုက်တာ"

ဟု လေသံတိုးတိုးဖြင့် ပြောသည်။

"ဒါ. . တောစောင့်နတ်ကြီးပါ ပိုးဖြူရဲ့၊ ကြောက်စရာမဟုတ်ပါဘူး"

"ဘာကြောင့် ဒီနေရာကို ခေါ်လာတာလဲ"

"ဒီနတ်ရုပ်ကြီးက ဆုတောင်းရင် ပြည့်တယ်လို့ ပြောသံကြားတယ်၊ ငါတို့နှစ်ယောက် ဒီရုပ်တုရှေ့မှာ ဆုတောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ"

"ဟင်. . ကြောက်စရာကြီး၊ ဘယ်လိုဆုတောင်းမှာလဲ"

"တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားကြဖို့ ဆုတောင်းမှာလေ"

ထိုသို့ဖြောင်းဖျပြောဆိုပြီးနောက် နှစ်ယောက်သား နတ်ရုပ်ကြီးရှေ့၌ထိုင်ကာ ဆုတောင်းသမှု ပြုကြလေသည်။

နှစ်ယောက်သား တောထဲတွင် အချိန်အတော်ကြာအောင် နေခဲ့ကြပြီးမှ ပြန်သွားကြလေသည်။

နောက်ထပ် လအနည်းငယ် ကြာသောအခါမှာတော့ သတင်းဆိုးတစ်ခု ထွက်လာလေသည်။ အခြားတော့ မဟုတ်ပေ။ ပိုးဖြူတစ်ယောက် ကိုယ်ဝန်ရှိနေပြီဆိုသော သတင်းဖြစ်သည်။ ထိုသတင်းကို ပိုးဖြူသူငယ်ချင်း မိနှင်းက လာရောက်ပြောကြခြင်း ဖြစ်သည်။

"ကိုထွန်းလူကို ဝမ်းသာစရာ ပြောရဦးမယ်"

"ဘာလဲဟ"

"ဟို. . ဟိုလေ၊ အခု ပိုးဖြူမှာ ကိုယ်ဝန်ရနေပြီတဲ့"

"ဟင်. ."

ထိုစကားကြားတော့ ထွန်းလူမှာ ဦးခေါင်းကို မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ မျက်လုံးပြူးသွားလေသည်။

"ဟုတ်. . ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်၊ သူကိုယ်တိုင် ပြောလိုက်တာပဲ၊ ဘာအခု



www.burmeseclassic.com

www.burmeseclassic.com



မှ မသိချင်ယောင်ဆောင်နေတာလဲ၊ လူမသိခင် မြန်မြန်တောင်း ရမ်းယူဖို့သာ ပြင်ပေတော့"

ဟုပြောပြီး ပြန်သွားလေသည်။

ထိုသတင်းကြားကတည်းက ထွန်းလူတစ်ယောက် မရှူနိုင်မကယ်နိုင် ဖြစ်နေလေသည်။ ပိုးဖြူ၌ အမှန်တကယ် ကိုယ်ဝန်ရှိနေပြီဆိုလျှင် သူနှင့်မပတ်သက်သည်ကိုတော့ သူ ကိုယ်တိုင် အသိဆုံးဖြစ်သည်။

သို့ကြောင့် ပိုးဖြူနှင့် ချိန်းတွေ့ပြီး မေးမြန်းရလေသည်။

ပိုးဖြူကတော့ တွေ့ကတည်းက တရှုံ့ရှုံ့ ငိုနေလေတော့သည်။

"ငါ နင့်ကို ခွင့်လွှတ်ပေးနိုင်ပါတယ်၊ ဘယ်သူနဲ့ မှားခဲ့တယ်ဆိုတာသာ ပြောပါ၊ ငါ နောက်ဆုတ်ပေးပါ့မယ်"

"ကျွန်မ ဘာမှမသိပါဘူး အစ်ကိုရယ်၊ ကိုယ်ဝန်ရှိတော့မှသာ သိရတာပါ"

ထိုစကားကိုတော့ ထွန်းလူက လုံးဝမယုံပေ။

"ငါတို့နှစ်ယောက် တောထဲမှာတွေ့ပြီး နင်တစ်ယောက်တည်း ပြန်သွားတော့ ဘယ်သူတွေနဲ့ တွေ့သေးလဲ"

ထိုသို့မေးတော့ ပိုးဖြူက အတော်ကြာအောင် စဉ်းစားပြီးမှ ပြန်ပြောသည်။

"ကျွတ်ကုန်းရွာဘက်က မြွေဖမ်းထွက်လာတဲ့ လူသုံးယောက်ကိုတော့ တွေ့လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ထွန်းလူက စိတ်ထင်ရာများကို တွေး တောနေသည်။ ပိုးဖြူက ဆက်ပြောပြသည်။

"တောထဲက အိမ်ပြန်ရောက်တော့ ကျွန်မ နေမကောင်း ဖြစ်လို့ ဆေးဆရာနဲ့တောင် ခေါ်ကုခဲ့ရသေးတယ်"

"ဘယ်က ဆေးဆရာလဲ"

"ကျွန်းညီနောင်ရွာက ဆေးဆရာကြီးပါ၊ နာမည်က ဦး သူတော်ပါ"

ထွန်းလူက ဘာမှပြန်မပြောတော့ပဲ အတော်ကြာ အောင် စဉ်းစားနေသည်။

"ကျွန်မကို ခွင့်လွှတ်ပေးပါ၊ အစ်ကို့အပေါ်မှာ သစ္စာ ပျက်တာလည်း မဟုတ်ပါဘူး၊ ကျွန်မ ဘယ်သူ့ကိုမှလည်း စိတ်မ ဝင်စားပါဘူး"

"ဒါ. . ဒါပေမယ့်"

"အမှန်ပြောရရင်. .၊ ဒီလိုကိုယ်ဝန်ရှိတဲ့ အဖြစ်မျိုးကို ဘယ်တော့မှ အရောက်မခံပါဘူး၊ ဒါပေမယ့် ဘယ်လိုကြောင့် ဒီလို. ."

"တော်ပါတော့ပိုးဖြူရယ်၊ ငါ ဆက်ပြီး မကြားပါရစေနဲ့ တော့. . တော်ပါတော့"

ပိုးဖြူက မျက်ရည်သုပ်ရင်း မျက်နှာကို လက်ဝါးနဲ့အုပ် ကာ ငိုနေလေသည်။

"ငါ နင့်ကို ခွင့်လွှတ်ပေးနိုင်ပါတယ်၊ ဒါပေမယ့် နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာသွားခဲ့တဲ့လူကိုတော့ ငါသိချင်တယ်"

ထိုသို့ပြောတော့လည်း ပိုးဖြူမှာ ဘာမှပြန်မပြောနိုင်ရှာပေ။ အတန်ကြာတော့ ထွန်းလူက ပြောသည်။

"နင် ငါ့ကို တကယ်မေတ္တာရှိတယ်၊ ငါ့အပေါ်မှာလည်း တကယ်သစ္စာရှိရက်နဲ့ နင့်စိတ်ကမပါပဲ ဒီလိုအဖြစ်မျိုး ရောက်ရတယ်ဆိုတာ သစ္စာပြုဝံ့သလား"

ပိုးဖြူက မျက်ရည်သုပ်ရင်း ခေါင်းညိတ်ပြလေသည်။

"ဒါဖြင့် ငါတို့နှစ်ယောက် တစ်ခါက ချိန်းတွေ့ခဲ့ကြတဲ့ နတ်စင်ကုန်းက နတ်ရုပ်ကြီးရှေ့မှာသွားပြီး သစ္စာပြုကြမယ်"

ထိုသို့ပြောသောအခါ ပိုးဖြူမှာ စိတ်ထဲမှ ကြောက်ရွံ့မိသော်လည်း သူမအနေဖြင့် တခြားရွေးချယ်စရာ မရှိတော့သဖြင့် ထွန်းလူခေါ်ရာနောက်သို့ လိုက်သွားရပေတော့သည်။

ထွန်းလူထံမှာတော့ မြနေအောင်သွေးထားသော တောခုတ်ဓားတစ်လက် ပါလာလေသည်။

တောထဲရောက်၍ နတ်စင်ကုန်းသို့ ရောက်သောအချိန်မှာ နေ့လည်ပိုင်း အချိန်ဖြစ်သည်။ သို့သော် မိုးရိပ်များ တက်နေသောကြောင့် အလင်းရောင်မရှိပဲ မှောင်နေသည်။

နတ်စင်ရှေ့ရောက်တော့ ထွန်းလူက နောက်မှရပ်နေပြီး ပိုးဖြူကို ရှေ့မှာထိုင်ခိုင်းကာ သစ္စာပြုစေသည်။

ပိုးဖြူကတော့ ထွန်းလူ အကြံအစည်ကို မရိပ်မိသဖြင့် နတ်စင်ရှေ့၌ ကျုံ့ကျုံ့လေးထိုင်ကာ တိုင်တည်၍တိုနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

နတ်ရုပ်ကြီးကို ကန်တော့ပြီး ပြန်ထလိုက်သောအခါ ထွန်းလူက သူမဆံပင်ရှည်တို့ကို လက်တစ်ဖက်ဖြင့် ရစ်ကိုင်လိုက်သည်။ ထိုအခိုက်အတန့်တွင် ထွန်းလူမှာ သာမန်စိတ်မျိုး မရှိတော့ပေ။

"ငါက နင့်အပေါ်မှာ သစ္စာရှိတယ်၊ နင်က ငါ့အပေါ်မှာ သစ္စာမရှိဘူး၊ ကိုယ်မှာရှိတဲ့ ကိုယ်ဝန်ကိုတောင် ဘယ်သူနဲ့ရမှန်း မသိဘူးလို့ ငါ့ကို ညာပြောတယ်၊ ဒီတော့ နင့်လို သစ္စာမဲ့တဲ့သူ မျိုးကို အရှင်မထားတော့ဘူး"

ထိုသို့ လေသံတစ်မျိုးဖြင့် ပြောသောအခါ ပိုးဖြူမှာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အမျိုးမျိုး တောင်းပန်ပြောဆိုသော်လည်း မရတော့ပေ။

ထွန်းလူက အသင့်ယူဆောင်လာသောဓားဖြင့် လည်ပင်းကို ဖြတ်ချလိုက်လေတော့သည်။

လည်ပင်းပြတ်သွားသည်နှင့် သွေးများက ပန်းထွက်လာလေသည်။ ခန္ဓာကိုယ်နှင့် အိုးစားကွဲသွားသော ဦးခေါင်းကတော့ မျက်လုံးပွင့်နေလျက်သားပင် ရှိသေးပြီး ထွန်းလူကို ကြည့်နေလေသည်။

ဒီတော့မှ ထွန်းလူမှာ မူလစိတ်အခြေအနေ ပြန်ရောက်လာပြီး ကြည့်လိုက်တော့ ပိုးဖြူခမျာ သွေးအိုင်ထဲမှာ ခေါင်းတခြား ကိုယ်တစ်ခြားဖြစ်ကာ သေဆုံးနေသည်ကို တွေ့ရတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ငါ ဘယ်လိုဖြစ်သွားတာလဲ၊ လက်လွှန်သွားလို့ ပိုးဖြူ တော့သေပြီ၊ မထူးတော့ပါဘူး လူသူမသိအောင် တစ်နေရာမှာ မြှုပ်ထားခဲ့မှ ဖြစ်တော့မယ်"

ဟု တွေးတောကာ နတ်စင်ကုန်းတစ်နေရာ၌ ပိုးဖြူအလောင်းကို မြှုပ်နှံထားခဲ့ပြီး ပြန်သွားလေတော့သည်။

ထိုအချိန်မှာ မိုးကရွာချလာသည်။ ထွန်းလူမှာ မားကိုကိုင်ပြီး စိတ်ထဲမှ ကြောက်ရွံ့စွာဖြင့် ပြန်လာရာ နောက်မှလိုက်လာသောခြေသံကို အရင်ကြားရသည်။

နောက်တော့ ခေါ်သံကြားရသည်။

"ကိုထွန်းလူရေ၊ ကျွန်မကို တစ်ယောက်တည်း မထားခဲ့နဲ့လေ၊ လာခေါ်ပါ"

"ဟင်. ."

ကြားရသောအသံမှာ ပိုးဖြူအသံပင် ဖြစ်လေသည်။

မရှေးမနှောင်းမှာပင် နောက်မှ ခြေသံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဦးခေါင်းပြတ်ကို လည်ပင်းပေါ်မှာ ပြန်တပ်ရင်း နောက်မှလိုက်လာသော ပိုးဖြူကို မြင်ရသဖြင့် ထွက်ပြေးလေသည်။

ထိုအချိန်မှာ မိုးက ရွာချလာသောကြောင့် တောထဲမှာ လမ်းပျောက်သကဲ့သို့ ဖြစ်နေလေသည်။

နောက်ဆုံးတော့ နတ်စင်ကုန်းတစ်ဝိုက်သို့ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com


နေပေတော့သည်။ ပြေးရင်းလွှားရင်းနှင့်ပင် မျက်စိလည်နေတော့သည်။ နောက်မှလိုက်လာသော ခြေသံနှင့် ခေါ်သံများကလည်း တဖြည်းဖြည်းနီးလာသည်။

"ကိုထွန်းလူရေ၊ ကျွန်မကို တစ်ယောက်တည်း မထားခဲ့နဲ့လေ၊ နတ်စင်ကုန်းက နတ်ရုပ်ကြီးရှေ့မှာ ထွစ်သက်လုံး သေအတူ ရှင်မကွာ၊ အတူတူနေပါ့မယ်လို့ သစ္စာပြုထားခဲ့တာကို မေ့သွားပြီလား၊ ကျွန်မဆီကို လာခဲ့ပါ၊ ကျွန်မနဲ့ပဲ အတူတူလာနေပါ"

ဟူသော အသံများကို အဆက်မပြတ် ကြားနေရသည်။

"ဘယ်လိုလုပ်ရမလဲ၊ ငါတော့ သူ့လက်က မလွတ်တော့ဘူးထင်တယ်"

ထိုကဲ့သို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် တွေးရင်း နောက်ဆုံးဘယ်လိုမှ စိတ်မထိန်းနိုင်တော့သဖြင့် ပါလာသော ဓားနှင့်ပင်မိမိကိုယ်ကို သတ်ဖြတ်လိုက်လေတော့သည်။

နောက်ပိုင်းကာလများမှာတော့ နတ်စင်ကုန်းဘက်ရောက်သောသူတို့သည် နှစ်ယောက်အတူတွဲပြီး သွားလာနေကြသည့် ထွန်းလူနှင့်ပိုးဖြူတို့နှစ်ယောက်ကို တွေ့မြင်ကြရသည်။

တစ်ခါက ဝါးဖြူတောင်ဘက်မှ ဆင်းလာသော လူနှစ်ယောက်သည် အခြားရွာတစ်ရွာသို့သွားရန် ကိစ္စအရေးကြီးသဖြင့် တောခုတ်ဓါးများကိုယူပြီး တောထဲမှလာကြလေသည်။

၎င်းတို့နှစ်ယောက်မှာ စောထွန်းနှင့် ကရင်ဖေတို့နှစ်


www.burmeseclassic.com

www.burmeseclassic.com


ယောက်ဖြစ်ကြသည်။ နှစ်ယောက်စလုံး ကရင်သွေးပါသူများ ဖြစ်ကြသဖြင့် သတ္တိကောင်းကြသည်။

သူတို့သည် ထိုတောဘက်တွင် ငိုသံကြားတောင်ကြား၊ မိစ္ဆာရုပ်တုကုန်း (ဒေသခံများကတော့နတ်စင်ကုန်းဟုသာ အလွယ်တကူ ခေါ်ကြသည်။)တို့ ရှိသည်ဆိုသည့် သတင်းကိုသာ ကြားဖူးသော်လည်း မည်သည့်နေရာ၌ ရှိသည်ကိုတော့ တိတိကျကျ မသိကြပေ။

"ဒီတောထဲမှာ သရဲကြမ်းတဲ့နေရာတွေရှိတယ်လို့ ပြောသံကြားတယ်၊ ဘယ်နေရာတွေမှာရှိတာလည်း မသိဘူး"

ဟု ကရင်လေးက စကားစလိုက်သည်။

"ရှိတော့လည်းရှိပေ့ါ၊ သရဲပဲ ဘာကြောက်စရာရှိမလဲ"

"မင်း သရဲမကြောက်ဘူးလား"

"မကြောက်ပါဘူး၊ သူကကိုယ့်ကို ဘာလုပ်နိုင်မှာမို့လဲ"

ထိုသို့ပြောရင်း တစ်နေရာရောက်တော့ သူတို့ ရောက်နေသောနေရာနှင့် မဝေးလှသောနေရာမှ ဆူးဆူးဝါးဝါး အော်သံအချို့ကြားရသည်။ ကြောက်လန့်တကြား အော်နေသော မိန်းမတစ်ယောက်၏ အော်သံပင်ဖြစ်သည်။ နောက်တော့ အသံက ပျောက်သွားလေသည်။

တစ်နေရာရောက်တော့ တောလမ်းတစ်နေရာမှ အမျိုးသမီးတစ်ယောက် ထွက်လာပြီး သူတို့ရှေ့မှ ခပ်သုတ်သုတ် သွားနေလေသည်။ ဦးခေါင်းပေါ်တွင် ပုဝါတစ်ထည် ခြုံထား


www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မျက်နှာတော့ မမြင်ရပေ။

"မင်းကသာ ကြောက်နေတယ်၊ ဟိုရှေ့မှာမမြင်ဘူးလား၊ မိန်းကလေးတစ်ယောက်တည်းတောင် သွားလာနေတာပဲ"

စောထွန်းဆိုသူက အပြစ်တင်သော အသံမျိုးဖြင့် ပြောလိုက်သည်။ ထိုသို့ပြောသော်လည်း ကရင်လေးစိတ်ထဲမှ သရဲခြောက်နေသည်ဟု ထင်နေသဖြင့် ပို၍ကြောက်ရွံ့နေသည်။

"လူရောဟုတ်ပမလား၊ သရဲဖြစ်နေတော့ ဘယ်လိုလုပ်ပါ့မလဲ"

ထိုသို့ပြောသဖြင့် စောထွန်းက လှမ်းပြောလိုက်သည်။

"ဒီမှာ. . မင်းတစ်ယောက်တည်း ဘယ်သွားမှာလဲ"

ထိုသို့မေးလိုက်တော့. . ရှေ့မှလျှောက်သွားနေသော အမျိုးသမီးက ခြေလှမ်းတုံ့သွားကာ ရပ်သွားသည်။

"နတ်စင်ကုန်းဘက် သွားမလို့ပါရှင်"

"တစ်ယောက်တည်း အဖော်မပါဘူးလား"

"မပါဘူးရှင့်"

"ငါကြားတာတော့ နတ်စင်ကုန်းက သရဲကြမ်းတယ်ဆို မကြောက်ဘူးလား"

"သွားနေလာနေကျဆိုတော့ မကြောက်ပါဘူး၊ နတ်စင်ကုန်းမှာတော့ အဖော်တစ်ယောက် ရှိပါသေးတယ်၊ ရှင်တို့ရော မကြောက်ကြဘူးလား"

"သရဲခြောက်တာများ ဘာကြောက်စရာ ရှိလို့လဲ၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com


က အကောင်အထည်ရှိတာမှ မဟုတ်တာ၊ ဘာလုပ်နိုင်ကြမှာမို့လဲ"

"လုပ်နိုင်တာပေါ့ရှင်၊ ကျွန်မတောင်သူတို့နဲ့ တွေ့ခဲ့လို့ ဒုက္ခရောက်ခဲ့ရပြီ"

"ဘယ်လိုဒုက္ခရောက်လာတာလဲ"

"သိချင်ရင်တော့ ပြပါ့မယ်"

ဟုပြောပြီး သူတို့ဘက်သို့ မျက်နှာလှည့်လာသည်။

ရုပ်ရည်သင့်တင့်သော မိန်းကလေးတစ်ဦးပင်ဖြစ်သည်။ မိန်းကလေးက ဝတ်ထားသော ပုဝါကိုဖယ်လိုက်တော့ လည်ပင်းမှ စိမ့်ထွက်နေသော သွေးများကို လှမ်းမြင်ရသည်။

"ဟင်. . ဘယ်လိုဖြစ်တာလဲ"

စောထွန်းကိုယ်တိုင် လန့်သွားသဖြင့် လှမ်းမေးလိုက်သည်။

ထိုအခါ အမျိုးသမီးက ပြတ်နေသောလည်ပင်းကို လက်ဖြင့်ကိုင်ပြသည်။

ပြတ်နေသော ခေါင်းပြတ်က အုန်းသီးတစ်လုံးကဲ့သို့ သူ့လက်ထဲသို့ ပါသွားလေတော့သည်။

ထိုအခါမှ. . .

"ဟာ. . အကောင်းမှတ်လို့ ကြည့်နေတာ၊ ငါတို့ကို သရဲခြောက်နေတာပဲ"

ဟုသဘောပေါက်သွားပြီး နှစ်ယောက်သား ထွေထွေ


www.burmeseclassic.com

www.burmeseclassic.com



ထူးထူး စဉ်းစားမနေကြတော့ဘဲ ထိုနေရာမှ ထွက်ပြေးကြရလေတော့သည်။ သူတို့ထွက်ပြေးတော့မှ ဦးခေါင်းပြတ်ကိုကိုင်ထားသော အမျိုးသမီးက နောက်မှ ပြေးလိုက်လာလေတော့သည်။


တောတွင်းတစ်နေရာမှာတော့ ပြေးလွှားသံများ၊ အော်ဟစ်သံများ၊ ဆူညံသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

မြဝင်းသူတို့ မိသားစုက တောင်ညို့ရွာ၌ပင် နေထိုင်ကြသည်။ ဖခင်ဖြစ်သူ ဦးဘဇံ မိခင်ဖြစ်သူ ဒေါ်မြမေ၊ မြနှင်းဖြူနှင့် မောင်ဖြစ်သူ ကံကောင်းတို့ လေးယောက်သာ ရှိကြသည်။ ၎င်းတို့မိသားစုမှာ တောင်ညို့ရွာ၌ရှိကြသော စီးပွားရေး ချောင်လည်သူများတွင် ပါဝင်ကြလေသည်။

စပါးစိုက်သောလယ်ကွက်များ ရှိသည့်အပြင် အသီးအ



www.burmeseclassic.com

www.burmeseclassic.com



နှံ့ထွက်သော ဥယျာဉ်ခြံအချို့လည်းရှိသည်။

မြနှင်းဖြူမှာ အသက်(၂၃)နှစ်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောလှပသည်။ မိဘများက ငွေကြေးချောင်လည်သည်က တကြောင်း မြနှင်းဖြူကိုယ်တိုင်က အိန္ဒြေနှင့် နေထိုင်တတ်သဖြင့် လူပျိုကာလသားများက စိတ်ဝင်စားကြသည်။

သို့သော် မြနှင်းဖြူက မည်သူ့ကိုမှ စိတ်ဝင်စားခြင်းမရှိသေးပေ။ သူ့အနေဖြင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပေါင်းသင်းသော ယောက်ျားလေး သိပ်မရှိပေ။

သို့သော် ထိုအထဲတွင် ခင်ခင်မင်မင် ပေါင်းသင်းသော ယောက်ျားလေးအချို့တော့ ရှိသည်။ နီမောင်တို့ သုံးယောက်ပင် ဖြစ်လေသည်။ ရွာ၌ ငယ်ရွယ်စဉ်ကတည်းက အတူတူ နေခဲ့ကြသဖြင့် တစ်ယောက်အကြောင်းတစ်ယောက် သိကြသူများလည်းဖြစ်သည်။ နီမောင်ကလည်း သူ့အလုပ်ကိုသာ စိတ်ဝင်စားပြီး အခြားကိစ္စများကို စိတ်ဝင်စားမှု မရှိလှပေ။

သို့သော် ယခုရက်ပိုင်းမှာတော့ အနီးပတ်ဝန်းကျင်ရွာများ၌ စိတ်မချမ်းသာစရာ သတင်းအမျိုးမျိုး ကြားနေရသဖြင့် စိတ်ထဲမှာ စိုးရိမ်မှုတစ်ခုတော့ ရှိနေသည်။

အခြားတော့ မဟုတ်ပေ။

မြနှင်းဖြူနှင့် ပတ်သက်သည့် စိုးရိမ်မှုပင် ဖြစ်သည်။

မြနှင်းဖြူက ရုပ်ရည်ချောမောလှပသည်။ မာနကြီးသော်လည်း စိတ်သဘောဖြူစင်သည်။



www.burmeseclassic.com

www.burmeseclassic.com


သို့ကြောင့် ယခုတလော မိန်းမပျိုလေးများ ကြုံတွေ့နေကြရသည့် အဖြစ်ဆိုးများနှင့် မြနှင်းဖြူကို မကြုံတွေ့စေချင်ပေ။ ထိုအတွေးက နီမောင့်စိတ်ထဲမှာ စိုးရိမ်စိတ်အဖြစ်နှင့် မကြာခဏ ဝင်ရောက်နေတတ်သည်။

တစ်နေ့တော့ နီမောင်တစ်ယောက် ရွာဖျားဘက်မှ ပြန်လာရင်း မြနှင်းဖြူတို့ အိမ်ရှေ့ရောက်တော့ လှည့်ကြည့်သောအခါ သစ်ပင်အောက်ရှိ ကွပ်ပျစ်ပေါ်တွင် စပါးလုံး ရွေးနေသော မြနှင်းဖြူကို မြင်ရသည်။

မြနှင်းဖြူကလည်း သူ့ကိုမြင်တော့ လှမ်းပြီးနှုတ်ဆက်သည်။

"နီမောင် ဘယ်ကပြန်လာတာလဲ"

"ရွာဖျားဘက်က ပြန်လာတာ"

ဟုပြောကာ ခြံထဲသို့ ဝင်သွားသည်။

"နင် လက်ဖက်ရည်သောက်မလား၊ အိမ်ထဲမှာရှိတယ်"

"မသောက်တော့ပါဘူးဟာ၊ နင့်ကို ပြောစရာရှိလို့ပါ"

"ဘာပြောမှာလဲ၊ ပေါက်ကရစကားတွေတော့ ပြောဖို့ စိတ်မကူးနဲ့နော်"

မြနှင်းဖြူကမျက်နှာကို တမင်တည်ထားရင်း ပြောလိုက်ရာ နီမောင်မှာ မျက်နှာပျက်သွားလေသည်။

"မပြောပါဘူးဟာ၊ ငါ နင့်ကို အဲဒီလိုစကားမျိုးတွေလည်း မပြောဝံ့ပါဘူး၊ ပြောဖို့လည်း အခွင့်အရေးမရှိပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်တော့မှ စောစောက မျက်နှာအမူအယာမျိုး ပြန်ဖြစ်သွားလေသည်။

"ဘာပြောမှာလဲ"

"အခု အိမ်မှာ နင်တစ်ယောက်တည်းလား"

"ဟုတ်တယ်၊ ကံကောင်းက ကျောင်းမှာ၊ အဖေနဲ့အမေက ရွာထဲသွားကြတယ်၊ ဘာပြောမှာမို့ ဒီလောက် စစ်မေးနေတာလဲ"

"ငါ နင့်ကို သတိပေးချင်လို့ပါ"

ထိုစကားကြားတော့ မြနှင်းဖြူက စိတ်ဝင်စားသော အမူအယာဖြင့် တစ်ချက်ကြည့်လိုက်သည်။

"အခုတလော ငါတို့ရွာအပါအဝင် ဒီနယ်တစ်ဝိုက်မှာရှိတဲ့ ရွာတွေမှာနေကြတဲ့ မိန်းကလေးအချို့ မဖြစ်သင့်တဲ့ကိစ္စတွေဖြစ်ပြီး သောကရတာ နင်လည်းသတင်းကြားတယ် မဟုတ်လား"

"အင်း . . အဖေတို့ပြောနေသံတော့ ကြားမိတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလည်းဟင်"

မြနှင်းဖြူက ဘာမှမသိသေးသော အမူအယာဖြင့် မေးသည်။ နီမောင်ကတော့ အဖြစ်မှန်များကို ပြန်ပြောသင့် မပြောသင့် စဉ်းစားနေသည်။

"ဘာတွေ စဉ်းစားနေတာလဲ"

"ငါ နင့်ကို ပြောသင့်မပြောသင့် စဉ်းစားနေတာပါ"

"ပြောသာပြောပါ၊ ငါ စိတ်ဝင်စားနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောတော့မှ နီမောင်က သူသိသော အကြောင်းအရာများကို ပြန်ပြောပြလိုက်ရာ မြနှင်းဖြူမှာ အတော်ပင် ထိတ်လန့်ကြောက်ရွံ့သွားလေသည်။

"နင်ပြောတော့မှ ကြောက်စရာ ကောင်းလိုက်တာ၊ အိမ်မှာတောင် တစ်ယောက်တည်း မနေဝံ့တော့ဘူး၊ ဒါထက် ဒီလို ယုတ်မာမှုတွေက ဘယ်သူလုပ်နေတာလဲ"

"ငါလည်းဘယ်သိပါ့မလဲ၊ ငါလည်း ဆရာကြီး ဦးဇန်ကောင်းနဲ့တွေ့မှ မေးကြည့်ရဦးမယ်၊ နင်လည်း တစ်ယောက်တည်း အိမ်မှာမနေနဲ့၊ အဖော်မပါပဲနဲ့လည်း အပြင်မထွက်နဲ့ပေါ့"

ထိုသို့ပြောပြီး နေရာမှထသည်။

"နင်ကလည်း ပြန်တော့မလို့လား၊ စောစောက တစ်ယောက်တည်းနေတာ ဘာမှမဖြစ်ဘူး၊ အခု နင်ပြောလိုက်တော့မှ မနေဝံ့တော့ဘူး"

ထိုသို့ပြောသဖြင့် နီမောင်မှ ပြန်ထိုင်ကာ အခြားအကြောင်းများကိုသာ ပြောဆိုနေသည်။

"နီမောင် စောစောက ငါပြောတာကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး၊ ငါ့စိတ်ထဲက ပြောချင်ရင်တောင် အခုမပြောသေးပါဘူး"

"ဘယ်တော့မှ ပြောမှာပဲ"

"ငါ့ဘဝ ပြည့်စုံတဲ့တစ်နေ့မှပဲ ပြောမှာပါ"

မြနှင်းဖြူက မသိမသာ မျက်စောင်းတစ်ချက်ထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရွာထဲမှ ဦးဘဖံနှင့် ဒေါ်မြမေတို့ ပြန်ရောက်လာသဖြင့် နှုတ်ဆက်ပြီး ပြန်ထွက်သွားလေတော့သည်။

ထိုသို့ပြန်ထွက်သွားတော့မှ မြနှင်းဖြူက မိခင်ဖြစ်သူကို ပြောသည်။

"စောစောက နီမောင် လာပြောသွားတယ် အမေ"

ဒေါ်မြမေကတော့ ငယ်ရာမှ ကြီးလာခဲ့သူ ဖြစ်သဖြင့် မထူးဆန်းသောအမူအယာဖြင့် ပြောင်းဖူးဖက်ဆေးပေါ့လိပ် ကိုမီးညှိနေရင်း ပြန်မေးလိုက်သည်။

"ဘာတွေပြောသွားလို့လဲ"

မြနှင်းဖြူက သူသိသော အကြောင်းများကို ပြန်ပြော လိုက်သည်။

ထိုစကားကြားတော့ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကိုဖွာ ရင်း မီးခိုးမှုတ်ထုတ်ရင်းမှ သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တော့ဟုတ်တယ်၊ ငါတို့ အခုသွားတာလည်း အဲဒီကိစ္စပဲ"

ဒေါ်မြမေက ရွာဖျားဘက်မှာနေသော အသိမိတ်ဆွေ တစ်ယောက်၏ သမီးတစ်ယောက် အိမ်မှပျောက်သွားပြီး ပြန် ရောက်လာပုံကို ပြန်ပြောပြနေသည်။

"မိဘတွေကတော့ ယောကျ်ားနောက် လိုက်သွားတယ် ထင်နေကြတာ. . မဟုတ်ဘူး၊ နောက်တော့ အိမ်ပြန်ရောက်လာ တယ်၊ ဘာမှ မေးလို့လည်း မရဘူး၊ တချိန်လုံး ငိုချည်းပဲနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူကတော့ မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေသည်။

"မကြားဝံ့မနာသာပဲ၊ အခုတော့ ကိုယ်ဝန်ရှိနေလို့တဲ့"

"ဟင်. . တစ်ယောက်ယောက်နဲ့များ မှားခဲ့လို့လား"

"အဲဒါ ခက်တာပေါ့၊ မေးတော့လည်းဘာမှ ပြန်မပြောနိုင်ဘူး၊ မိဘမောင်ဘွားတွေကတော့ ခေါင်းမဖော်ဝံ့အောင် ဖြစ်နေကြတယ်၊ သူ့မိဘတွေကတော့ဘယ်သူနဲ့ဖြစ်ဖြစ် ပေးစားမယ်လို့ ပြောနေကြတယ်၊ ဒါပေမယ့် ကာယကံရှင် ကိုယ်တိုင်က ဘယ်သူဆိုတာ မပြောနိုင်ဘူးဖြစ်နေတော့ မခက်ဘူးလား"

ဒေါ်မြမေကတော့ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကို မီးရဲနေအောင်ဖွာရင်း သားသမီးချင်း ကိုယ်ချင်းစာသော အမူအယာဖြင့် ပြောနေလေသည်။

"အမေ ဒီလိုဆိုရင် နီမောင်ပြောသလိုများ ဖြစ်နေမလား၊ မိန်းကလေးတွေကို ဆေးနဲ့တို့ပြီး သတိမေ့အောင် လုပ်ပြီးမှ တစ်နေရာခေါ်သွားပြီး ဖျက်ဆီးကြတာလို့ ပြောတယ်"

"ဒီလိုလုပ်မယ်ဆိုရင်လည်း ဆရာတွေမှပဲ လုပ်နိုင်ကြမှာပေါ့၊ ငါတို့ရွာတွေမှာ ဆရာက များများမရှိပါဘူး"

တောင်ညိုရွာတွင် ဆေးကုပေးသော ဦးဗန်ကောင်းရှိသည်။ ကျွန်းညီနောင်ရွာဘက်တွင် ပယောဂကုသော ဆေးဆရာကြီး ဦးသူတော်ရှိသည်။ ကျတ်ကုန်းရွာဘက်မှာ ဗေဒင်ကုသော ဆရာသံပချိုင်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာသုံးယောက်က နေတဲ့ရွာချင်းက မတူသလို ဆေးကုပုံချင်းကလည်း မတူကြပေ။

တောင်ညိုရွာမှ ဦးဗန်ကောင်းက (၉၆)ပါးရောဂါတို့ကို ကုသပေးသော ဗိန္ဓောဆေးဆရာဖြစ်သည်။

ကျွန်းညီနောင်ရွာမှ ဦးသူတော်ကတော့ စုန်း၊ ကဝေ၊ တစ္ဆေသရဲနှင့် ပတ်သက်သော ရောဂါများကို ကုသပေးသည့် ပယောဂဆရာဖြစ်သည်။

ကျတ်ကုန်းရွာမှာနေသော သံပချိုင်ကတော့ မြွေဆေးကောင်းကောင်းရှိသဖြင့် မြွေထိသော လူနာများကိုသာ ကုသပေးသော မြွေဆရာဖြစ်သည်။

"ဒီဆရာသုံးယောက်ဆိုရင်တော့ မြွေဆရာ သံပချိုင်တို့ပဲ ဖြစ်ချင်ဖြစ်မှာပဲ၊ ကျန်တဲ့ဆရာကြီး နှစ်ယောက်ကတော့ ဒီလိုယုတ်မာတဲ့အလုပ်မျိုး လုပ်ကြမယ် မထင်ဘူး"

ဟု မြနှင်းဖြူက ပြောလိုက်လေသည်။

"အေးလေ ငါတို့ရွာတွေမှာ ဒီလို လူယုတ်မာတွေ ရှိနေကြပြီဆိုတော့ သမီးမိန်းကလေး အပျိုအရွယ်ရှိကြတဲ့ မိဘတွေ စိတ်မအေးကြရတော့ဘူးပေါ့၊ ညည်းလည်း အဖော်မပါပဲ အပြင်တွေဘာတွေ မထွက်နဲ့၊ အိမ်မှာနေရင်လည်း သတိဝိရိယနဲ့နေ"

ထိုသို့ ပြောဆိုသတိပေးပြီးနောက် ဒေါ်မြမေက နေရာမှ ထသွားလေတော့သည်။

နောက်တစ်ရက်မှာတော့ မြနှင်းဖြူတို့နေသော ခြံဝန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ လူသုံးယောက် ဝင်လာကြသည်။ မြွေဆရာသံပချိုင်နှင့် တပည့်နှစ်ယောက်တို့ ဖြစ်သည်။ ၎င်းတို့သည် ခရီးသွားလာရင်းမှ ရေသောက်ရန် ဝင်လာကြခြင်း ဖြစ်သည်။

မြနှင်းဖြူဖခင် ဦးဘဇံကိုယ်တိုင် ရေခပ်ပေးလိုက်တော့မှ သောက်ပြီးပြန်ထွက်သွားကြလေသည်။

ညအချိန်ရောက်တော့ ထူးဆန်းမှုတစ်ခုနှင့် ကြုံတွေ့ရလေသည်။ ထိုညက မြနှင်းဖြူမှာ အတွေးများနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ပဲရှိရာမှ ညဦးပိုင်း အချိန်ကျော်တော့ ခြံထဲ၌ မွေးထားသော ခွေးဟောင်သံများ ကြားလာရသည်။

ခွေးများက တစ်စုံတစ်ခုကို မြင်သဖြင့် စူးစူးဝါးဝါး ဟောင်နေကြခြင်း ဖြစ်၏။ ထို့ကြောင့် နေရာမှထပြီး ပြတင်းတံခါးချပ်ကို ဟကာ ခွေးဟောင်သံ ကြားသောနေရာဘက်သို့ လှမ်းကြည့်လိုက်သည်။

အပြင်ဘက်၌ မှောင်နေသည်။

သို့သော် ကောင်းကင်မှ အလင်းရောင်အချို့ကြောင့် ဝိုးတဝါးတော့ မြင်ရသည်။

ခွေးများက အနောက်ဘက်ခြံစည်းရိုးဘက်သို့ ကြည့်ကာ ဟောင်နေကြခြင်း ဖြစ်သည်။ ထိုနေရာဘက်မှာတော့ သစ်ပင်ကြီးများ၊ ဝါးရုံများ ရှိသောကြောင့် အမှောင်ထုက ပိုများနေသည်။ လေတိုက်သည့်အခါ သစ်ပင်၊ ဝါးပင်များက လှုပ်ရှားနေသဖြင့် မြင်ကွင်းက မသဲကွဲပေ။



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူက အာရုံစိုက်ပြီး ကြည့်သောအခါမှာတော့ ဝါးရုံတောအစပ်၌ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့လိုက်ရသဖြင့် လန့်ဖျတ်သွားသည်။

နောက်တစ်ကြိမ်ကြည့်လိုက်တော့ မတွေ့ရတော့ပေ။

ထိုညက မြနှင်းဖြူတစ်ယောက် ကောင်းစွာအိပ်မပျော်တော့ပေ။ စိတ်ချလက်ချ မအိပ်ဝံ့တော့သောကြောင့်လည်းပါသည်။ နောက်တစ်နေ့နံနက်လင်းတော့ ဖခင်ဖြစ်သူအား ထိုအကြောင်း ပြောပြလိုက်သည်။

"ဟုတ်တယ်၊ ငါလည်း ညက ခွေးဟောင်သံကြားလို့ထကြည့်တော့ နောက်ဘက်က ဝါးရုံတောနားမှာ လူရိပ်လိုလိုတွေ့လိုက်ရတယ်"

ထိုစကားကြားတော့ ဒေါ်မြမေက စိုးရိမ်သောအသံဖြင့် ဝင်ပြောသည်။

"လူရောဟုတ်ရဲ့လား၊ မကောင်းဆိုးဝါးတွေ ဘာတွေများ ဖြစ်နေမလား၊ ဟိုဘက်ရွာက ပယောဂဆရာကြီးကို ခေါ်ရရင် မကောင်းဘူးလား"

ထိုစကားကြားတော့ ဦးဘဇံက အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြန်ပြောလေသည်။

"အခုအချိန်ကာလမှာ ဘာတွေဖြစ်နေမှန်းမသိတော့ ဘယ်သူ့ကိုမှ စိတ်မချရဘူး၊ ဆရာခေါ်လိုက်တော့မှ အဲဒီဆရာက အစီအရင်တစ်ခုခု လုပ်သွားရင် မခက်ပေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘဇံစကားကြားတော့ ဒေါ်မြမေလည်း နောက်ထပ်စကားမဆက်သာတော့ပေ။

"ဒါဖြင့် အဖေက ဘယ်ဆရာ ခေါ်ချင်တာလဲ"

"ကိုယ့်ရွာမှာရှိတဲ့ ဆေးဆရာခေါ်ပြီး အကျိုးအကြောင်းပြောပြရရင် ပိုမကောင်းဘူးလား၊ ငါတို့ရွာမှာ ဆရာကြီး ဦးဗန်ကောင်း ရှိတာပဲ"

ထိုသို့ပြောဆိုတိုင်ပင် ဆရာကြီး ဦးဗန်ကောင်းအားသွားရောက်ပင့်ခေါ်ရာ ဦးဗန်ကောင်းက ဆေးလွယ်အိတ်လွယ်ပြီး ထလိုက်လာသည်။ လမ်းရောက်တော့ နီမောင်ပါ တွေ့သဖြင့် ဦးဗန်ကောင်းက ခိုင်းစရာရှိတာ ခိုင်းရန်အတွက် နီမောင်ကိုပါ တစ်ပါတည်း ခေါ်လာခဲ့လေသည်။

အိမ်ရောက်တော့ ကွမ်းဆေးလက်ဖက်တို့နှင့် ဧည့်ခံကာ အကျိုးအကြောင်း ပြောပြလိုက်သည်။

ဦးဗန်ကောင်းက ပုတီးကိုကိုင်ကာ မျက်စိမှိတ်လျက်နားထောင်နေပြီး အကျိုးအကြောင်း သိရတော့မှ ပြန်ပြောလေသည်။

"ခုလောလောဆယ်တော့ ဒီအိမ်ကို အန္တရာယ်အယှက်တွေ မရောက်လာသေးဘူး၊ ဒါပေမယ့် စိတ်ချရတဲ့ အနေအထားမျိုးတော့ မဟုတ်သေးဘူး"

ထိုစကားကြောင့် မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုကြောင့်လည်း ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အညှီရှိလို့ ယင်အုံတဲ့ သဘောမျိုးပါပဲ၊ အခုတလော ကျုပ်တို့ရွာတွေမှာ မိန်းက လေးတွေ မကောင်းတဲ့အဖြစ်တွေနဲ့ ကြုံနေကြတာကို ခင်ဗျား တို့လည်း ကြားတန်သလောက် ကြားပြီးရောပေါ့"

"ဟုတ်ကဲ့ ကြားပါတယ်ဆရာကြီး၊ အဲဒါ ဘယ်လိုဖြစ် တာလဲဟင်"

"ဒါတွေဟာ သာမန်ဆိုရင်တော့ တိုက်ဆိုင်မှုလို့ ယူဆ နိုင်ပေမယ့် ကျုပ်အထင် ပြောရရင်တော့ တစ်စုံတစ်ယောက်ရဲ့ ပယောဂလည်း ပါမယ်ထင်ပါတယ်"

ထိုစကားကြားသောအခါ မြနှင်းဖြူက တစ်စုံတစ်ခုကို ပြန်တွေးမိသဖြင့် ဝင်ပြောလိုက်သည်။

"ဒီလိုဆိုရင်တော့ တခြားသူတွေမဖြစ်နိုင်ဘူး၊ သူတို့ပဲ ဖြစ်မှာပဲ"

မြနှင်းဖြူက နေ့လည်ဘက်တွင် သံပချိုင်တို့ သုံးယောက် ရောက်လာပြီး ညဘက်တွင် မည်းမည်းသဏ္ဍာန်ကြီးကိုတွေ့ရ ကြောင်း ပြောပြလိုက်သည်။

ဦးဗန်ကောင်းကတော့ နားထောင်ရင်းနှင့် စဉ်းစားနေ လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့၊ သတိလေးနဲ့နေရင်တော့ မမှားဘူး ပေါ့၊ မိန်းကလေးလည်း အသွားအလာ အနေအထိုင် ဂရုစိုက် ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုအခါ ဒေါ်မြမေက ဝင်ပြောသည်။

"ဆရာကြီးရယ် ကျွန်မတော့ ကြားရတာနဲ့တင် အတော် ကြောက်နေပါပြီ၊ သမီးလေးအတွက်ရော ကျွန်မတို့ မိသားစု အတွက်ပါ အမှောင့်ပယောဂတွေ မနှောက်ယှက်နိုင်အောင် အကာအကွယ် လုပ်ပေးထားခဲ့ပါ"

ဦးဇန်ကောင်းက လွယ်အိတ်ထဲမှာပါလာသော သိမ်ဝင် သပိတ်ကွဲတွင် ချထားသော စမအင်းလေးချပ်ကို ထုတ်ပြီး ခြံလေးထောင့်တွင် အမြှုပ်ခိုင်းသဖြင့် နီမောင်က ဦးဘဇံနှင့်အတူ သွားကာ မြှုပ်နှံပေးလိုက်သည်။

ထို့ပြင် မြနှင်းဖြူကိုလည်း လည်ပင်းတွင် လိပ်ပြာကြိုး တစ်ချောင်း ဆွဲပေးထားခဲ့ပြီးမှ ပြန်ရန်ပြင်သည်။ ပြန်ကာနီးတော့ နီမောင်က မြနှင်းဖြူနားကပ်ပြီး တိုးတိုးသတိပေးသည်။

"လိပ်ပြာကြိုးကို ဘယ်တော့မှ မဖြုတ်နဲ့နော်"

"ဘာဖြစ်လို့လဲ"

"တစ်ခုခု ဖြစ်မှာစိုးလို့ပါ"

ဒီတစ်ခါတော့ မြနှင်းဖြူက ဘာမှထွေထွေထူးထူး ပြန်မပြောပဲ အပြုံးဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

အနောက်ရိုးမ တောင်တကြော၌ ရွာတည်ပြီး နေကြသူများမှာ လမ်းပန်းဆက်သွယ်မှု ခက်ခဲမှုကြောင့် တစ်လနေလို့ မြို့ကိုမရောက်နိုင်ကြပေ။

လူကြုံ၊ လှည်းကြုံ၊ လှေကြုံ၊ သင်္ဘောကြုံရှိမှ သွားရောက်နိုင်ကြသည်။ အချို့ဆိုလျှင် တစ်နှစ်လုံးကြာလျှင်သော်မှ မြို့သို့မရောက်နိုင်ကြပေ။

သို့ကြောင့် အနေရိုးပြီး ရှေးရိုးအစဉ်အလာများကို


www.burmeseclassic.com

www.burmeseclassic.com


ယုံကြည်မှုရှိကြသည်။ တစ်စုံတစ်ခု ဖြစ်လာလျှင် စုန်းတိုက်၊ နတ်တိုက်ဟုပင် ယုံကြည်တတ်ကြသည်။ အိမ်၌ အများအယွင်း တစ်ခုခု ဖြစ်လျှင်ပင် . .

"ဖြစ်မှာပေါ့၊ ဝါဝင်ကာနီး ဦးရှင်ကြီးတင်ရမယ့်အချိန် ရောက်နေပြီ၊ ပိုက်ဆံမရှိလို့ဆိုပြီး နေ့ရွှေ့ညရွှေ့ ရွှေ့နေတယ်၊ မတင်မြှောက်နိုင်သေးရင်လည်း ပိုက်ဆံလေးဘာလေး ကိုးထား တာမဟုတ်ဘူး၊ အဲဒီလိုလုပ်နေရင် ဒီထက် ဆိုးလာလိမ့်မယ်"

ဟု နတ်ကို ရိုးစွဲပြီး ပြောလေ့ရှိသည်။

တချို့ကလည်း . .

"မင်းတို့တတွေ မိရိုးဖလာကိစ္စတွေကို ဖမ့်လျှော့မနေ ကြနဲ့၊ တစ်လောကဟိုဘက်ရွာက မိန်းကလေးတစ်ယောက် ယောက်ျားမရှိပဲ ကိုယ်ဝန်ရှိလာတယ်ဆိုလား၊ နောက်တော့ နတ်စင်ကုန်းမှာ လည်ပင်းပြတ်ပြီး သေနေတာ 'တွေ့ရတယ်၊ တောထဲသွားရင်း တောပိုင်တောင်ပိုင်တွေ မကြိုက်တာတွေ လုပ်ခဲ့မိသလား မသိပါဘူး"

ဟု ပြောကြသည်။

ရိုးမတောင်တစ်ကြောတွင် မှီတင်းနေထိုင်ကြသည့် ရွာကြီးရွာငယ်တို့မှာ အတော်ပင်များသည်။ ရွာအတော်များ များမှာ ပင်လယ်ကမ်းခြေဘက်နှင့်နီးသော နေရာများတွင် ရှိကြ သည်။ အချို့က မြေပြန့်မှာ တည်ထားပြီး အချို့ကတော့ တောင် ကြောများပေါ်၌ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာနှင့်တစ်နေရာ တစ်ရွာနှင့်တစ်ရွာ သွားလာလိုလျှင် လှည်းဖြင့်သော်လည်းကောင်း၊ ခြေလျင်ခရီးဖြင့် သွားလာကြသည်။

ထိုအချိန်က ရိုးမတောင်ကြောတစ်ဝိုက်တွင် ရှိခဲ့ကြသော ရွာများမှာ တောင်ညိုရွာ၊ ကညင်ကုန်းရွာ၊ ကျွန်းညီနောင်ရွာ၊ ပန်းတောရွာ၊ ကျွတ်ကုန်းရွာ၊ ဝါးဖြူတောင်ရွာ၊ တယ်ပင်ဆိပ်ရွာနှင့် မဒရပ်ကုန်းရွာတို့ ဖြစ်ကြသည်။

ထိုရွာများ နေကြသူတို့မှာ တောအလုပ်၊ ပင်လယ်အလုပ်၊ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြရသည်။ ရောဂါဝေဒနာများဖြစ်လျှင် မြို့သို့မသွားနိုင်ကြသဖြင့် ကျေးလက်တောရွာမှာရှိသော ဆေးဆရာကြီးများဖြင့်သာ ကုသကြရသည်။

နာဖျားသောရောဂါဖြစ်လျှင် ဗိန္ဓောဆရာ၊ မြွေထိလျှင် မြွေဆရာ၊ စုန်း၊ နတ်၊ တစ္ဆေသရဲ ပူးကပ်လျှင် ပယောဂဆရာတို့ကိုခေါ်ပြီး ကုသကြရသည်။

သို့သော် ရွာတိုင်းမှာတော့ ဆရာမရှိပေ။

ထိုတစ်နယ်လုံးမှ ဆေးကုပေးနိုင်သော ဆရာက သုံးယောက်သာ ရှိသည်။

တောင်ညိုရွာတွင် (၉၆)ပါးရောဂါ ကုပေးသော ဆရာကြီးဦးဗန်ကောင်းရှိသည်။

ဦးဗန်ကောင်းက အသက်(၅၀)ကျော် အရွယ်ခန့်ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အသားညိုညို၊ အရပ်ပုပုနှင့် ကတုံးပြောင်အောင် တုံးထားသည်။

သစ်ခေါက်(မဒမခေါက်)ဆိုးသော အညိုရောင် အင်္ကျီလုံခြည်တို့ကိုသာ ဝတ်ပြီး ကွမ်းကိုပါးစပ်ထဲမှာ မပြတ်အောင် ဝါးနေတတ်သည်။

ဦးဇန်ကောင်းက လူနာများကို ဓာတ်ပညာဖြင့် ကုသပေးလေ့ရှိသည်။ ဓာတ်ပညာမှာ ကျေးလက်တောရွာများမှာ နေသူတို့အတွက် ရှေးရိုးကုသနည်းမျိုး မဟုတ်သဖြင့် အချို့ကြောက်ရွံ့ကြသည်။

ကျေးလက်မှာနေသူတို့မှာ ဖျားနာလျှင် စောင်ထူဖြင့် ထုပ်ပတ်ကာ ချွေးထုတ်အောင်လုပ်လေ့ရှိသည်။ ချွေးထွက်မှ ရောဂါပျောက်မည်ဟု ယူဆကြသည်။

ဦးဇန်ကောင်းကတော့ ထိုသို့မဟုတ်။ ဖျားနေသူကို ရေချိုးပေးချင်ပေးသည်။ နေမကောင်းသောလူနှင့် မတည့်သော အစားအသောက်များကို ကျွေးပြီး ကုသပေးတတ်သည်။

၎င်းကုသပေးသဖြင့် အသက်ချမ်းသာသူများသော်လည်း အတော်များများက ကြောက်ရွံ့ကြသည်။

နောက်တစ်ဦးကတော့ ကျတ်ကုန်းရွာမှာနေသော မြွေဆရာ သံပချိုင်ဖြစ်သည်။ ၎င်းကတော့ အခြားရောဂါများ ကုသပေးလေ့မရှိဘဲ လူနှင့် ကျွဲနွားတိရိစ္ဆာန်များ မြွေထိသောအခါမှသာ ကုသပေးသည်။ သံပချိုင်က ဥပမိရုပ်ကောင်းသူ မဟုတ်ပေ။ အရက်သောက်သည့်အခါသောက်ပြီး ဖဲဝိုင်းတွေ့လျှင်



www.burmeseclassic.com

www.burmeseclassic.com


လည်း ဝင်ချနေတတ်သူဖြစ်သည်။

သို့ကြောင့် ရွာသူရွာသားများက အထင်မကြီးလှပေ။

သို့သော် သံပချိုင်က မြွေဆိပ်တော့ အတော်နိုင်သည်။

အဆိပ်ပြင်းသောမြွေများ အထိခံရလျှင်ပင် အချိန်မီကု သခွင့်ရပါက အသက်ချမ်းသာရာရအောင် ကုသပေးနိုင်သူ ဖြစ်သည်။

မြွေဆိပ်ကုသည့် ပူးကပ်နေသော အမှောင့်ပယောဂတို့ကို ဖယ်ရှားရှင်းလင်းရသဖြင့် သံပချိုင်က ပယောဂကုရာမှာလည်း အတော်အသင့် နားလည်သည်။

သို့သော် သူက မြွေဖမ်းသောအလုပ်နှင့် မြွေထိသော အလုပ်များကို ဆေးကုပေးသော အလုပ်ကိုသာ လုပ်သည်။

ၡင်းထံတွင် ဆရာဘုန်းတော်ကြီး ပေးထားသော ဆေးနက်တောင့်တစ်တောင့်ရှိသည်။ မြွေဆိပ်တက်နေလျှင် ထိုဆေးနက်တောင့်ကို သွေးလိမ်း၊ ဆေးရည်ဖျော်ပြီး တိုက်ပါက လူဖြစ်စေ၊ တိရိစ္ဆာန်ဖြစ်စေ အသက်ချမ်းသာရာရသည်က များသည်။

သို့ကြောင့် တစ်နယ်လုံးက မြွေဆရာသံပချိုင်ကိုလည်း မပစ်ပယ်ဝံ့ကြပေ။

နောက်ဆရာတစ်ဦးကတော့ ကျွန်းညီနောင်ရွာမှ ဆရာကြီး ဦးသူတော်ဖြစ်သည်။ ဦးသူတော်က အသက်(၅၀)ကျော် အရွယ်ခန့်သာ ရှိသေးသော်လည်း ဥပမိရုပ်ကောင်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသားဖြူဖြူ အရပ်အမောင်းကောင်းသည့်အပြင် သျှောင်တစ်စောင်း ထုံးထားသည်။ အဝတ်အစားဝတ်သည့်အခါ မှာလည်း အပေါ်အဖြူ အောက်အဖြူ အဝတ်များကိုသာဝတ် လေ့ရှိသည်။

ရုတ်တရက်ကြည့်လျှင် ဇာတ်မင်းသားကြီးတစ်ဦးနှင့်ပင် တူနေလေ၏။ ၎င်းတို့က ကျွန်းညီနောင်ရွာမှာနေသည်ဆိုသော် လည်း ရွာထဲမှာ ရောရောနှောနှောနေသည်တော့ မဟုတ်ပေ။

ရွာနှင့်မနီးမဝေး တောင်ခြေတစ်နေရာမှာ အိမ်ကြီး တစ်လုံးဆောက်ပြီး တပည့်အချို့နှင့် နေသည်။ ၎င်းတို့နေသော နေရာတစ်ဝိုက်မှာ တောစပ်နှင့်နီးသည့် အပြင် တောင်ကုန်းများ ဂူပေါက်များလည်း ရှိသည်။

ဦးသူတော်က အဓိဋ္ဌာန်ဝင်သည့်အခါ ထိုဂူပေါက်များ အတွင်းဝင်ပြီး နေလေ့ရှိသည်ဟု သတင်းလွှင့်ထားသည်။

ပယောဂဆရာ နေထိုင်သော နေရာဖြစ်သောကြောင့် ကျွေးမွေးထားသောသရဲသဘက်များ ရှိသည်ဟု ထင်ကြသဖြင့် ရွာသူရွာသားများက အကြောင်းမရှိပဲ ထိုနေရာဘက်မလာဝံ့ကြ ပေ။

ဦးသူတော်က စုန်းကဝေ၊ နတ်၊ သရဲတစ္ဆေတို့နှင့် ပတ် သက်သည့် ပယောဂများကို ကုသပေးလေ့ရှိသည်။

ထိုနယ်တစ်ဝိုက်မှာ ရှိကြသည့် ဆေးဆရာသုံးယောက် တို့တွင် ဦးသူတော်က ဥပမိရုပ် ကောင်းသူဖြစ်သဖြင့် ရွာသူရွာ



www.burmeseclassic.com

www.burmeseclassic.com



သားတို့၏ လေးစားမှုကို ခံရသူလည်း ဖြစ်ပေသည်။

ရင်းကို ကြည်ညိုလေးစားအောင်လည်း နည်းအမျိုးမျိုးဖြင့် သမားဂုဏ်ပြလေ့ရှိသည်။ လက်ဖွဲ့များ ပျောက်သွားအောင် ဖျောက်ပြခြင်း၊ သူ့အလိုလို ပြန်ရောက်လာအောင် လုပ်ပြခြင်း၊ ဖယောင်းတိုင်ကို အလိုလိုမီးတောက်အောင်လုပ်ခြင်း၊ အလိုအလျောက် မီးငြိမ်းအောင် ပြုလုပ်ပြခြင်း၊ ဆန်များနှင့် ငွေများကို တိုးပွားအောင် ပြုလုပ်ပြခြင်း၊ သစ်စေ့များကို မြေမှာမြှုပ်ပြီး ရေလောင်းချလိုက်ရုံဖြင့် ချက်ချင်းအပင်များ ပေါက်လာစေခြင်း၊ အနာပေါ်သို့ ဆေးမှုန့်ဖြူးချပေးလိုက်ရုံနှင့် ချက်ချင်း ပိုးလောက်များ ထွက်လာခြင်း၊ အဝတ်ကို မြွေအရှင်ဖြစ်အောင် ပြုလုပ်ပြခြင်း အစရှိသော အံ့ဩဖွယ်ရာ ထူးဆန်းသော သမားဂုဏ်တို့ကို ပြသပေးရာ ရွာသူရွာသားများက များစွာအထင်ကြီးပြီး ကြောက်ရွံ့လေးစားမှုများလည်း ရှိကြသည်။

ထို့ပြင် ပီယသိဒ္ဓိ အစီအရင်၊ ကာယသိဒ္ဓိ အစီအရင်များလည်း စီရင်ပေးသဖြင့် ကာလသား လူပျိုလူရွယ်များက အားကိုးကြသည်။ မိန်းကလေးက မနှစ်သက်သော်လည်း နောက်ပိုင်းပေါင်းသင်းခွင့်ရအောင် ပြုလုပ်ပေးနိုင်စွမ်းရှိသည်။

မြွေဆရာ သံပချိုင်ကတော့ သူနှင့်မတူပေ။

ရုပ်ကြမ်းသလို စိတ်ကလည်း ကြမ်းသည်။ ပြုလုပ်ပေးသော ကိစ္စများကလည်း ကြမ်းသည်။

"ဆရာရယ် ကျုပ်ခြံထဲက သစ်သီးတွေကို ငင်ခိုးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူခိုးကို ပွဲချင်းပြီးအောင်သာလုပ်ပေးစမ်းပါ။ ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ်"

ထိုသို့ပြောလျှင် အစီအရင်လုပ်ပေးသည်။ နောက်တစ်ကြိမ် ခြံထဲသို့ သူခိုးဝင်ပါက ထိုသူခိုးမှာ အသက်ရှင်စရာ မရှိတော့ပဲ မြွေထိပြီး သေတတ်လေသည်။

"ဆရာရယ် ကျုပ်နွားကို ခိုးသွားတဲ့ သူတွေကို မှတ်လောက်အောင် ဆုံးမပေးစမ်းပါ။ နွားပြန်မရရင်တောင်မှ နွားဖိုးငွေ ပြန်ရရင် တော်ပါပြီ။ ရရင် ဆရာ့ကို တဝက်ကန်တော့ပါ့မယ်"

"မင်းတို့ ကတိတည်ပစေနော်"

ထိုသို့ပြောပြီး အစီအရင်လုပ်ပေးရာ ရက်ပိုင်းအတွင်းမှာပင် နွားသူခိုးများ ရောက်လာပြီး နွားဖိုးငွေ လာပေးကြရသည်။ ကျေနပ်အောင်လည်း တောင်းပန်ကြရသည်။

"ဘာဖြစ်လို့ အခုမှ လာတောင်းပန်တာလဲ"

"ခင်ဗျားနွားကို ခိုးသွားကတည်းက တစ်ရက်မှ ကောင်းကောင်းမနေရပါဘူးဗျာ၊ ညရောက်တာနဲ့ သရဲသဘက်တွေ ရောက်လာပြီး နွားလာတောင်းကြတော့တာပဲ၊ ဒီလိုမှန်းမသိလို့ ခိုးမိတာပါ။ အခု နွားဖိုးငွေထက် ပိုပေးပါတယ် ကျေနပ်ပါတော့၊ စေခိုင်းထားတဲ့ သရဲသဘက်တွေလည်း ပြန်သိမ်းပေးပါတော့"

ဟု ပြောဆိုတောင်းပန်ကြသည်။

နွားရှင်လည်း ပြန်မရနိုင်တော့ဟုထင်ထားသော နွားဖိုး



www.burmeseclassic.com

www.burmeseclassic.com



ငွေများ ပြန်ရသဖြင့် ကတိအတိုင်း သံပချိုင်အား ထက်ဝက်ခွဲ ပေးရတော့သည်။

ထို့ပြင်လူငယ်လူရွယ်များ နှစ်သက်သော မြွေဆေး၊ ပီယ သိဒ္ဓိဆေး၊ ကာယသိဒ္ဓိဆေး၊ အခြားအဆောင်ယတြာများကို လည်း ပြုလုပ်ပေးကြသည်။

သို့သော် မကောင်းမှုအစီအရင်များတော့ ပြုလုပ်ပေး လေ့မရှိပေ။

သို့ကြောင့် ထိုနယ်တကြောတွင် ရှိသော ဆေးဆရာသုံး ဦး ရှိကြသည့်အနက် မြွေဆိပ်ကုပေးသော သံပချိုင်နှင့် ပယောဂ ကုပေးသော ဦးသူတော်တို့က လာဘ်ပေါ်များလှသည်။ ဝင်ငွေ ကောင်းကြသည်။

ထိုအလုပ်များမလုပ်ဘဲ ရောဂါဖြစ်လျှင် ရိုးရိုးသာ ဆေးကုပေးသောဦးဗန်ကောင်းကတော့၊ ထိုနှစ်ဦးလောက် ငွေ ကြေးမရပေ။ ဦးဗန်ကောင်းက ဆေးကုပေးပြီး၍ ရောဂါပျောက် သည့်တိုင် မည်ရွေ့မည်မျှပေးရမည်ဟု လူနာရှင်များထံမှ တောင်းယူလေ့ မရှိသဖြင့် ငွေမရခြင်းဖြစ်သည်။

ဆေးဆရာအတွက် ဆန်တစ်ပြည်၊ ငွေတစ်မတ်၊ ငှက် ပျောတစ်ခိုင်၊ ပျားရည်တစ်ပုလင်းလောက် ပေးလျှင်ပင် ကျေ နပ်နေတတ်သူဖြစ်သည်။

တစ်နေ့မှာတော့ နီမောင်၊ စောထီး၊ ငမဲအေးတို့သုံး ယောက်က တောထဲသွားရင်းမှ ကျောက်သွေးရလာသဖြင့် ဆရာ

www.burmeseclassic.com



ကြီး ဦးဇန်ကောင်းထံ သွားပေးကြသည်။

ဦးဇန်ကောင်းက အလုပ်မရှိလျှင် ဖိုထိုးနေတတ်သည်။

နီမောင်တို့ ရောက်လာတော့ အလုပ်နားနေသော အချိန်ဖြစ်သဖြင့် လက်ဘက်ရည်ကြမ်းဖြင့် ဧည့်ခံရင်း စကား ပြောကြသည်။

"အခုလိုတကူးတက လာပို့ပေးတာ ကျေးဇူးတင်ပါ တယ်ကွာ၊ ငါက ဆေးဆရာဆိုတော့ ဆေးပဲရှိတယ်၊ မင်းတို့ သုံးယောက်ကလည်း ပီယသိဒ္ဓိဆေးတွေ ကာသိဒ္ဓိဆေးတွေ ဘာတွေလည်း စိတ်မဝင်စားကြတော့ အခက်သားပေါ့"

နီမောင်တို့ကတော့ ဘာမှပြန်မပြောကြပဲ ရယ်နေကြ သည်။

"ဒါထက် မေးရဦးမယ်၊ လူငယ်လူရွယ်အတော်များများ က ပီယသိဒ္ဓိဆေးတို့ဘာတို့ စိတ်ဝင်စားကြပါတယ်၊ မင်းတို့က ဘာဖြစ်လို့ စိတ်မဝင်စားတာလဲ"

ဟု မေးသည်။

ထိုအခါ နီမောင်ကပင် ပြန်ပြောသည်။

"ကိုယ်နဲ့တစ်သက်လုံး လက်တွဲသွားဖို့ ရည်စူးထားတဲ့ မိန်းကလေးဆိုရင် ဆေးဝါးအကူအညီတွေနဲ့ လုပ်ယူဖို့ မသင့်ဖူး ထင်လို့ပါ ဆရာကြီး၊ ဆေးဝါးနဲ့လုပ်ယူလို့ ရပေမယ့် သူက ကိုယ့် အပေါ်မှာ တကယ်မနှစ်သက်ရင် တစ်နေ့ကျရင် ပြိုကွဲမှာပါပဲ၊ ဒါကြောင့် တကယ်လိုချင်ရင် ဆေးဝါးမလိုပဲ သူ့မေတ္တာကိုရ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကြိုးစားယူတာက ပိုပြီးကောင်းမယ်ထင်လို့ပါ"

ဦးဗန်ကောင်းက ကွမ်းဝါးရင်းနှင့်ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။

"မှန်တာပေါ့ကွာ၊ ဆေးနဲ့လုပ်ယူရင် လုပ်ရမှာပေါ့၊ သူ့မေတ္တာတော့ ဘယ်ရပ့ါမလဲ၊ တစ်နေ့သိသွားရင် အမုန်းပွားတာတောင် ခံရမှာပေါ့"

"ဒါထက် မေးရဦးမယ်၊ ဆရာကြီးကရော ဒီလိုအစီအရင်တွေ လုပ်တတ်တယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ဟိုဘက်ရွာက ဆရာတွေလို ဘာကြောင့် မလုပ်တာလဲဟင်"

"ငါက ဒါမျိုးနဲ့ ငွေမရှာချင်ပါဘူး၊ ဆေးကုပေးတယ်ဆိုတာ စေတနာထားတတ်ရင် ကုသိုလ်ရတယ်၊ ဒီလိုအလုပ်တွေလုပ်ရင် ကုသိုလ်မရပဲ အကုသိုလ်ရမှာပေါ့"

"ဒါဖြင့် သူတို့လုပ်နေတဲ့ အစီအရင်တွေကို ဆရာကြီးသိတယ်မဟုတ်လား။ ဘယ်လိုနည်းနဲ့ လုပ်တယ်ဆိုတာ ဗဟုသုတရအောင် တစ်ခုလောက် ပြောပြပေးပါ ဆရာကြီး"

ထိုသို့ပြောသဖြင့် ဆရာအချို့ အသုံးပြုသော နည်းများထဲမှ နည်းတစ်ခုကိုပြောပြလေသည်။

ရုပ်ဝတ္ထုတစ်ခုထဲကို နောက်ထပ်ရုပ်ဝတ္ထုတစ်ခု လူတို့၏ သာမန်မျက်လုံးနှင့်မမြင်နိုင်ပဲ ဝင်ရောက်သွားသည့် မျက်



www.burmeseclassic.com

www.burmeseclassic.com


လှည့်ပြကွက် များစွာရှိပေသည်။

ထိုနည်းများထဲမှ အရိုးရှင်းဆုံး နည်းတစ်နည်း၏ လျှို့ဝှက်ချက်ကို သိရှိအောင် ဖော်ပြပါမည်။

ထိုနည်းမှာ အချို့ပုဂ္ဂိုလ်တု ပုဂ္ဂိုလ်ယောင်များက သမားဂုဏ်ပြသည့်အနေဖြင့် အသုံးပြုတတ်သည့် နည်းတစ်နည်း ဖြစ်ပေသည်။

ဖော်ပြသည့် ရည်ရွယ်ချက်မှာ သူတစ်ပါးလှည့်ဖြားမှုကို ယုံကြည်လွယ်သဖြင့် ဒုက္ခတွေ့ခြင်းမျိုးမှ ကင်းဝေးစေရန်ဖြစ်သည်။

ကြက်ဥအစိမ်းတစ်လုံးထဲမှ ဓါတ်လုံးလက်စွပ် သို့မဟုတ် ရှင်သိဝလိရုပ်တုတော်တစ်မျိုးမျိုး ထုတ်ယူပြသည့်နည်းကို ဖော်ပြပါမည်။

အဆိုပါနည်းအတွက် လိုအပ်သော ပစ္စည်းများမှာ. . .

- ကြက်ဥအစိမ်း ၄လုံး/၅လုံး၊
- ဓါတ်လုံးလက်စွပ်တစ်ကွင်း၊
- ပန်းကန်ပြားတစ်ချပ်၊
- စတီးဇွန်းတစ်ချောင်း. . . တို့ ဖြစ်သည်။

၎င်းတို့ကို အသုံးပြု၍ အောက်ပါအတိုင်း ပြုလုပ်ရသည်။

ပထမဦးစွာ ကြက်ဥအစိမ်း ၄လုံး/၅လုံးခန့်ကို ပန်းကန်ပြားထဲမှာ ထည့်ထားပါ။ ဘေးတွင် ဝိုင်းကြည့်နေသော ပရိသတ်


www.burmeseclassic.com

www.burmeseclassic.com



များထဲမှ တစ်ဦးကို သူကြိုက်ရာ ကြက်ဥတစ်လုံးကို ရွေးချယ်ခိုင်းလိုက်ပါ။

ထိုအချိန်မှာ ပြသမည့်သူ၏ ညာဘက်လက်ဖဝါးထဲမှာ ခါတ်လုံးလက်စွပ်တစ်ကွင်းကို မိမိရရ ညှပ်ထားပါ။

ပြီးလျှင် ပရိသတ်ရွေးပေးသည့် ကြက်ဥကို ဘယ်ဖက်လက်နှင့် လှမ်းယူလိုက်ပါ။

ထိုနောက် လက်ဖဝါးထဲမှာ လက်စွပ်ကိုဖွက်ပြီး ညှပ်ထားသော ညာဘက်လက်ဖြင့် စတီးဇွန်းကို ကောက်ယူပါ၊ လက်ဖဝါးထဲမှ လက်စွပ်ထွက်မကျစေရန် အထူးဂရုစိုက်ရပါမည်။

ညာလက်ဖြင့် ကြက်ဥ၏ထိပ်ဖက်ကို ဇွန်းနှင့်ရိုက်ပြီး အပေါက်ဖောက်လိုက်ပါ၊ ပြီးလျှင် ညာဖက်လက်က ဇွန်းကို ပြန်ပြီးချထားလိုက်ပါတယ်။ ဇွန်းကိုပြန်ချအပြီးမှာ လက်စွပ်ညှပ်ထားတဲ့ ညာလက်ကို မဲ့လျော့ပြီး ပက်လက်မလှန်လိုက်ဖို့ သတိထားရပါမည်။

ထို့နောက် ကြက်ဥ၏ အပေါ်ဖက် အပေါက်ဖောက်ထားသည့် အပေါ်ကို လက်စွပ်ပါသော ညာလက်နှင့် အုပ်လိုက်ပြီး လက်စွပ်ကို ကြက်ဥထဲထည့်လိုက်ခြင်းဖြစ်သည်။

ဤသို့ ညာလက်ဖြင့် ကြက်ဥကိုအုပ်ရာတွင် အရေးပါသော အချက်မှာ ညာလက်ဖြင့် ကြက်ဥအပေါက်ကို အုပ်လိုက်ခြင်းမျိုး မဖြစ်စေရပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေး အုပ်ထားလိုက်၊ ဒီလိုလေး အုပ်ထားလိုက်"

ဟု ဆိုကာ သရုပ်ပြသူက ဘယ်လက်ဖြင့် ကြက်ဥကို ကိုင်ထားပြီး အပေါ်ကနေ ညာလက်ဝါးဖြင့် အုပ်ပြလိုက်သည့် ဟန်နဲ့ သရုပ်ဆောင်ပြီး ညာလက်ဝါးထဲမှ လက်စွပ်ကို ကြက်ဥ ပေါက်ထဲဝင်အောင် ထည့်လိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါ သရုပ်ပြကွက်တွင် သရုပ်ပြသူ၏ ဟန်ပန်၊ လေ ယူလေသိမ်း၊ အသံနေအသံထားနှင့် မျက်လုံးအကြည့်၊ လက် လှုပ်ရှားမှု၊ လျင်မြန်မှု တိကျမှန်ကန်သေချာမှုတို့ဖြင့် ဘေးက ကြည့်နေသော ပရိသတ်ကိုဖမ်းစားထားနိုင်ခြင်း ဖြစ်သည်။

သို့ဖြစ်၍ သရုပ်ပြသူသည် ပရိသတ်များ၏ ရှေ့တွင်ပင် ကြက်ဥကွဲသို့ လက်စွပ်ထည့်လိုက်သည်ကို မသိလိုက်ကြခြင်းဖြစ် သည်။

ယုံကြည်မှု လွဲမှားစွာဖြင့် လိုချင်တပ်မက်မှု လောဘများ ဖုံးနေသည့် သူများသည် ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်နိုင်ပေ။ မဆင်မခြင် ယုံကြည်လွယ်ပြီး သူတစ်ပါးကို အား ကိုးပြုလိုသူများအတွက် လှည့်ဖျားခြင်း ခံရရန် လွယ်ကူလှသည်။

ကြက်ဥထဲသို့ လက်စွပ်ရောက်သွားပြီးသည့် အခါတွင်မှ ဘေးမှာဝိုင်းကြည့်နေသော ပရိသတ်ထဲမှ တစ်ဦးကို ထိုကြက်ဥ ပေး၍ ပန်းကန်ပြားပေါ်သို့ မှောက်ချခိုင်းသည်။

ဤတွင် ကြက်ဥအကာရည်၊ အနှစ်များနှင့်အတူ ကြက် ဥတွင်းမှ ခါတ်လုံးလက်စွပ်ထွက်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com


ထိုဓါတ်လုံးလက်စွပ်ကို သိုက်ထဲမှ ယူပေးခြင်းဖြစ်ကြောင်း ထိုဓါတ်လုံးလက်စွပ်ကို ဆောင်ထားပါက စီးပွားတက်၍ မကြာမီ ချမ်းသာကြွယ်ဝလာမည်ဖြစ်ကြောင်း လိုအင်ဆန္ဒ ချက်ချင်းပြည့်ဝမည်ဖြစ်ကြောင်း စသည်ဖြင့် သရုပ်ပြသည့် ပုဂ္ဂိုလ်က အဟောကောင်း၊ အပြောကောင်း၊ ဟိတ်ဟန်ကောင်းဖြင့် ပြောတတ်ကြသည်။

အသိဉာဏ်နည်း၍ ဆင်ခြင်စဉ်းစားမှု မပြုနိုင်သူ၊ လောဘတက်နေသူ၊ သောကပွားနေသူ၊ အားကိုးရှာနေသူ၊ ယုံကြည်လွယ်သူ၊ ဘာသာရေး၏အနှစ်သာရကို မသိသူများအတွက် ထိုကြက်ဥတွင်းမှရသော ဓါတ်လုံးလက်စွပ်သည် အဖိုးထိုက်တန်လှပေသည်။

သို့ဖြစ်၍ အဆိုပါ ဓါတ်လုံးလက်စွပ် ရရှိပိုင်ဆိုင်ရေးအတွက် ငွေပေး၊ ရွှေပေး၊ အကုန်ပေး၍ ကြိုးစားရယူကာ ယုံယုံကြည်ကြည်ဖြင့် ဆောင်ထားတတ်ကြသည်။

အချို့ သရုပ်ပြသည့် ပုဂ္ဂိုလ်များက သဘော်သီးထဲမှ စိတ်ပုတီး ထုတ်ပြတတ်ကြသည်။ ဗုဒ္ဓရုပ်ပွားတော် ထုတ်ပြတတ်ကြသည်။

အပေါက်ဖောက်၍ရသည့် ရုပ်ဝတ္ထုပစ္စည်းထဲမှ အခြားရုပ်ဝတ္ထုပစ္စည်းကို ထုတ်ပြခြင်းမျိုးတွင် လှည့်ကွက်ရှိစမြဲ ဖြစ်ပေသည်။

သရုပ်ပြ၍ လှည့်ကွက်အမျိုးမျိုး ပြသသူက မည်သို့ပင်ပြ


www.burmeseclassic.com

www.burmeseclassic.com


သစေကာမူ ကြည့်ရှုသူများက အစစ်အမှန်ကို နားလည်သဘော ပေါက်ထားရန် အထူးလိုအပ်ပါသည်။

စစ်မှန်သော ဘာသာတရားတွင် ဤသို့လှည့်ကွက်မျိုး မရှိကြောင်းနှင့် လှည့်ကွက်ဖြင့်ပြသသော အဆောင်ပစ္စည်းကို ဆောင်ထားခြင်းဖြင့် မည်သည့်အကျိုးတရားမျှ မဖြစ်ထွန်းနိုင်ပေ။

လူတို့သည် မိမိကိုယ်ကို မိမိအားကိုးပြီး အလွယ်လမ်းဖြင့် ချမ်းသာကြီးပွားလိုစိတ်များ မရှိပါက သူတစ်ပါး၏ လှည့်ဖျားမှုကိုမခံရပေ။

ထိုကဲ့သို့သော ပဉ္စလက်နည်းများကို အသုံးပြုလျက် မိမိအား အထင်ကြီးစေရန် ပညာပြကွက်အမျိုးမျိုးလည်း ရှိပေသေးသည်။ နာမည်မှတ်ထားသော ငွေစက္ကူကို မှတ်သားထားပြီး မီးရှို့သည်။ ပြီးမှပြန်ရအောင် လုပ်သောနည်း၊ ကန့်လန့်ကာ ဖယ်လိုက်သည်နှင့် အမှောင်ထဲမှာ စိုက်ထားသော ဖယောင်းတိုင်များ အလိုအလျောက် မီးတောက်စေသောနည်းများအပြင် အခြားထူးဆန်းအံ့သြဖွယ်ရာ ပဉ္စလက်နည်း မြောက်များစွာလည်း ရှိပေသေးသည်။

မြို့ကြီးများတွင် တခမ်းတနားဖြင့် ဆေးကုပေးနေသော ဆေးဆရာအချို့နှင့် တွေ့ခဲ့ဖူးသည်။

တစ်ခါက ကျွန်ုပ်သည် မဂ္ဂဇင်းတိုက်တစ်ခုတွင် အယ်ဒီတာ ဖြစ်ခဲ့ဖူးပေ၏။ အခြားအယ်ဒီတာများလို တိုက်ထဲမှာနေပြီး


www.burmeseclassic.com

www.burmeseclassic.com


စာမူဖတ်ရှုတည်းဖြတ်ရသော အယ်ဒီတာမျိုးမဟုတ်ပဲ အရပ်တကာနယ်တကာ လှည့်လည်သွားလာပြီး ထူးခြားဆန်းကြယ်သော အကြောင်းများကို ရှာဖွေရေးသားရသော အယ်ဒီတာဖြစ်သည်။

နယ်လှည့်အယ်ဒီတာဟု နာမည်တစ်ခုတပ်ပေးထားသည်။ ကျွန်ုပ်၏တာဝန်များထဲတွင် ဆေးဆရာ၊ ဘိုးတော် မယ်တော်များနှင့် တွေ့ဆုံပြီး ၎င်းတို့အကြောင်းကို ဆောင်းပါးရေးသားရခြင်းလည်း ပါသည်။

အစစ်အမှန်ပညာ ကျွမ်းကျင်သော ဆရာကြီးများနှင့် တွေ့ရသလို အတုအယောင်အတော်များများကိုလည်း တွေ့ရသည်။

သိုက်ဆက်ရှိသည်၊ သိုက်ကြိုးဖြတ်ပေးမည်ဟု ပြောပြီး တပည့်ဒလန်များနှင့် သမားဂုဏ်ပြပြီး ကာယကံရှင်များထံမှ ငွေကိုသဲ့ယူသော ဆရာများနှင့်လည်း တွေ့ရဖူးသည်။

၎င်းမွေးထားသော တပည့်များက လက်ဖြင့်ထိရုံနှင့် ဘုံးခနဲလဲကျသွားကာ ဆေးလိပ်မီးနှင့် ထိုးလျှင်ပင် မလှုပ်တော့ပေ။

အများအားဖြင့်တော့ ထိုနည်းများသုံးပြီး ဗဟုသုတနည်းပါးသော ကျေးလက်တောရွာများတွင် ပြုလုပ်ကြရာ ထိုအထဲမှဖြစ်ရပ်မှန်တစ်ခုကို ဖော်ပြပေးပါမည်။

(ထိုအကြောင်းကို သတင်းဂျာနယ်တစ်ခု၌ ဖော်ပြထားပြီး ဖြစ်ပေသည်။)



www.burmeseclassic.com

www.burmeseclassic.com



## "သိပ္ပံနည်းနှင့် မျက်လှည့်နည်းပညာများ အသုံးပြု၍ လိမ်လည်မှုများရှိနေ"

လူလိမ်လူညာ အကြံသမားများသည် အများပြည်သူ၏ အယုံလွယ်မှု စိုးရိမ်ကြီးမှုများကို အခွင့်ကောင်းယူကာ နည်းမျိုးစုံဖြင့် လိမ်လည်လှည့်ဖြားမှုများ ပြုလုပ်လျှက်ရှိသည်။

မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေ ရွာငယ်လေးတစ်ရွာရှိ ဦးတင်ရွှေ(အမည်လွှဲ)နေအိမ်သို့ လွယ်အိတ်တစ်လုံးနှင့် ဧည့်သည်လူငယ်တစ်ဦး ရောက်ရှိလာပြီး ရွာမှပြောင်းရွှေ့သွားခဲ့ပြီဖြစ်သော ဦးတင်ဝင်း(အမည်လွှဲ)၊ ဒေါ်ခင်ဆွေ(အမည်လွှဲ)၏ မိတ်ဆွေဖြစ်ကြောင်း၊ ၎င်းတို့အိမ်တွင်တည်းခို၍ မိကျောင်းကွမ်းဖတ်(ပင်လယ်နှမ်း)ဝယ်ယူရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း ပြောဆိုသည်။

ထိုဧည့်သည်သည် တည်းခိုရန် အခက်အခဲ ဖြစ်နေသည့်အတွက် ဦးတင်ရွှေက သူ၏နေအိမ်တွင် တည်းခိုစေပြီး မိကျောင်းကွမ်းဖတ်များဝယ်ယူရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါနေအိမ်၌ ညဘက်ဝိုင်းဖွဲ့ စကားပြောနေရာမှ ဧည့်သည်က သူသည် ဆရာတစ်ယောက်ဖြစ်ကြောင်း ဦးတင်ရွှေ၏နေအိမ်တွင် အတိုက်မိနေကြောင်း လက်တွေ့ပြသမည်ဆိုကာ ဘဲဥတစ်လုံးကို သိသာထင်ရှားသော အမှတ်အသား ပြုလုပ်ကာ ပန်းကန်တစ်ချပ်ဖြင့် ခုံပေါ်တွင် ဖယောင်းတိုင်ထွန်းပြီး ၎င်းနှင့်အတူ သင်ဖြူးဖျာပတ်၍ စောင်များဖြင့် လုံခြုံအောင်ပတ်



www.burmeseclassic.com

www.burmeseclassic.com



စေခဲ့ကြောင်း (၁၅)မိနစ်ခန့်အကြာတွင် ဖျာနှင့် စောင်များကို ပြန်လည်ဖယ်ရှားစေပြီး အမှတ်အသားများ ပြုလုပ်ထားသော ဘဲဥမှန်မမှန်ကို ပရိသတ်များအား စစ်ဆေးစေခဲ့သည်။

ထိုဘဲဥတွင် အမှတ်အသားများ မှန်ကန်စွာ ရှိနေသောကြောင့် ဘဲဥကို ပန်းကန်အတွင်းသို့ ဖောက်ချစေခဲ့ရာ ဘဲဥ၏ အကာအနှစ်များနှင့်အတူ ဆံပင်များလည်း ပါဝင်လာခဲ့ကြောင်း တွေ့ကြရသည်။

ထို့နောက် ဆရာသည် ဤမျှလောက်ဖြင့် သူ၏ပညာကို မယုံကြည်ရန် ပြောဆို၍ မီးထွန်းထားသောဖယောင်းတိုင်များကို လက်ဖြင့်ပွတ်သပ်၍ မန်းမှုတ်ငြိမ်းသတ်ခဲ့သည်။

၎င်းမီးငြိမ်းနေသည့် ဖယောင်းတိုင်များကို ရေဖြင့် တောက်လိုက်ရာ ဖယောင်းတိုင်များ အလိုအလျောက် မီးများ ပြန်လည်တောက်လာခဲ့သဖြင့် အားလုံးက အံ့သြမှုနှင့်အတူ ကြောက်ရွံ့မှုများကိုလည်း ခံစားခဲ့ကြရသည်။

သို့ဖြင့် ထိုသူကိုဆရာအစစ်အဖြစ် လက်ခံယုံကြည်ခဲ့ကြသည်။ အိမ်ရှင်ဦးတင်ရွှေက ၎င်းနေအိမ်တွင် တွေ့ရှိရသော အတိုက်အခိုက်များကို ဖယ်ရှားပေးရန် ပြောဆိုခဲ့သည်။

ထိုဧည့်သည်က ငွေငါးသောင်းကျပ်ပေးလျှင် ပြုလုပ်ဖယ်ရှားပေးမည်ဆိုခြင်းကြောင့် ထိုငွေကိုပေးရန် အိမ်ရှင်မိသားစုများက လက်ခံခဲ့ကြောင်း သိရသည်။

ဧည့်သည်က ဤသို့ ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ အစီအစဉ်ကို ပြုလုပ်ရန် လုံခြုံသော အခန်းတစ်ခန်းမှာ ည(၁၂)နာရီမှ နောက်နေ့နေ့လည် (၁၂)နာရီအထိ ၎င်းက နေရမည်ဖြစ်ကြောင်း အခန်းအနီးသို့ မည်သူတစ်ဦးတစ်ယောက်မျှ မလာရန်၊ အကယ်၍ လာခဲ့မိလျှင် ဖြစ်ပေါ်လာမည့် ပြဿနာကို သူကကယ်တင်နိုင်မည် မဟုတ်ကြောင်း၊

နံနက် (၃)နာရီကျော်ခန့်တွင် ခွေးဟောင်သံများ၊ တံခါးဖွင့်သံများနှင့် အရိပ်သဏ္ဍာန်များကို တွေ့မြင်ကြားသိနိုင်ကြောင်း၊ ၎င်းအခြေအနေကို မည်သူမျှ ထမကြည့်စေလိုကြောင်း၊ မကောင်းဆိုးရွားများ၏ လှုပ်ရှားသံများဖြစ်၍ ကြည့်ရှုမိပါက အသက်ပျောက်နိုင်သည်အထိ အန္တရာယ်ကြီးမားကြောင်း ၎င်းက နောက်တစ်နေ့ (၁၂)နာရီကျော်မှသာ အခန်းအတွင်းမှ ပြန်လည်ထွက်လာမည်ဖြစ်ကြောင်း၊ ထိုအခါ အတိုက်အခိုက်များအားလုံး ပြေပျောက်သွားမှာဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ ရှင်းပြသည်။

ထို့နောက် ပတ်ဝန်းကျင်မှ ဧည့်သည်များနှင့် ဦးတင်ရွှေ၏ မိသားစုကို အိပ်ယာဝင်စေခဲ့ပြီး တစ်အိမ်လုံး အမှောင်ချကာ အခန်းအတွင်းသို့ ဧည့်သည်ဆရာ ဝင်ရောက်သွားလေသည်။

နောက်နေ့နံနက် (၃)နာရီခန့်တွင် လမ်းလျှောက်သံ၊ တံခါးဖွင့်သံနှင့် ခွေးဟောင်သံများကို ကြားနေရသော်လည်း အိမ်ရှင်ဦးတင်ရွှေတို့ မိသားစုသည် ဧည့်သည်ဆရာ ဆောင်ရွက်ပေးနေသော အစီအမံ ပျက်သွားမည်စိုး၍ ထမကြည့်ခဲ့ကြ

www.burmeseclassic.com



ပေ။

အိမ်ရှင်မိသားစုများသည် နောက်နေ့ (၁၂)နာရီခန့်တွင် အခန်းတွင်းမှ ထွက်လာမည့် ဂုဏ်ဆရာအား စောင့်ဆိုင်းနေခဲ့ကြသော်လည်း ညနေ(၅)နာရီကျော်အထိ ထွက်မလာခဲ့ပေ။

ထိုအခါမှ အခန်းတံခါးကို မဝံ့မရဲဖြင့် ဖွင့်ကြည့်ခဲ့ရာ ထိုဉီးသည်ဆရာကို မတွေ့တော့ပေ။ ဆရာဆိုသူ ထိုဉီးသည် ပျောက်ဆုံးနေခြင်းနှင့်ပတ်သက်၍ ကျေးရွာနေသူများက အိမ်ရှင်ဦးတင်ရွှေထံမှ ငွေကျပ်ငါးသောင်းကို ဆရာဆိုသူက လိမ်ညာယူပြီး ထွက်ပြေးသွားပြီဟု ယုံကြည်ခဲ့ကြသည်။

အဆိုပါဆရာ၏ ပြကွက်ထူးများမှာ ဘဲဥကိုအပ်ငယ်ဖြင့်ဖောက်ပြီး ဆံပင်ခြည်များကို စိတ်ရှည်စွာ ဘဲဥတွင်းသို့ ထည့်သွင်း၍ အပ်ပေါက်ကိုလက်ဖြင့်ပွတ်လိုက်လျှင် အပ်ပေါက်ရာ ပျောက်သွားခဲ့ကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် ဖယောင်းတိုင်များ အလိုအလျောက် မီးတောက်ရခြင်းမှာလည်း မီးစာတွင် ဓာတုဗေဒပစ္စည်းဖြစ်သော ဆိုဒီယမ်ခဲမှ အမှုန့်များကို ပွတ်လိမ်းပြီး ရေနှင့်တောက်လိုက်သဖြင့် အလိုအလျောက် မီးတောက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပေသည်။

အထက်ပါ အဖြစ်အပျက်ကို လေ့လာကြည့်လျှင် အသိပညာ ဗဟုသုတမကြွယ်ဝသော ကျေးလက်တောရွာများတွင် ဆရာအတုအယောင် ဘိုးတော်အတုအယောင်များ ပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သမားဂုဏ်ပြုကာ (ပဉ္စလက်နည်းများဖြင့်) လိမ်သောအခါ အလိမ်ခံကြရသည်ကို တွေ့ရပေသည်။

နေဇလိမ်နည်း စာအုပ်မျိုးကို ဖတ်ထားဖူးလျှင်တော့ ထိုကဲ့သို့ အလိမ်ခံကြရမည် မဟုတ်ကြပေ။

"ဆရာကြီးပြောမှပဲ နည်းအမျိုးမျိုးနဲ့ လိမ်နည်းတွေအကြောင်းကို သိရပေတော့တယ်၊ ဆရာကြီးနဲ့တွေ့တုန်း မေးရဦးမယ်၊ အခုတလော မိန်းမပျိုလေးတွေ ကြမ္မာဆိုးတွေနဲ့ ကြုံနေကြရတာရော သွေးရိုးသားရိုး မဖြစ်နိုင်ဘူး မဟုတ်လား"

"ဒါတွေဟာ တိုက်ဆိုင်မှုဆိုရင်တောင် တစ်ခုနှစ်ခုလောက်ပဲ ဖြစ်မှာပေါ့၊ မကြာခဏဖြစ်နေတာဆိုရင်တော့ တစ်ယောက်ယောက်က ယုတ်မာနေတယ်ဆိုတာ သိသာတာပေါ့"

"ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆရာကြီး"

"လောလောဆယ်တော့ မိန်းကလေးတွေရော၊ မိန်းမပျိုရှိတဲ့ မိဘတွေ ပေါ့ပေါ့မနေကြဖို့လိုတယ်၊ သတိပေါ့လျော့ရင်တော့ မိစ္ဆာကျော့ကွင်းထဲ ရောက်သွားမှာ အသေအချာပဲ"

ဟု ပြောပြလေသည်။


ထို့နောက်မှာတော့ နီမောင်တို့ သုံးယောက်လည်း ဆရာကြီး ဦးဇန်ကောင်းကို နှုတ်ဆက်ကာ ပြန်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

မြနှင်းဖြူမှာ ယခုတလော ကြောက်ရွံ့ထိတ်လန့်မှုများ ရှိနေသောကြောင့် ညအချိန်ရောက်လာလျှင် အိပ်မပျော်နိုင်ပဲ ဖြစ်နေလေသည်။ သူတို့နေသော ရွာအပါအဝင် ရွာအချို့တွင် နေကြသည့် မိန်းမပျိုများ ကံကြမ္မာဆိုးများနှင့် ကြုံတွေ့နေကြရသော အဖြစ်ဆိုးများနှင့် ကြုံတွေ့နေကြရသဖြင့် စိုးရိမ်သောက များ ဝင်ရောက်နေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာ ဖြစ်ပျက်ကြုံတွေ့ခဲ့သော အဖြစ်အပျက်ကလည်း သူမကို ခြောက်လှန့်နေသကဲ့သို့ ရှိလေသည်။

ထိုနေ့က မိခင် ဒေါ်မြမေနှင့်အတူ ရွာသားများဘက်မှ အိမ်တစ်အိမ်သို့ လူနာသတင်းမေးရန် သွားရောက်ခဲ့သည်။

ထိုလူနာမှာ မြနှင်းဖြူတို့ မိသားစုနှင့် သားချင်းမကင်းပေ။ ပြုစားခံရသကဲ့သို့ဖြစ်ကာ ကယောင်ချောက်ချား ဖြစ်နေသောကြောင့် ကျွန်းညီနောင်ရွာမှာနေသော ပယောဂဆရာဦးသူတော်အား ပင့်ခေါ်ကာ ကုသနေရလေသည်။

မြနှင်းဖြူတို့ ရောက်သွားသောအချိန်တွင် ဆေးဆရာက လူနာကို ဆေးကုပေးနေသော အချိန်လည်းဖြစ်သည်။

ခေါင်းရင်းဘက်တွင် ကန်တော့ပွဲ ထိုးထားပြီး ဖယောင်းတိုင် အမွှေးတိုင်များ ထွန်းထားသည်။

ဆရာက လူနာကို ဆေးရည်များဖြင့် ပက်ဖြန်းပြီး ဆေးတစ်ခွက်တိုက်လိုက်ရာ အတော်ကြာသည်အထိ အိပ်ယာပေါ်မှာ လူးလိမ့်နေလေတော့သည်။ လူနာမှာ အသက်အရွယ်မကြီးသော မိန်းမပျိုတစ်ဦးဖြစ်ရာ မိဘများကတော့ များစွာစိုးရိမ်သောက ရောက်နေကြသည်။

ဆရာကတော့ ဂါထာမန္တာန်များကို ရွတ်ဖတ်ရင်း အခြေအနေကိုသာ ကြည့်နေသည်။ ပြီးမှ . .

"ဘာမှစိတ်မပူကြနဲ့ . .၊ ဆရာ့ဆေးနဲ့တွေ့ရင် ဘယ်လောက်ကြမ်းတဲ့ အမှောင့်ပယောဂမှ မခံနိုင်ဘူး ပြုစားထား



www.burmeseclassic.com

www.burmeseclassic.com



တာရှိရင် ပြန်ကျလာစေရမယ်"

ဟုပြောသည်။

ထိုသို့ပြောပြီး ခဏကြာတော့ ဖျာပေါ်တွင် လူးလိမ့်နေသော မိန်းကလေးက ထိုးအန်ချလိုက်သည်။ အမွေးများပင် ပေါက်နေသော အသားစိမ်းတုံးများ ကျလာသည်။

ထိုသို့အန်ချပြီးတော့ တဖြည်းဖြည်းနှင့် ငြိမ်သက်ကာ အိပ်ပျော်သွားလေတော့သည်။

"ကိုင်း. . စိတ်ချရတဲ့ အနေအထား ရောက်သွားပါပြီ၊ နောက်ကိုတော့ အပြောအဆိုအစားအသောက် ဆင်ခြင်ကြပေါ့။ စုန်းကဝေဆိုတာ ချိုပေါက်နေတာမဟုတ်တော့ သိဖို့ခက်တယ်၊ သူတို့ပညာ ကိုယ်ထဲရောက်သွားရင် ပြန်ထုတ်ရတာ ခက်ခဲတယ်"

"မှန်ပါတယ် ဆရာကြီးရယ်"

"သူတို့ကိုနိုင်တဲ့ ဆရာမျိုးနဲ့တွေ့ရမှ အသက်ချမ်းသာရာရတယ်၊ မတွေ့ရင်တော့ ရှူးရင်ရှူး၊ မရှူးရင် သေတာပဲ"

"ကျွန်မတို့ သမီးလေးကို ကယ်တင်ပေးတာ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ နောက်နောင်ကို ဒီလိုပြုစားတာ မခံရအောင် အကာအကွယ် လုပ်ပေးခဲ့ပါ ဆရာကြီးရယ်"

ဟု ပြောသဖြင့် ဆရာကြီးက လွယ်အိတ်ထဲမှ လက်ဖွဲ့ကြိုးတစ်ချောင်းကိုထုတ်ကာ မိခင်ဖြစ်သူလက်သို့ ပေးလိုက်သည်။

"သူနိုးလာရင်သာ ဒီလက်ဖွဲ့ကြိုးကို ဆွဲပေးထားလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အမှောင့်ပယောဂတွေ အနှောက်အယှက် မပေးနိုင်တော့ပါဘူး”

“ကျေးဇူးတင်ပါတယ်၊ ဆရာကြီးရယ်”

ထိုသို့ပေးပြီး ဆရာကြီးက မနီးမဝေးမှာ ထိုင်နေသော မြနှင်းဖြူကို တစ်ချက်ကြည့်လိုက်ပြီးမေးသည်။

“မိန်းကလေးကရော ဒီရွာကပဲလား”

မြနှင်းဖြူက ခေါင်းညိတ်ပြလိုက်သည်။

“ရုပ်ကလေးကလည်းချော မာနကလည်းကြီးမယ့်ပုံပဲ၊ စုန်းမတွေ မျက်စိကျလောက်တဲ့ ရုပ်ရည်မျိုးပေါ့”

မြနှင်းဖြူကတော့ ထိုသို့ပြောသော်လည်း မကြောက်ရွံ့ပေ။

“ငါ နင့်အတွက် အဆောင်လက်ဖွဲ့ ပေးခဲ့မယ်၊ ယူမလား”

ခေါင်းခါပြလိုက်သည်။ အနီးမှာရှိနေသော ဒေါ်မြမေကတော့ ယူရန် လက်ကုပ်ပြီး သတိပေးနေသော်လည်း မယူပေ။

နောက်တော့ ဆရာကြီးက မြနှင်းဖြူကို စူးစူးစိုက်စိုက် တစ်ချက်ကြည့်လိုက်ပြီး ပြန်ရန်ပြင်လေသည်။

မြနှင်းဖြူတို့ သားအမိလည်း လူနာရှင်များကို နှုတ်ဆက်ပြီး ထိုအိမ်မှ ပြန်ထွက်လာကြသည်။ လမ်းရောက်တော့မှ ဒေါ်မြမေက အပြစ်တင်သောအသံမျိုးဖြင့် ပြောလေသည်။

“ဆရာကြီးတစ်ယောက်လုံးက လက်ဖွဲ့ပေးနေတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် ညည်းက ဘာကြောင့်မယူတာလဲ”

“မယူချင်ပါဘူး အမေရယ်၊ တော်ကြာ လက်ဖွဲ့က ကိုယ့်ကို ဒုက္ခပေးမယ့် ပစ္စည်းမျိုးဖြစ်နေတော့ ဘယ့်နှယ့်လုပ်ပါ့မလဲ”

ထိုစကားမှာ မှန်သင့်သလောက်မှန်နေသောကြောင့် ဒေါ်မြမေလည်း လေသံမာမာဖြင့် မပြောတော့ပေ။

“ဒါပေမယ့် ဒီဆရာကြီးက ဒီလိုဧတော့ လုပ်ပါ့မလား၊ တစ်နယ်လုံးက ကြည်ညိုလေးစားနေတဲ့ ပုဂ္ဂိုလ်ကြီး မဟုတ်ပေဘူးလား”

“အမေ ကိုယ့်မိသားစု အချင်းချင်းတောင် ဘယ်သူက ဘယ်လိုစိတ်မျိုး ရှိတယ်ဆိုတာ မသိနိုင်ပဲ အခုမှတွေ့တဲ့ ဆရာတစ်ယောက်ကို ဘယ်လိုယုံလို့ရမှာလဲ၊ ကျွန်မမှာလည်း ဆရာကြီးဦးဇန်ကောင်းပေးထားတဲ့ လက်ဖွဲ့ကြိုးရှိနေတာပဲ”

ဟု ပြောတော့မှ ထပ်မပြောတော့ပေ။

ဆေးဆရာ ဦးသူတော်တို့နှင့် တွေ့ခဲ့သော အကြောင်းများက တစ်နေ့လုံး ခေါင်းထဲရောက်နေပြီး ညအချိန်ရောက်တော့ အိပ်မပျော်တော့ခြင်းဖြစ်နေလေသည်။

ညဉ့်နက်ပိုင်းရောက်တော့ ရင်းတို့နေသော ခြံဝန်းအတွင်းမှ ခွေးဟောင်သံများ ပေါ်ထွက်လာသည်။

နောက်တော့ ထိုအသံများကို နားစွင့်ရင်းနှင့် မှေးခနဲ အိပ်ပျော်သွားလေသည်။

ထိုသို့ အိပ်ပျော်သွားစဉ် နားထဲမှ ခေါ်သံလိုလိုကြားနေ



www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

"ငါ့ဆီကိုလာခဲ့၊ ငါ့ဆီကိုလာခဲ့"

ထိုသို့ခေါ်သံများက နီးလာလိုက် ဝေးလာလိုက်နှင့် ကြားနေရသည်။ နောက်တော့ အဝေးမှ ပျံသန်းလာသော မည်းမည်းသဏ္ဍာန်ကြီးကို ဝိုးတဝါး မြင်ရသည်။

ကြည့်နေရင်းမှာပင် အဝေးမှပျံလာသော မည်းမည်းသဏ္ဍာန်ကြီးက အိမ်ထဲသို့ ရောက်လာသည်။

အိမ်ရောက်လာသော သဏ္ဍာန်မှာ အခြားမဟုတ်ပေ။

လိပ်ပြာနက်ကြီးတစ်ကောင်ပင် ဖြစ်သည်။ အကောင်အရွယ်အစားကြီးပြီး လူမျက်နှာနှင့်တူသော လိပ်ပြာနက်ကြီးက တစ်စုံတစ်ယောက်ကို လှည့်လည်ရှာဖွေနေရင်းမှ မြနှင်းဖြူ့အခန်းထဲသို့ ရောက်လာသည်။

မြနှင်းဖြူမှာ အိပ်ပျော်နေသလား၊ နိုးနေသလား မသိသော်လည်း . . သူမအိပ်ခန်းအတွင်းအထိ ရောက်လာသော လိပ်ပြာနက်ကြီးကိုတော့ ကောင်းစွာမြင်နေသည်။

လိပ်ပြာနက်ကြီး၏မျက်နှာမှာ သတ္တဝါလိပ်ပြာတစ်ကောင်နှင့်မတူပဲ မြင်ဖူးသောလူတစ်ယောက် မျက်နှာမျိုးနှင့် တူလှပြီး နီရဲနေသော မျက်လုံးအစုံဖြင့် သူမအား ကြည့်နေလေသည်။ ထို့ပြင် တောင်ပံခတ်လိုက်တိုင်း အတောင်ပံများမှ ပန်းဝတ်မှုံများကဲ့သို့ အမှုံများ ပျံ့ထွက်လာသည်။

လိပ်ပြာနက်ကြီးကို မြင်ကတည်းက မြနှင်းဖြူမှာ များစွာ



www.burmeseclassic.com

www.burmeseclassic.com


ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပြီး နေရာမှထရန် ကြိုးစားလေသည်။

သို့သော် ထ၍မရပေ။ တစ်စုံတစ်ယောက်က အပေါ်မှ ဖိထားသကဲ့သို့ အိပ်ယာမှ ထမရပဲ ဖြစ်နေလေသည်။

ထိုသို့ မရပဲဖြစ်နေစဉ်မှာ ဝင်လာသော လိပ်ပြာနက်ကြီး က သူမကိုယ်ပေါ်သို့ ဝင်ရောက်နားရန် ချဉ်းကပ်လာလေသည်။ မြနှင်းဖြူမှာ များစွာထိတ်လန့်ကြောက်ရွံ့သဖြင့် အော်ဟစ်အကူ အညီတောင်းရန် ကြိုးစားသော်လည်း လူက လှုပ်မရသလို အသံ ကလည်း မထွက်ပဲ ဖြစ်နေသည်။

ကံကောင်းသောအချက်က သူမကိုယ်ပေါ်သို့ ဝင် ရောက်နားရန် ကြိုးစားနေသော လိပ်ပြာနက်ကြီးက အနား ရောက်လာလိုက်၊ မနားနိုင်ပဲ တစ်စုံတစ်ယောက်က ခြောက်လှန့် မောင်းနှင်နေသကဲ့သို့ ပြန်ထွက်သွားလိုက်နှင့် ဖြစ်နေလေသည်။

ထိုအခြေအနေကိုမြင်တော့မှ မြနှင်းဖြူမှာ ကြောက်ရွံ့မှု များ တဖြည်းဖြည်း လျော့ပါးသွားကာ သူမနှင့် မနီးမဝေးနေရာ မှ လှည့်ပတ်ပျံသန်းနေသော လိပ်ပြာနက်ကြီးအား အသေအချာ ကြည့်မိလေသည်။

ထိုလိပ်ပြာနက်ကြီးမှာ သာမန်မြင်ဖူးသော လိပ်ပြာများ နှင့်မတူ အတော်ပင်ကြီးလှသည်။ လိပ်ပြာတစ်ကောင်အရွယ်အ စားနှင့်မတူပဲ ငှက်တစ်ကောင် အရွယ်အစားလောက်ရှိသည်။

သို့သော် အနက်ရောင် တောက်ပနေသော တောင်ပံ နှစ်ဘက်ကတော့ ငှက်တောင်ပံများထက် ပိုကြီးလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ထူးခြားသောအချက်မှာ မျက်နှာဖြစ်သည်။

မျက်နှာက လိပ်ပြာမျက်နှာနှင့် မတူပဲ လူတစ်ယောက် မျက်နှာမျိုးကဲ့သို့ ဆင်ဆင်တူသည်။ မျက်လုံးနှစ်ဘက်က အပြင်သို့ ပြူးထွက်နေပြီး နီရဲလျက်ရှိသည်။

ပျံ့ဝဲနေသော လိပ်ပြာကြီးကိုယ်မှ ထွက်နေသော အမှုန်များက အခန်းထဲမှာ ပျံ့နှံ့နေလေသည်။

မီးခိုးငွေ့များကဲ့သို့ ပျံ့နှံ့နေသော ထိုအငွေ့များကို ရှူမိသောအခါ အိပ်ချင်သောစိတ်ကို မထိန်းနိုင်ပဲ ဖြစ်နေသောကြောင့် စိတ်ကိုမနည်းတင်းထားရလေသည်။

လိပ်ပြာနက်ကြီးက သူမကိုယ်ပေါ်သို့ ဝင်ရောက်နားရန် အကြိမ်ကြိမ် ကြိုးစားသော်လည်း မရတော့သည့်အဆုံး အပြင်သို့ ပြန်ထွက်သွားလေတော့သည်။

နောက်တော့ မြနှင်းဖြူလည်း အိပ်ပျော်သွားလေတော့သည်။ နောက်တစ်နေ့နံနက် အိပ်ယာမှနိုးလာပြီး မိသားစု လေးယောက်ဆုံတော့ ထိုအကြောင်းကို ပြန်ပြောပြလိုက်သည်။

ထိုအခါ ဦးဘဇံက. . .

"ငါလည်း ညက ခွေးဟောင်သံတွေကြားလို့ မအိပ်ပဲနေဖို့ စိတ်ကူးပေမယ့် နောက်တော့ ဘယ်လိုအိပ်ပျော်သွားတယ် မသိတော့ပါဘူး၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလိုက်တာ မိုးလင်းမှပဲ တစ်ရေးနိုးတော့တာပဲ"

ဟု ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျုပ်လည်း ညက အိပ်မွေ့ချခံရသလို ဖြစ်ပြီး အိပ်ပျော်သွားလိုက်တာ မနိုးတော့ဘူး၊ ခါတိုင်းညတွေက တစ်ညကို နှစ်ခါသုံးခါလောက် မထပဲမရဘူး၊ ဒီညတော့ တစ်ခါမှ မထတော့ဘူး"

ထိုစကားကြားတော့ မြနှင်းဖြူကဝင်ပြောသည်။

"ကျွန်မမြင်လိုက်တာက လိပ်ပြာနက်ကြီးတစ်ကောင်ပဲ လူမျက်နှာနဲ့တူတယ်"

"ဟင်. ."

"သူက ကျွန်မကိုယ်ပေါ် ဝင်နားဖို့ ကြိုးစားပေမယ့် နားလို့မရဘူး၊ သူ့ကိုယ်က ထွက်နေတဲ့ အငွေ့တွေကို ရှူမိရင် အတော်အိပ်ချင်တယ်"

မြနှင်းဖြူစကားကြားတော့ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြလေသည်။

"ဒါဖြင့် ငါတို့အိမ်ကို မကောင်းဆိုးဝါး ဝင်လာပြီး အိပ်မွေ့ချတာဖြစ်မယ်၊ မြနှင်းဖြူနားကို ကပ်မရတာ ဘာကြောင့်လဲ"

"ဆရာကြီး ဦးဗန်ကောင်းပေးထားတဲ့ လက်ဖွဲ့ကြိုးကြောင့် ဖြစ်မှာပေါ့၊ တော်ပါသေးရဲ့ တကယ်လို့ ပါများသွားရင် ကျုပ်သမီးလေးတော့ ကိုယ်ကျိုးနည်းရချည်ရဲ့"

ဟု ဒေါ်မြမေက ကတုန်ကရင်အဆံမျိုးဖြင့် ပြောသည်။

ဦးဘဇံကတော့ လက်ဖက်ရည်သောက်ရင်း စဉ်းစားနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်လိုလုပ်ကြမလဲ ကိုဘဇံ . . ၊ ဒီအတိုင်းတော့ အနှောက်အယှက်က အေးမှာမဟုတ်ဘူး၊ သူ့ကို ဒီအတိုင်းထားလို့တော့ မဖြစ်ဘူးထင်တယ်"

"မင်းက ဘယ်လိုများ လုပ်ချင်လို့လဲ"

"သူ့ကို သင့်တော်တဲ့သူနဲ့ အိမ်ထောင်ချပေးလိုက်ရရင် မကောင်းဘူးလား"

"အို . . အမေကလည်း"

"မင်းကလည်းကွာ၊ ကိုယ်သားသမီး အိမ်ထောင်ချပေးတာ အလောသုံးဆယ်လုပ်လို့ သင့်ပါ့မလား၊ သူနှစ်သက်နေတဲ့သူ ရှိရင်တော့လည်း သင့်မသင့် စဉ်းစားရတာပေါ့"

ထိုအခါ ဒေါ်မြမေက များစွာစိတ်ပူနေသော အမူအယာနှင့် မြနှင်းဖြူဘက်သို့ လှည့်မေးသည်။

"နင်ရော သဘောကျတဲ့သူ တွေ့ထားပြီလား"

"မရှိသေးပါဘူး အမေရယ်"

"ငါကတော့ အတော်စိတ်ပူတယ်၊ ရွာထဲမှာလည်း မိန်းမပျိုလေးတွေ မကြာခဏဒုက္ခတွေ့နေကြတော့ တစ်နေ့ ကိုယ့်အလှည့် မရောက်ဖူးလို့ မပြောနိုင်ဘူး၊ နင်လည်း မငယ်တော့ဘူး၊ တကယ်လို့ အမေတို့ စီစဉ်တာ လက်ခံမယ်ဆိုရင်တော့ ငါ သင့်တော်တဲ့သူနဲ့ နေရာချပေးချင်တယ်"

ဟု ပြောလေသည်။

ထိုစကားကြားတော့ မြနှင်းဖြူမှာ အတော်ပင် စိုးရိမ်စိတ်


www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။ မိခင်တစ်ယောက်၏ သောကကို ဖီလာဆန့်ကျင် မလုပ်ချင်သော်လည်း သူမ မနှစ်သက်ပဲနှင့်တော့ ဘယ်သူ့ကိုမှ လက်မခံချင်ပေ။

တဖက်ကလည်း အန္တရာယ်က ပတ်ဝန်းကျင်သို့ ရောက်နေပြီ ဖြစ်သောကြောင့် မည်ကဲ့သို့ ပြုလုပ်ရမည်ကိုပင် မသိအောင် ဖြစ်နေတော့သည်။

ညနေပိုင်းရောက်တော့ နီမောင်ရောက်လာပြီး သတင်းမေးသည်။

"နင်ဘယ်လိုသိတာလဲ"

"ငါလည်း ဒီလိုပဲ သတင်းကြားလို့ပေါ့"

မြနှင်းဖြူက ညက ကြုံတွေ့ခဲ့ရသော အခြေအနေများကို ပြန်ပြောပြလိုက်သည်။

"တော်ပါသေးရဲ့ ဆရာကြီးဦးဗန်ကောင်းပေးတဲ့ အဆောင်သာ ဆွဲပေးမထားရင် ညကနင်ပါများသွားမလား မသိဘူး၊ တစ်အိမ်လုံး အိပ်မွေ့ချထားပြီး နင့်ကိုပဲ ရွေးခေါ်သွားမှာထင်တယ်၊ ဒီအတိုင်းဆိုရင်တော့ နင့်ဆီကို အနှောက်အယှက်တွေ ရောက်လာပြီထင်တယ်"

"နင်ပြောတော့မှ ညရောက်မှာတောင် ကြောက်လာပြီ၊ အဖေနဲ့အမေတို့လည်း ငါ့အတွက် အတော်စိတ်ပူနေကြပြီ၊ သင့်တော်တဲ့သူနဲ့တောင် အိမ်ထောင်ချပေးဖို့ ပြောနေကြတယ်"

"အင်း. . ဒါလည်းကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကောင်းတာလဲ"

မြနှင်းဖြူအသံက အတော်ပင် ကျယ်သွားလေသည်။

"အော်ဒီလိုပါ၊ လူကြီးတွေ စီစဉ်တာ လက်ခံတော့ ကိုယ်သဘောကျတဲ့သူနဲ့လည်း နီးရတယ်၊ အိမ်ထောင်ကျပြီး တော့ အန္တရာယ်တွေလည်း ကင်းသွားတာပေါ့"

မြနှင်းဖြူက မျက်စောင်းတစ်ချက်ထိုးလိုက်သည်။

"သူနဲ့တိုင်ပင်လို့ အားပေးဖော် ရမလားမှတ်တယ်၊ မရ တဲ့အပြင် ပိုတောင်ဆိုးနေသေးတယ်၊ ငါက ရည်စူးထားတာ မပြောနဲ့ ဒီအကြောင်းတွေကို စိတ်ကူးတောင် မထည့်ထားတော့ ဘယ်သူ့ယူရမှာလဲ"

"အင်း. . ဒါလည်း ကောင်းတာပဲ"

"လာပြန်ပြီ ဘယ်လိုကောင်းပြန်တာလဲ"

"နင့်မှာ ရည်စူးတဲ့သူ မရှိသေးဘူးဆိုတာသိတော့ ကောင်းတယ်လို့ ပြောတာပါ၊ ဒါပေမယ့် နင့်ကိုတော့ စိတ်ဝင် စားနေတဲ့သူတွေ အများကြီး ရှိကြပါတယ်၊ အဲဒီထဲက ကိုယ် သဘောကျတာ ရွေးပေါ့"

"နင်က အိမ်ထောင်ပြုတယ်ဆိုတာ ပုံထားတဲ့ ငါးတွေ ထဲက ကိုယ်ကြိုက်တဲ့ ငါးတစ်ကောင်ကို ချက်ချင်းရွေးပြီး ချက် ချင်းချက်စားလို့ ရတယ်လို့များ ထင်နေလို့လား"

"ငါစကားပြောတာ မှားသွားရင် တောင်းပန်ပါတယ်၊ မြနှင်းဖြူရယ်၊ ငါက တစ်ခါမှ ချစ်သူမထားခဲ့ဖူးသေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေကို တကယ်မသိလို့ပါ”

“ငါကရော ချစ်သူရည်းစားတွေ အများကြီး ရှိနေလို့လား”

နီမောင်မှာ ဘာဆက်ပြောရမှန်းမသိတော့သဖြင့် အတော်ကြာအောင် စဉ်းစားနေသည်။

“လောကမှာ ရိုးသားတာကတော့ကောင်းပါတယ်၊ ဒါပေမယ့် ရိုးလွန်းအလွန်းပြီး တဖက်သားအရိပ်အကဲကို မသိလွန်းပြန်တော့လည်း ကျန်တဲ့လူတွေ စိတ်ဆင်းရဲရတယ် ဆိုတာတော့သိဖို့ကောင်းတယ်၊ ဒီမှာ ငါ နင့်ကိုတစ်ခုပြောမယ်၊ ငါက ဘယ်လိုအကျပ်အတည်းတွေနဲ့ပဲတွေ့တွေ့ ကိုယ်မနှစ်သက်ဘဲနဲ့တော့ ဘယ်သူ့ကိုမှ လက်ခံမှာ မဟုတ်ဘူး”

နီမောင်က မြနှင်းဖြူကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

“ငါ တောင်းပန်ပါတယ်၊ ဒီလိုသဘောမျိုးနဲ့လည်းပြောတာမဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် နင်လက်ခံပေးရင် နင့်ကို မှဲ့တစ်ပေါက်မစွန်းရအောင် ငါကာကွယ်စောင့်ရှောက်ပေးပါ့မယ်”

ထိုသို့ ပြောပြီးနောက် နီမောင်က မြနှင်းဖြူကို နှုတ်ဆက်ပြီး ပြန်ထွက်သွားလေတော့သည်။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အခန်း(၇)

အနောက်ရိုးမတောင်တကြောကို အမှီပြုနေကြသော ကျေးရွာများမှာ တစ်နေရာနှင့်တစ်နေရာ မဝေးသောကြောင့် တစ်ရွာတွင် အကြောင်းတစ်ခုပေါ်ပေါက်လျှင် အခြားရွာများမှ တစ်ဆင့်စကား တစ်ဆင့်ကြားပြီး သိကြသည်။

သတင်းထူးပါက တောမီးလောင်သကဲ့သို့ ပြန့်နှံ့သော ကြောင့်လည်း မသိသူ မရှိသလောက်ဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်တောရွာများမှာ အလုပ်အားလျှင် တစ်အိမ်နှင့်တစ်အိမ်ကူးပြီး စကားဝိုင်းဖွဲ့ကြသော ဓလေ့ရှိရာ တစ်ဦးတစ်ယောက်ကသိလျှင် နေ့မကူးပဲ တစ်ရွာလုံး သိကြရသည်။ ငလောင်းကစားဝါသနာပါသူများက နာရေးသတင်းကို နားစွင့်ပြီး အကြောင်းထူးပါက တစ်ယောက်နဲ့တစ်ယောက် တိုးတိုးတိတ်တိတ် သတင်းပို့ကြသည်။

"ဘယ်အိမ်က ဘယ်သူတော့ ရောဂါသည်းပြီး အခြေအနေဆိုးနေပြီ နေ့လားညလားပဲ၊ ဖဲထုပ်ကလေးတွေဘာတွေ ကြိုပြီးရှာထားကြရမယ်"

ဟူ၍တစ်မျိုး . .

ဘယ်နေရာမှာ ကြက်တိုက်ပွဲ၊ နွားတိုက်ပွဲ ရှိသည်ဆိုသော သတင်းများလည်း တိုးတိုးတိတ်တိတ် သတင်းပေးကြသည်။

မိန်းမများကလည်း အချင်းချင်း စုံမိစုမိကြလျှင် . . .

"ဟဲ့ . ဘယ်သူ့သမီးကတော့ ဘယ်ရွာကကောင်လေးနဲ့ ကြိုက်နေတယ်၊ ဘယ်မိန်းကလေးကတော့ မကြာခင် ဘယ်သူနဲ့ ခိုးရာလိုက်တော့မယ်"

ဆိုသော သတင်းများမှာ ကျေးလက်စကားဝိုင်းများတွင် ပါလေ့ရှိသော အကြောင်းအရာများ ဖြစ်ကြသည်။

ယခုတော့ ရွာတိုင်းတွင် ပြောနေကျအကြောင်း အရာများထက် အရေးကြီးသော အကြောင်းအရာကို ပြောဆိုနေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟဲ့. . ဘယ်သူ့သမီးလေးတော့ အကောင်အထည်မပေါ်ပဲနဲ့ ကိုယ်ဝန်ရှိနေပြီတဲ့"

"ဒီကောင်မလေးက ဗိုင်းကောင်းကျောက်ဖိ နေတတ်ပါတယ်၊ အိန္ဒြေလည်း ရှိပါတယ်၊ အိမ်ထဲကတောင် အိမ်အပြင်သိပ်ထွက်တာ မတွေ့ရပါဘူး"

"အဲဒါပေါ့၊ အုံ့ပုန်းဆူ လူမသိ၊ အုံ့ပုန်းထတော့ ပြည်ကြွဆိုတဲ့စကား ရှေးလူကြီးတွေ ထားခဲ့တာ အလကားမှ မဟုတ်တာ၊ အိမ်ထဲမှာ ထားပါများတော့လည်း တစ်ခါတွေ့ တစ်ခါပါတာမျိုး ဖြစ်မှာပေါ့"

"ဟဲ့. . သူများတွေချည်း လျှောက်ပြောမနေကြနဲ့၊ နင်တို့မှာလည်း သမီးပျိုလေးတွေ ရှိကြသေးတယ် မဟုတ်လား. .၊ သတိထားကြဦး"

"ငါတို့သမီးတွေ အကျည်းတန်တော့. . ဘယ်သူကမှ အရေးမလုပ်ကြပါဘူး၊ အခုဟာက ဖြစ်လိုက်ရင် ရွာမှာရှိတဲ့ အချောအလှ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တွေချည်းပဲ၊ ဘယ်လိုများ ဖြစ်နေကြသလဲ မသိဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့အေ၊ သားသမီးချင်း ကိုယ်ချင်းစာပါတယ်၊ ကြားရတာ စိတ်မကောင်းပါဘူး"

ဟု ပြောဆိုကြသည်။

၎င်းတို့က နံဘေးမှကြည့်လျှက် စိတ်မကောင်းဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သလို သမီးရှင်များကလည်း ရတက်မအေးအောင် ဖြစ်နေကြရလေသည်။

အကြောင်းတစ်ခုခု ပေါ်လာလျှင် ထိုနယ်တစ်ဝိုက်မှာရှိကြသော ဆရာကြီးများကို ပင့်ခေါ်ပြီး ကုသကြရပေသည်။

ထိုဆရာကြီးများထဲတွင် ကျွန်းညီနောင်ရွာမှ ဆရာကြီးဦးသူတော်မှာ သမားဂုဏ်ပြပြီး ကုသရာ၌ အတော်ပင်လူကြိုက်များသဖြင့် နားမနေရအောင် တစ်နေရာမှတစ်နေရာ ကူးပြောင်း၍ ကုသပေးရသည်။ ဦးသူတော်ထံမှာ အလုပ်လုပ်နေသောတပည့်နှစ်ယောက်ရှိသည်။ ပေတလူနှင့် စံနက်ကျော်တို့ဖြစ်သည်။

ပေတလူနှင့် စံနက်ကျော်တို့မှာ လူဆိုးလူမိုက်များ ဖြစ်ကြသဖြင့် အချိန်မတော် သွားလာနေသော်လည်း အနှောက်အယှက် မပေးဝံ့ကြပေ။

တစ်ခါက ရွာတစ်ရွာမှ မိန်းကလေးတစ်ဦးမှာ ပြုစားခံရသကဲ့သို့ဖြစ်ပြီး ဗိုက်ကပူလာသဖြင့် ဆရာကြီးဦးသူတော်ကိုပင့်ခေါ်ပြီး ကုသစေသည်။

“မိန်းကလေးက သာမန်ရောဂါ ဖြစ်နေတာမဟုတ်ဘူး၊ ရွာသူတစ်ယောက်ယောက်က အပင်းသွင်းထားတာ၊ ဒါကိုမထုတ်နိုင်ရင်တော့ မကြာခင်သေမှာပဲ”

“ကျွန်မသမီးလေးအသက်ကို ကယ်ပေးပါ ဆရာကြီးရယ်၊ ဆရာကြီးကို ရွှေဒင်္ဂါးတစ်ပြား ကန်တော့ပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကတိသာတည်ပါစေလေ၊ ဘယ်လောက်ထက်တဲ့ စုန်းကဝေဖြစ်နေပါစေ၊ ကျုပ်နဲ့တွေ့မှတော့ ဒူးထောက်ပြီး လာရောက်တောင်းပန်ရစေမပေါ့"

ထိုသို့ပြောဆိုပြီး ဆေးကုရန်ပြင်သည်။

ထိုအခါ ရွာထဲမှ လူအတော်များများက လာရောက်ကြည့်ကြလေသည်။ ဆရာကြီးက ဘုရားစင်ရှေ့တွင် ကန်တော့ပွဲထိုးခြင်း၊ အမွှေးနံ့သာများ ထွန်းပြီးနောက် အင်းချပ်တစ်ချပ်ပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထွန်းထားသည်။

"ငါဆရာ အမိန့်ပေးနေတယ်. .၊ ဒီအင်းချပ်ပေါ်က ဖယောင်းတိုင် မီးမငြိမ်းခင် အမြန်လာခဲ့"

ဟု အမိန့်ပေးပြီး ဂါထာမန္တာန်များ ရွတ်ဆိုနေရာ အတော်ကြာ လူကြားထဲမှာထိုင်နေသော အမျိုးသမီးတစ်ဦးထွက်လာကာ ဆရာကြီးရှေ့ရောက်တော့ ဒူးထုပ်တောင်းပန်လေသည်။

မျက်နှာပေါ်မှာ အနက်ရောင် ပုဝါတစ်ထည် ခြုံထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိကြရပေ။

"တောင်းပန်ပါတယ် ဆရာကြီးရယ်၊ ဆရာကြီးလိုပုဂ္ဂိုလ်မျိုး ဒီနယ်မှာရှိမှန်းမသိလို့ ပညာစမ်းမိတာပါ၊ ခွင့်လွှတ်ပေးပါ"

"တယ်မိုက်သကိုး၊ သူတပါး ဒုက္ခရောက်အောင် မျက်ရည်ပေါက်ကြီးငယ်ကျအောင် မလုပ်ရဘူးဆိုတာ မသိဘူးလား၊ ဒီတစ်ခါတော့ ခွင့်လွှတ်ပေးလိုက်မယ်၊ နောက်တစ်ခါ ဒီလို ဒါမျိုး



www.burmeseclassic.com

www.burmeseclassic.com


ထပ်ကြုံရင်တော့ ငါ့အလွန်မရှိစေနဲ့"

"မလုပ်ဝံ့တော့ပါဘူး ဆရာကြီးရယ်"

"ဒီလိုဖြင့် ကိုယ့်ပညာကို ပြန်သိမ်းမလား"

"သိမ်းပေးပါ့မယ် ဆရာကြီးရယ်"

ထိုသို့ပြောပြီး. . ထိုအမျိုးသမီးက ရောဂါဖြစ်နေသော မိန်းကလေးကို ဆေးတစ်ခွက် တိုက်ပေးလိုက်ရာ ခဏကြာသော် အသားတုံးအချို့ အန်ချလေသည်။

ထိုသို့ အန်ချပြီးနောက် ထိုအမျိုးသမီးက ဆရာကြီးကို ကန်တော့ပြီး ပြန်ထွက်သွားလေတော့သည်။

၎င်းထွက်သွားပြီး အတန်ကြာတော့မှ ဆရာကြီးက နောက်ထပ်ဆေးတစ်ခွက်ကို တိုက်လိုက်လေသည်။

(နောက်ရက်မှာတော့ ထိုမိန်းကလေးမှာ ရထားသော ကိုယ်ဝန်ပျက်ကျသွားသောကြောင့် အသက်မသေသော်လည်း အတော်ပင်ခံခဲ့ရပေသည်။)

ဦးသူတော်တို့မှာ ဆေးကုပြီး ပြန်လာကြရာ နေ့အိမ်သို့ ရောက်သောအခါ အသင့်စောင့်နေသောအမျိုးသမီးမှာ မိရွှေ ဖြစ်ပြီး ပေတလူ၏ အငယ်အနှောင်းထားသော မိန်းမတစ်ဦးပင် ဖြစ်၏။

"ဟဲ့. . မိရွှေ၊ နင်က စုန်းမလိုဟန်ဆောင်တာ တယ် လည်းနေရာကျသကိုးကွယ့်"

"ဆရာကြီးခိုင်းတဲ့အတိုင်း လုပ်ရတာပါပဲ၊ ဒါထက် သူ့


www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲမှာ တကယ်ပဲ အပင်းသွင်း ခံနေရတာလားဟင်"

"မရှိပါဘူး ကိုယ်ဝန်ရှိစပါ။ နင်တိုက်တဲ့ဆေးက အသား တုံးတွေ အန်တဲ့ဆေးပါ။ ဒီဆေးတိုက်ရင် ဘယ်သူကိုပဲတိုက်တိုက် အသားစိမ်းတွေ အန်မှာပဲ၊ ငါတိုက်ခဲ့တဲ့ဆေးက ကတိုးမှုန့်ပါတဲ့ ကိုယ်ဝန်ပျက်ကျတဲ့ဆေးပါ။ အခုလောက်ဆိုရင် ပျက်ကျရော ပေါ့"

"အကြံကောင်းလိုက်တာ ဆရာကြီးရယ်"

"ကဲ. . ကဲ. . နင်လည်းဒီကိစ္စမှာ ပါတာဆိုတော့ ဆုချ ပေးရဦးမယ်"

ဟုပြောကာ လွယ်အိတ်ထဲမှ ငွေအချို့ ထုတ်ပေးလိုက် သည်။

"တစ်ခုတော့ရှိတယ်၊ ဒီကိစ္စကို ဘယ်သူမှ မသိစေနဲ့ နော်၊ သိရင်တော့ နင်သေပြီသာ မှတ်ပေတော့"

"မသိစေရပါဘူး ဆရာကြီးရယ်၊ ကိုယ့်ထမင်းအိုး ကိုယ် ခွဲတဲ့အလုပ်မျိုးတော့ ဘယ်တော့မှမလုပ်ပါဘူး၊ ဆရာကြီးကို လည်း ကြောက်ပါတယ်"

ထိုသို့ပြောပြီး ပေးသောငွေကိုယူကာ ပြန်သွားလေ တော့သည်။

ဦးသူတော် သမားဂုဏ်ပြသောနည်းများထဲတွင် ထိုနည်း မျိုးလည်း အပါအဝင်ဖြစ်ပြီး အခြားနည်းမျိုးစုံတို့လည်း ရှိကြ ပေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် ငွေကြေးတတ်နိုင်သော ကာလသားများက ၎င်းတို့နှစ်သက်သော မိန်းကလေးများရစေရန် အစီအရင် လာရောက်ပြုလုပ်ကြသည်။ ထိုအခါ ရအောင်ပြုလုပ်ပေးသည်။

ထိုသို့ ပြုလုပ်ပေးရခြင်းအတွက် ဆန်စပါး၊ ငွေကြေးအမြောက်အမြား ပေးကြရသည်။

ထိုအဖြစ်အပျက်များထဲမှ ရင်နာစရာကောင်းသော အဖြစ်အပျက်တစ်ခုကို ဖော်ပြပေးပါမည်။

တစ်နေ့သ၌ ဦးသူတော်ရှိရာသို့ လူရွယ်တစ်ယောက် ရောက်လာလေသည်။ ပန်းတောရွာမှ ရင်မောင်ဆိုသူဖြစ်သည်။

အသက်(၂၈)နှစ် အရွယ်ခန့်သာ ရှိသေးပြီး သာမန်လက်လုပ်လက်စားတစ်ဦးဖြစ်သည်။ သူလာသောအကြောင်းက သူနှစ်သက်သော မိန်းကလေးကို နီးစပ်ရန်အတွက် ဆေးဝါးအကူအညီဖြင့် ဖန်တီးပေးရန် ဆရာကြီးရှိရာရောက်လာပြီး အကူအညီတောင်းခြင်းဖြစ်သည်။

သူနှစ်သက်နေသောမိန်းကလေးမှာ ရင်မေဖြစ်ပြီး ပန်းတောရွာသူတစ်ဦးဖြစ်သည်။

ရင်မောင်က ငွေကြေးမပြည့်စုံသည့်အပြင် ရိုးလွန်းအလွန်းသောကြောင့် ရင်မေက မနှစ်သက်ပေ။

ရင်မောင်က ချစ်စကားပြောလျှင်လည်း မူချိုးမျှစ်ချိုးပြောပြီး ထွက်သွားလေ့ရှိသဖြင့် ထိုကဲ့သို့ လာရောက်အကူအညီတောင်းခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လည်းကွယ့်"

"ဆရာကြီးကို အကူအညီတောင်းချင်လို့ပါ၊ ကျွန်တော့်နာမည်က ရင်မောင်လို့ ခေါ်ပါတယ်၊ ပန်းတောရွာမှာ နေပါတယ်၊ အဲဒီရွာမှာ ကျွန်တော်သဘောကျနေတဲ့ မိန်းကလေးတစ်ယောက် ရှိပါတယ်၊ သူက ကျွန်တော့်ကို လုံးဝလက်မခံလို့ ဆရာကြီး၊ နီးစပ်အောင် ကူညီပေးပါ"

"ဒီကိစ္စက လွယ်လွယ်နဲ့ လုပ်လို့မရဘူး၊ လူတိုင်းလည်း လုပ်ပေးလို့မရဘူး၊ လုပ်ပေးရင်လည်း ငွေကုန်ကြေးကျ များလိမ့်မယ်"

"ကျွန်တော်က ငွေများများတော့ မရှိပါဘူး၊ နောင်နှစ်ဝမ်းစာအတွက်ထားတဲ့ စပါးဆယ်တင်းနဲ့ ငွေတစ်ရာတော့ ရှိပါတယ်၊ အဲဒါ ဆရာကြီးကို ကန်တော့ပါ့မယ်"

"နည်းလှသကွယ်"

"ကျွန်တော်တို့က ဆင်းရဲပါတယ်၊ ဒါကြောင့် တတ်နိုင်သလောက် ပေးရတာပါ၊ တကယ်လို့ အဆင်ပြေသွားရင်လည်း ရှာဖွေပြီး ထပ်ပေးပါဦးမယ်"

"ကတိတော့ တည်ပစေကွယ့်၊ မင်းနှစ်သက်နေတဲ့ မိန်းကလေးနာမည်က ဘယ်သူတဲ့လဲ"

"ရင်မေလို့ ခေါ်ပါတယ်"

"ရင်မောင်နဲ့ ရင်မေဆိုတော့ နေ့တူနံတူပေါ့၊ တကယ်လို့ အဆင်ပြေသွားရင်တော့ စီးပွားဖြစ်ကြဦးမှာပေါ့၊ ဒီတစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ကျရင်သာ မမေ့နဲ့"

"မမေ့ပါဘူးဆရာကြီးရယ်၊ တစ်သက်လုံး ဆရာကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး"

"အေး. . အေး. . မင်းကြည့်ရတာ သနားလှတယ်၊ အဆင်ပြေအောင် ငါလုပ်ပေးပါ့မယ်၊ ဒါပမယ့် ငါပြောတဲ့အတိုင်းတော့ သေသေချာချာလုပ်မှ ဖြစ်မှာနော်. . "

"စိတ်ချပါ ဆရာကြီး ပြောတဲ့အတိုင်း လုပ်ပေးပါ့မယ်၊ ကျွန်တော်ကန်တော့မယ့် စပါးနဲ့ငွေလည်း ပို့ပေးပါ့မယ်"

နောက်ရက်မှာတော့ ရင်မောင်က အိမ်ကလူကြီးများ မသိအောင် ငွေနှင့်စပါးများ ယူဆောင်၍ ဦးသူတော်နေအိမ်သို့ သွားလေသည်။

နောက်တစ်ရက်မှာ ဦးသူတော်က ရင်မောင်ကို ခေါ်ပြောလေသည်။

"ငါ အစီအရင်လုပ်ပြီး ကောင်မလေးအိမ်ကို လွှတ်လိုက်ပြီ၊ မင်းက ကောင်မလေးအိမ်နဲ့ မနီးမဝေးကနေ သွားပြီး စောင့်နေ၊ ကောင်မလေးထွက်လာတာနဲ့ တခြားဘယ်ကိုမှ ထွက်မသွားနဲ့၊ ဒီကိုပဲ ခေါ်လာခဲ့ရမယ်၊ ကြားလား. . . "

"စိတ်ချပါ ဆရာကြီး"

"ငါ ပြောတဲ့အတိုင်းသာလုပ်နော်၊ တခြား ဘာမှမလုပ်မိစေနဲ့၊ လုပ်မိတာနဲ့ အစီအရင်ပျက်ပြီး ကောင်မလေးပြန်သွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမလုပ်ပါဘူး၊ ဆရာကြီး"

"ကဲ . . ဒါဖြင့် သွားပေတော့"

ဟု မှာလိုက်ရာ ရင်မောင်လည်း ဝမ်းသာအားရဖြင့် ရင်မေတို့ အိမ်ဘက်သို့ သွားလေသည်။

အချိန်က ညဦးပိုင်း အချိန်ပင်ဖြစ်သည်။

ကောင်းကင်ပေါ်မှာ အလင်းရောင်အချို့ ရှိနေသာကြောင့် ပတ်ဝန်းကျင်ကို ဝိုးတဝါး မြင်နိုင်လေသည်။

ထိုအချိန်တွင် လိပ်ပြာနက်ကြီးတစ်ကောင်မှာ ရင်မေတို့နေအိမ်ဘက်သို့ ဦးတည်ပျံသွားသည်ကိုတော့ ရင်မောင်တစ်ယောက် မမြင်လိုက်ရပေ။

သူသည် ရင်မေတို့အိမ်အနီးသို့ ရောက်သောအခါ မနီးမဝေး အမှောင်ရိပ်ထဲမှာ ရပ်စောင့်ရင်း အခြေအနေကြည့်နေလေသည်။

ည၌နက်ပိုင်းအချိန် ရောက်သောအခါ အိမ်ထဲမှလူတစ်ယောက် အပြင်သို့ ထွက်လာသည်။

"ဟင် . ."

ရင်မောင်ကတော့ စိတ်အားထက်သန်စွာဖြင့် လှမ်းကြည့်နေသည်။ အတန်ကြာတော့ ထိုသဏ္ဍာန်က တရွေ့ရွေ့နှင့် သူရှိရာဘက်သို့ လောက်လာသည်။

မနီးမဝေး ရောက်လာတော့မှ ရင်မေမှန်း သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ရင်မေပါလား"

ရင်မေက သူကအနီးရောက်လာသော်လည်း မမှတ်မိသလို ကြောင်တောင်တောင် ဖြစ်နေသည်။

"ရင်မေ. . ငါလေ ရင်မောင်လေ၊ မမှတ်မိဘူးလား"

ထိုသို့ ပြောသော်လည်း ဘာမှပြန်မပြောဘဲ တောင့်တောင့်ကြီးသာ ရပ်နေသည်။

"ဆရာကြီး စီရင်ပေးတာ တယ်ဟန်ကျပါလား၊ အခုလို ဖြစ်နေတာ ဆေးမပြယ်သေးလို့ပဲ ဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် ဆရာကြီး မှာထားတဲ့အတိုင်း သူ့ဆီကို ခေါ်သွားမှပဲ၊ လာ. . ရင်မေ ငါ့နောက်ကို လိုက်ခဲ့"

ဟု ပြောပြီး ခေါ်သွားရာ ရင်မေကလည်း ဘာမှမပြောပဲ နောက်မှလိုက်လာသည်။

အိမ်သို့ ရောက်သောအခါ ဦးသူတော်က စောင့်နေသည်ကို တွေ့ရလေသည်။

"ဆရာကြီး ရင်မေပါလာပြီ"

"အော်. . အေး. . အေး"

ဦးသူတော်က အိပ်နေရာမှ ထလာသောကြောင့် ကပိုကရိုဖြစ်နေသော ရင်မေ၏ အလှကို တစ်ချက်ကြည့်လိုက်သည်။

"မင်း သူ့အနားကို မကပ်နဲ့၊ သူ့အသားကိုလည်း လုံးဝ မထိနဲ့၊ အခုအချိန်မှာ သူ့ကိုယ်ထဲမှာ သူ့ရဲ့ဝိညာဉ်မရှိသေးဘူး တခြားဝိညာဉ်ကို အစားထည့်ပြီး ဒီနေရာရောက်အောင် ခေါ်

www.burmeseclassic.com


လာခဲ့ရတာ၊ မင်း ထိလိုက်တာနဲ့ လန့်ပြီး ဟိုဝိညာဉ်တွေ ထွက်သွားရင် မင်းကောင်မလေး သေသွားလိမ့်မယ်"

ထိုစကားကြောင့် ရင်မောင်မှာ များစွာထိတ်လန့်သွားသည်။

"ဒီ. . ဒီတော့ ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"သူ့ကို ဒီမှာထားခဲ့ပြီး မင်းပြန်ပေတော့၊ ငါ အစီအရင်ပြုပြီး သူ့ဝိညာဉ်ကို ပြန်ခေါ်ပြီး လဲထည့်ရဦးမယ်"

"ကျွန်တော် ဒီမှာ စောင့်နေလို့ မရဘူးလား၊ ဆရာကြီး"

"ဘယ်ဖြစ်မလဲကွ၊ မနက်လင်းလို့ ကောင်မလေး ပျောက်နေမှန်းသိရင် သူ့ကမိဘတွေက လိုက်ရှာကြမှာပေါ့၊ မင်းကိုဒီမှာတွေ့ရင် ကောင်မလေးပြန်ပါသွားမှာပေါ့။ နောက်ပြီး ငါလည်း ဘယ်ကောင်းပါ့မလဲ"

ဟုပြောရာ ရင်မောင်လည်း ဘာမှဆက်မပြောသာတော့ပေ။

"ဟို. . ဟို. . သူ့ကို ဒီနေရာမှာ ဘယ်နှစ်ရက်လောက်ထားရမှာလဲ ဆရာကြီး"

"သုံးရက်တော့ ထားမှပေါ့၊ သုံးရက်ပြည့်လို့ ကိုယ်နဲ့ဝိညာဉ်နဲ့ ပြန်ကပ်သွားပြီးရင် ကောင်မလေးကို ငါ မင်းရှိတဲ့နေရာ ပို့ပေးခိုင်းလိုက်ပါ့မယ်"

"ဟုတ်ကဲ့. . "

"စိတ်ချလက်ချသာထားခဲ့ပါ၊ ဒါပေမယ့် တစ်ခုတော့


www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်မယ်နော်၊ မင်း ဒီအကြောင်းတွေကို ဘယ်သူကကိုမှ မပြောမိဖို့ အရေးကြီးတယ်၊ တကယ်လို့အခြားသူတွေသိသွားပြီး လာနှောင့်ယှက်ကြရင် ကောင်မလေးအသက်သေသွားလိမ့်မယ်"

ဟု မှာလိုက်သဖြင့် ရင်မောင်လည်း ဘာမှမတတ်နိုင်တော့သဖြင့် စိတ်မသက်မသာဖြစ်ကာ ပြန်သွားရလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီးနောက် လေးရက်ခန့်ကြာသောအခါ ရင်မေတစ်ယောက် အိပ်ပျော်ရာမှပြန်နိုးလာသကဲ့သို့ ဖြစ်လာလေသည်။

မျက်လုံးဖွင့်၍ ကြည့်လိုက်တော့ သူရောက်နေသောနေရာမှာ သူ့အိမ်မဟုတ်ပေ။

"ငါ ဘယ်နေရာ ရောက်နေတာလဲ"

ဟုဇဝေဇဝါနှင့် စဉ်းစားနေစဉ် ရင်မောင် ရောက်လာလေသည်။

"ဟင်. . ရင်မောင် အခု ငါ ဘယ်နေရာ ရောက်နေတာလဲ"

"ငါ့အိမ်မှာ ရောက်နေတာပါ"

"ဟင်. . "

ထိုစကားကြောင့် ရင်မေ များစွာအံ့သြသွားမိသည်။

"ငါ့ကို ဘယ်သူခေါ်လာတာလဲ၊ နင်ခေါ်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်မောင်က ခေါင်းညိတ်ပြလိုက်သည်။

"နင်ဘယ်လိုခေါ်လာတာလဲ၊ ငါ နင့်ကို မချစ်ဘူး၊ ယူလည်းမယူနိုင်ဘူး၊ ငါ အိမ်ပြန်မယ်၊ အခုချက်ချင်း အိမ်ပြန်ပို့ပေးပါ"

ဟု ပြောနေရာ ရင်မောင်က စိတ်မကောင်းစွာဖြင့် ကြည့်နေသည်။

"နင်အတော်ယုတ်မာတယ်၊ ငါ သဘောမတူဘဲ ငါ့ကို သားမယားလို သိမ်းပိုက်တယ်၊ နင့်ကို ငါ မကျေနပ်ဘူး ရင်မောင်"

ဟုမီးဝင်းဝင်းတောက်သော အကြည့်ဖြင့် ကြည့်ကာ ပြောဆိုနေသဖြင့် ရင်မောင်ကအပြင်သို့ ထွက်သွားလေသည်။

"ဒါတွေအားလုံး ငါ့အပြစ်တွေပါ ရင့်မေရယ်၊ ငါ့ကြောင့် ဖြစ်ရတာတွေပါ"

ဤစကားကိုတော့ ရင်မေမကြားအောင် ပြောဆိုရေရွတ်မိသည်။

နောက်ရက်မှာတော့ ရင်မေက သူ့အိမ်သို့ ပြန်သွားလေသည်။

"ယောက်ျားနောက် ခိုးရာလိုက်တုန်းက လိုက်သွားပြီးမှ ဘာဖြစ်လို့ အိမ်ပြန်လာတာလဲ ရင်မေ"

မိခင်ဖြစ်သူက မေးသည်။

"ကျွန်မ သူနဲ့ ခိုးရာလိုက်သွားတာမဟုတ်ဘူး အမေ"

www.burmeseclassic.com



"အလိုတော်. . နင်ကိုယ်တိုင်က သဘောတူလို့ လိုက်သွားတာ၊ သုံးလေးရက်တောင်ရှိမှ ဒီစကားမျိုး ပြောရသလား"

"သုံးလေးရက်တောင်ရှိပြီ ဟုတ်လားအမေ"

"သုံးလေးရက်ကြာအောင် ယောကျ်ားလေးအိမ်မှာ လိုက်နေပြီးမှ သဘောမတူဘူး၊ ခိုးရာလိုက်သွားတာ မဟုတ်ဘူး၊ လို့ပြောရအောင် နင် ရူးနေသလား ရင်မေ၊ စိတ်ကောမှန်သေးရဲ့လား"

မိခင်က ထိုသို့ပြောသောအခါ ရင်မေကိုယ်တိုင်ပင် မစဉ်းစားတတ်အောင် ဖြစ်သွားတော့သည်။

"အမေပြောတာ တကယ်ပဲလား၊ ငါ ရင်မောင့်အိမ်ရောက်နေတာ သုံးလေးရက် ကြာနေပြီတဲ့၊ အဲဒီရက်ထဲမှာ ငါ ဘာတွေဖြစ်ခဲ့ပြီလဲ"

ဟု ဇဝေဇဝါ စဉ်းစားနေသော်လည်း အဖြေမပေါ်ပေ။

"အခုမှ တောင်တောင်အီအီတွေ စဉ်းစားမနေနဲ့တော့ ရင်မေ၊ နင်တို့အကြောင်းကိုလည်း တစ်ရွာလုံးက သိနေကြပြီ၊ လူဆိုတာ အသက်နဲ့လူလုပ်တာမဟုတ်ဘူး၊ အရှက်နဲ့လူလုပ်ကြတာ၊ တစ်ရှက်ကနေ နှစ်ရှက်အဖြစ် မခံနိုင်ဘူး၊ သူ့ဘက်က မိဘတွေလည်း လာပြီးစေ့စပ်ကြောင်းလမ်းလို့ မင်္ဂလာဆောင်မယ့်ရက်တောင် ရွေးပြီးသွားကြပြီ"

ဟုပြောကာ နေရာမှ ထသွားလေတော့သည်။

ယခုလိုသိရမှ ရင်မေ့ဘဝက မထွေးနိုင် မအံနိုင်ဘဝမျိုး



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားရပေပြီ။

တကယ်တော့ သူမအနေနှင့် ရင်မောင်ကို မချစ်ပေ။

သို့သော် ယခုအခါ သူ့ကို မယူ၍ မရသော အခြေအနေမျိုးသို့ ရောက်ရှိခဲ့လေပြီ။

သူမအနေနှင့် မချစ်မနှစ်သက်သော ရင်မောင်ဆီသို့ မည်သို့မည်ပုံ ရောက်သွားခဲ့သည်ဆိုသောအဖြေကို အသိချင်ဆုံး ဖြစ်နေလေသည်။ သို့သော်လည်း တွေးရင်းနှင့် ဘဲဥအစ ရှာမရသကဲ့သို့ဖြစ်ကာ ချာလည်လည်နေတော့သည်။

"ရင်မောင့်အိမ်ကို ငါ ဘယ်လိုရောက်သွားတာလဲ၊ ငါ မလိုက်ချင်ပဲ သူ ဘယ်လိုခေါ်သွားတာလဲ၊ အခု ငါ အပျို တစ်ယောက် မဟုတ်တော့ဘူး၊ ငါ့ကိုခေါ်သွားပြီး သူပဲ ဖျက်ဆီးလိုက်တာလား၊ ငါ သဘောမတူပဲ ဘယ်လိုကြောင့် ဒီလိုဘဝမျိုးရောက်ခဲ့ရတာလဲ"

ဟုအမျိုးမျိုး တွေးတောနေမိသည်။

ထိုသို့တွေးရင်း နောက်ဆုံး သတိရသောအချက်မှာ တစ်ညတွင် အိပ်မပျော်ပဲ ရှိနေစဉ် သူမရှိရာသို့ လိပ်ပြာနက်ကြီး တစ်ကောင် ရောက်လာခြင်းပင်ဖြစ်သည်။ လိပ်ပြာနက်ကြီး တွေ့ခဲ့ရပြီး နောက်ပိုင်းတော့ ဘာမှမသိတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

**နောက်**ဆုံးတော့ ရင်မေမှာ မချစ်သော်လည်း အောင့်ကာနမ်းဆိုသကဲ့သို့ မတတ်သာသော အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရသဖြင့် လူကြီးများ စီစဉ်သည်ကိုလက်ခံကာ ရင်မောင်နှင့် မင်္ဂလာဆောင်ရလေတော့သည်။

နီမောင်တို့နေသော တောင်ညိုရွာနှင့် ပန်းတောရွာမှာ မဝေးလှသောကြောင့် လူပျိုအပျိုတို့လည်း သွားကြသည်။ အသိမိတ်ဆွေများလည်း သွားကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တောမင်္ဂလာဆောင် ဖြစ်သောကြောင့် ဝက်သားဟင်းနှင့် ထမင်းကျွေးညှော့ခံရာ ရွာလုံးကျွတ် သွားရောက်အားပေးကြသည်။ တောင်ညိုရွာမှ သွားသောအဖွဲ့တွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ပါသလို . . မြနှင်းဖြူ၊ မာလာ၊ ခင်စန်းစသော မိန်းကလေးများလည်း ပါကြသည်။

အများအားဖြင့်တော့ မင်္ဂလာဆောင် သွားကြရာမှာ သတို့သား သတို့သမီးတို့ကို တွေ့ရမြင်ရသည်မှာ ပျော်စရာလည်းကောင်း၊ အားကျစရာလည်းကောင်းသောကြောင့် ဖြစ်သည်။

ယခုတော့ ထိုသို့မဟုတ်ပေ။

သတို့သားဖြစ်သော ရင်မောင်နှင့် သတို့သမီးဖြစ်သော ရင်မေတို့ မျက်နှာတွင် ပျော်ပျော်ရွှင်ရွှင် အမူအယာမျိုး မတွေ့ရပဲ ညှိုးနွမ်းနေသကဲ့သို့ ရှိသည်။ ဧည့်သည်များနှင့် တွေ့သောအခါမှာလည်း မချိပြုံးလောက်သာ ပြုံးနိုင်ကြသည်။

သို့ကြောင့် နီမောင်တို့ သုံးယောက်က တီးတိုးပြောဆိုနေကြသည်။

"နီမောင် မင်း ရင်မောင်မျက်နှာကို အကဲခတ်မိသလား"

"ဘယ်လိုဖြစ်နေလို့လဲ"

"မင်္ဂလာဆောင်တယ်ဆိုတာ ယောကျ်ားလေးတွေအတွက် ပျော်စရာအကောင်းဆုံးအချိန် မဟုတ်ဘူးလား၊ သူကြည့်ရတာ မရှုနိုင်မကယ်နိုင်ပုံစံနဲ့ တစ်ခုခုဖြစ်နေပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စောထီးကပြောသည်။

ထိုအခါ ငမဲအောင်ကပါ သူ့ထင်မြင်ချက်ကိုဝင် ပြောသည်။

"သူတို့နှစ်ယောက်အကြောင်းကို ငါ ကောင်းကောင်းသိပါတယ်၊ ရင်မောင်က ရင်မေကို ငယ်ငယ်ကတည်းက ပိုးပန်းနေပေမယ့် ရင်မေက ပြန်မကြိုက်ဘူး၊ အခုမှ ဘယ်လိုဖြစ်ပြီးလက်ခံလိုက်တာလည်း မသိဘူး"

"အော် ဒါကတော့ကွာ၊ မင်းကုသနဲ့ ပပဝတီတို့လိုပေါ့။ ဖွဲ့ကောင်းကောင်းနဲ့ ကြိုးစားတော့လည်း သနားပြီးလက်ခံလိုက်တာလည်း ဖြစ်မှာပေါ့၊ မိန်းကလေးတွေက ဒီလိုပဲကွာ၊ ပျော့ရင်ဖယောင်း မာရင်သံချောင်းပဲ"

ဆရာကြီးလေသံဖြင့် ပြောနေသော ငမဲအောင်ကို ကျန်နှစ်ယောက်က တစ်စက်ကလေးမှအထင်မကြီးသော အမူအယာမျိုးဖြင့် မျက်စောင်းထိုးကြည့်ကြသည်။

နီမောင်တို့ ယောကျ်ားလေးများက အချင်းချင်း တိုးတိုးတိတ်တိတ်ပြောဆိုနေကြသကဲ့သို့ မြနှင်းဖြူတို့ အဖွဲ့ကလည်း သတို့သမီး ရင်မေနှင့် တွေ့သောအခါ တိုးတိုးတိတ်တိတ် မေးမြန်းကြသည်။

"ရင်မေ နင်တို့ချင်း အဆင်မပြေကြဘူးဆို၊ နင်ပြောတော့ ရင်မောင်ကို ဘယ်တော့မှ မယူဘူးဆို၊ အခုလူကြီးတွေက အတင်းပေးစားလို့ ယူရတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးတော့ မချိုပြုံးပြုံးကာ ခေါင်းညိတ်ပြသည်။

"ရင်မောင်က ဆင်းရဲပေမယ့် ရိုးသားပါတယ်၊ သဘော မနော လည်းကောင်းပါတယ်၊ ဒီလိုလူမျိုးနဲ့ ယူရတာ နင်ဂုဏ်မငယ်ပါဘူး"

ဟုဝိုင်းဝန်းပြောဆို အားပေးကြသည်။

မင်္ဂလာဆောင်ပြီးတော့ ရင်မေမှာ ရင်မောင့်နေအိမ်သို့ လိုက်နေရသည်။ ထိုအိမ်ရောက်တော့မှ ရင်မေမှာ ရင်မောင် အခြေအနေကို အကဲခတ်မိလာတော့သည်။

သူနှင့် လက်ထပ်ထားသော်လည်း သားမယားတစ်ယောက်လိုမဆက်ဆံပဲ နှမလေးတစ်ယောက်လိုသာ လိုလေသေးမရှိအောင် ထားလေသည်။

တစ်ခါတစ်ရံ မှိုင်နေတတ်ပြီး တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေပုံလည်းရသည်။

"သူဘာဖြစ်နေတာလဲ တစ်ခုခုတော့ ဖြစ်နေပုံပဲ၊ မရခင်တုန်းကတော့ အသည်းအသန် ကြိုးစားခဲ့ပြီးတော့ တကယ်ရတော့ ငါ့အနားတောင် မကပ်တော့ပါလား၊ ငါ့ကိုမချစ်ပဲ ယူခဲ့တာလား၊ ဒီလိုလည်း မဟုတ်သေးပါဘူး၊ ငါ့ကို တမင်များ ကလဲ့စား ပြန်ချေနေတာလား"

ထိုသို့ မတင်မကျနှင့် တွေးတောနေမိလေသည်။

တစ်နေ့တော့ ရင်မောင်နှင့်တွေ့ပြီး ပွင့်ပွင့်လင်းလင်း မေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရင်မောင် နင့်ကြည့်ရတာ တစ်မျိုးဖြစ်နေသလိုပဲ၊ နင့်ကြည့်ရတာ ငါ့ကိုမချစ်ပဲ လူကြီးတွေ ပေးစားလို့ ယူထားရသလိုပဲ"

"မဟုတ်ပါဘူးဟာ ငါ နင့်ကိုချစ်ပါတယ်၊ ဟို ငယ်ငယ်ကလေးထဲက ချစ်ခဲ့တာပါ"

"ဒါဖြင့် ဘာဖြစ်လို့ အခုလိုနေတာလဲ"

"ဘာမှမဖြစ်ပါဘူးဟာ"

"နင်တစ်ခုခုဖြစ်နေတယ်ဆိုတာ ငါ ရိပ်မိတယ်၊ တကယ်လို့ စိတ်ထဲကမပါပဲနဲ့ လူကြီးတွေပေးစားလို့ မလွှဲသာလို့ ယူထားရတယ်ဆိုရင်လည်း ငါ ပြန်ကွာပေးပါ့မယ်"

"မဟုတ်ပါဘူး ရင်မေရယ်"

"ဘာလဲ အရင်က နင့်ကို မှိုချိုးမျှစ်ချိုး ပြောခဲ့တာတွေကို မကျေနပ်လို့ အခုမှအငြိုးနဲ့ပြန်ပြီး နှိပ်စက်နေတာလား"

ရင်မေက ငိုသံပါသောအသံဖြင့် မေးတော့ ရင်မောင်က စိတ်မကောင်းသော အမူအယာဖြင့် ခေါင်းခါပြသည်။

"နင့်အပေါ်မှာ အငြိုးအတေးထားတာတို့ ကလဲ့စားချေတာတို့ ငါ့မှာမရှိပါဘူး၊ ငါနင့်အပေါ်မှာ တကယ်ချစ်ပါတယ်၊ ဒါပေမယ့် . . ."

ရင်မောင်က စကားမဆက်နိုင်တော့သည့် အမူအယာဖြင့် နေရာမှထသွားလေသည်။ ရင်မေကတော့ ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်တို့ကို သုတ်ဖယ်ပစ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လအနည်းငယ် ကြာတော့မှ ရင်မေသိချင်သော အဖြေက ပေါ်လာလေတော့သည်။

သူမမှာ ကိုယ်ဝန်ရှိစ ပြုနေသည်ကို သိလိုက်ရသဖြင့် မျက်လုံးပြူးသွားလေတော့သည်။ တစ်ကိုယ်လုံး သွေးများ က ပြောင်းကပြန် ဖြစ်သွားသကဲ့သို့ ခံစားရလေသည်။

"ရင်မောင်က လက်ထပ်ပြီးကတည်းက လက်ဖျားနဲ့ တောင် တို့သေးတာမဟုတ်ဘူး၊ ဒီကိုယ်ဝန်ရတာ ဘယ်သူ့ ကြောင့်လဲ၊ ငါ သတိမေ့နေတုန်း သူစော်ကားလိုက်သလား၊ ရင် မောင်က ဒီလိုယုတ်မာတဲ့စိတ်မျိုး မရှိပါဘူး၊ တကယ်လို့ သူနဲ့ရတဲ့ ကိုယ်ဝန်ဆိုရင်လည်း သူဒီလိုနေမှာ မဟုတ်ဘူး၊ ငါ ဘာတွေ ဖြစ်ခဲ့တာလဲ၊ ဒီကိုယ်ဝန်ကလည်း ဘယ်သူယုတ်မာလိုက်တာလဲ"

ထိုသို့တွေးတောနေလေသည်။

"သေချာတာကတော့ ဒီကိုယ်ဝန်ဟာ ရင်မောင်နဲ့ရတာ မဟုတ်တာတော့ ငါအသိဆုံးပဲ၊ ဒါကြောင့် သူ ဒီလိုဖြစ်နေတာ ဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ငါဒီလိုနေလို့တော့ မဖြစ်ဘူး၊ ကြာလာရင် သူ့အတွက်လည်း မကောင်းဘူး၊ ငါ့အတွက်လည်း မကောင်းဘူး၊ ဒီအဖြေကို အမှန်သိရမှ ဖြစ်မယ်"

ထိုသို့တွေးတောပြီး ရင်မောင် အလုပ်ဆင်းသွားသော အချိန်တွင် မသိမသာစုံစမ်းကြည့်သည်။ အတော်များများက ကိုယ့်အလုပ်နှင့်ကိုယ် နေကြသည်မို့ သူသိချင်သော အဖြေကို မပြောနိုင်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ရွာများမှာနေသော အမျိုးသမီးတစ်ယောက်နှင့် တွေ့တော့မှ သဲလွန်စရသည်။

"နင်ခိုးရာလိုက်သွားတဲ့ညက ငါ့ယောက်ျားက လယ်ထဲမှ ကြွက်ထောင်နေရင်းနဲ့ မြင်လိုက်တယ်၊ နင်မှန်းတော့ သူသိတယ်၊ ခေါ်သွားတဲ့သူကတော့ အဝတ်ခြုံထားတာကြောင့် မမြင်လိုက်ရဘူး"

"ရင်မောင် မဟုတ်ဘူးလား"

"ရင်မောင်မဟုတ်ဘူးထင်တယ်၊ နင်မှန်းသိလို့ သူက နောက်ကလိုက်သွားပြီး ကြည့်တော့ ကျွန်းညီနောင်ရွာက ဆေးဆရာအိမ်ကို ခေါ်သွားတာ မြင်လိုက်တယ်လို့ ပြောတယ်"

"ဟင် . ."

ရင်မေမှာ အကြီးအကျယ် တုန်လှုပ်သွားလေသည်။

"ကျွန်မကို ဘယ်သူခေါ်သွားတာလဲ၊ အခုကျွန်မမှာ ကိုယ်ဝန်ရှိနေပြီ"

"နင်တို့ကလည်း မင်္ဂလာဆောင်တာတောင် မကြာသေးဘူး၊ မြန်လှချည်လား"

မထူးတော့ပြီမို့ ရင်မေက အကြောင်းစုံပြန်ပြောလိုက်သည်။

"ဟင် . . ဒါဖြင့် နင် ဒါတွေကို ဘာမှမသိဘူးပေါ့"

ရင်မေက ခေါင်းခါပြလိုက်သည်။

"တန်တော့ နင်တော့ အခုတလော မိန်းမပျိုလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ကြတဲ့ လူယုတ်မာနဲ့ တွေ့ခဲ့ပြီနဲ့တူတယ်၊ ဒါထက်မေးရဦးမယ်၊ အရင်မိန်းကလေးတွေတုန်းကတော့ အဲဒီလိုအဖြစ်မျိုးနဲ့ မကြုံရခင်မှာ လိပ်ပြာနက်ကြီးတစ်ကောင်ကို အရင်တွေ့ရတယ်လို့ ပြောတယ်၊ အဲဒီလိပ်ပြာနက်ကြီး တွေ့ပြီးရင် ဘာမှသတိမရတော့ဘူးလို့ ပြောတယ်၊ နောက်ပိုင်း အိမ်ပြန်ရောက်တော့မှသာ အဖျက်ဆီးခံလိုက်ရတာကို သိရတာတဲ့၊ နင်ရော အဲဒီလိုမျိုး လိပ်ပြာနက်ကြီးနဲ့ တွေ့သေးသလား"

ထိုသို့သိရတော့ ရင်မေက ထွေထွေထူးထူး ပြန်မပြောတော့ပဲ ခပ်သုတ်သုတ် ပြန်ခဲ့လေသည်။

ယခုတော့ သူသိချင်သော အဖြေ၏ သဲလွန်စကို သိခဲ့ရပြီ ဖြစ်သောကြောင့် ရင်မောင့်အပေါ်မှာရှိနေသော သံသယများလည်း မရှိတော့ပေ။

တစ်နေ့တော့ ရင်မောင် အိပ်ယာဝင်ကာနီးတော့ ရင်မေက အနားမှထိုင်ကာ ကန်တော့သဖြင့် ရင်မောင်က ပြန်ထလာပြီး ကြည့်သည်။ ရင်မေ့မျက်ဝန်းမှာ မျက်ရည်စများ မြင်တော့မှမေးသည်။

"ဘာဖြစ်လို့လည်းဟင်"

"အရင်က နင့်အပေါ်မှာအထင်လွဲပြီး ပြောခဲ့ဆိုခဲ့မိတာတွေကို ခွင့်လွှတ်ပေးပါ"

"ငါ နင့်အပေါ်မှာ ဘယ်တုန်းကမှ အပြစ်မယူခဲ့ပါဘူး"

"ဒါပေမယ့် . . နင် ငါ့ကို အမှန်အတိုင်းပြောပြပေးပါ၊



www.burmeseclassic.com

www.burmeseclassic.com


ဒါမှမဟုတ်လည်း ကွာရှင်းပြီးတော့ ငါ့ကို ပြန်ပို့ပေးပါ၊ ဒီလို မတင်မကျ ဘဝမျိုးနဲ့တော့ ငါ မနေပါရစေနဲ့"

ရင်မောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

ရင်မေက စီးကျလာသော မျက်ရည်ကိုသုပ်ရင်း ဆက်ပြောသည်။

"ငါ ကိုယ်ဝန်ရှိနေပြီ၊ ဒီကိုယ်ဝန်က နင်နဲ့ မပတ်သက်ဘူး မဟုတ်လား"

ထိုစကားကြောင့် ရင်မောင်မျက်လုံးပြူးသွားလေသည်။

"ဟင်. . နင့်မှာကိုယ်ဝန်ရှိနေပြီ ဟုတ်လား"

"ဟုတ်တယ်. . ဒါတွေကို နင်သိရက်သားနဲ့ ငါ့ကိုဘာကြောင့် အမှန်အတိုင်း မပြောတာလဲ၊ ငါ သတိလစ်နေတဲ့ သုံးလေးရက်အတွင်းမှာ ဘာတွေဖြစ်ခဲ့သလဲ"

"ဒီအကြောင်းတွေကို မသိချင်ပါနဲ့တော့ဟာ"

"မသိချင်လို့ မရဘူး၊ ဒါငါ့ဘဝရဲ့အရေးကြီးဆုံးပဲ၊ ကိုယ်ယူထားတဲ့ ယောကျ်ားက ကိုယ့်ကိုမနှစ်မြို့တော့တဲ့ မျက်လုံးတွေနဲ့ကြည့်နေတာကို ငါသည်းမခံနိုင်တော့ဘူး၊ နင်မပြောရင် ငါ ကိုယ့်ဖာသာသတ်သေလိုက်တော့မယ်"

"ဒီလိုတော့ မလုပ်ပါနဲ့ ရင်မေရယ်၊ ဘယ်လိုအကြောင်းတွေပဲဖြစ်ဖြစ် ငါနင့်အပေါ်မှာ တစ်သက်လုံး ချစ်သွားနိုင်ပါတယ်၊ တစ်နေ့ကျရင် နင်သိချင်တဲ့ အကြောင်းတွေကို ငါပြောပြပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com



"နင်မပြောချင်ရင်လည်းနေပါ၊ ဒါပေမယ့် ငါ့ကို ကွာရှင်းပေးပါ၊ ငါအိမ်မှာပဲ ပြန်နေပါရစေတော့၊ ငါတို့မိသားစုရဲ့ အရှက်တကွဲ ဖြစ်မယ့်ကိစ္စကို အနစ်နာခံပြီး အကူအညီပေးခဲ့တဲ့ ကျေးဇူးကိုလည်း ငါဘယ်တော့မှမမေ့ပါဘူး"

"ငါနင့်ကို ကာကွယ်ပေးတဲ့သဘောနဲ့ လက်ထပ်ယူခဲ့တာ မဟုတ်ပါဘူး၊ တကယ်နှစ်သက်လို့ ယူခဲ့တာပါ၊ နင်သိချင်တဲ့အကြောင်းတွေကို ငါဖွင့်ပြောပြပါ့မယ်၊ အမှန်ပြောရရင် နင်ဒီလိုဖြစ်ရတာပေ့ါ၊ ငါ့အပြစ်တွေချည်းပါပဲ"

ရင်မေက မျက်ရည်သုပ်ရင်းကြည့်နေသည်။

"ငါ နင့်ကိုချစ်လွန်းလို့ မလုပ်သင့်တာတွေ လုပ်ခဲ့မိတယ်၊ ငါမှားခဲ့တဲ့ အပြစ်တွေကို ငါတစ်သက်လုံး ပေးဆပ်သွားမှာပါ၊ နင် ဘယ်လိုအခြေအနေ ဘဝမျိုးပဲဖြစ်ဖြစ်၊ ငါ သစ္စာရှိရှိနဲ့ လက်တွဲပြီးစောင့်ရှောက်ပေးသွားမှာပါ"

ထိုစကားကြားတော့ ရင်မေက မျက်ရည်သုပ်ရင်း ရင်မောင်ကို ကြည့်နေလေသည်။

"ဒါပေမယ့် ငါ ဒီလိုဘဝမျိုးနဲ့တော့ မနေပါရစေနဲ့၊ ငါပြန်ပါရစေ"

"နင်ငါ့ကို လူကြီးတွေ ပေးစားလို့ ယူခဲ့တာဆိုရင် ဒါမှမဟုတ်၊ စိတ်ထဲက ဘယ်လိုမှ နှစ်သက်မှု မရှိဘူးဆိုရင်တော့ ငါ ကျေကျေနပ်နပ်နဲ့ ကွာရှင်းပေးပြီး အိမ်ပြန်ပို့ပေးပါ့မယ်"

"ငါ ဒီလိုသဘောမျိုးနဲ့ ပြောတာမဟုတ်ပါဘူး၊ လက်မ



www.burmeseclassic.com

www.burmeseclassic.com



ထပ်ခင်က ငါ နင့်အပေါ်မှာ ဘယ်လိုပဲ သဘောထားခဲ့ထားခဲ့၊ လက်ထပ်ပြီးတဲ့နောက်မှာတော့ နင်က ငါ့ရဲ့ ဘဝလက်တွဲ ဖော်ဖြစ်သွားပြီ၊ ဒီအချိန်မှာ ငါ့အတွက်ရွေးချယ်စရာ ဘာမှမရှိတော့ဘူး၊ နင်နဲ့လက်တွဲပြီး ဘဝတစ်ခုထူထောင်ဖို့သာ အရေးအကြီးဆုံးပဲလို့ ငါ စဉ်းစားထားပြီးသားပါ"

"ဒီလိုဆိုရင်တော့ နင်မပြန်ပါနဲ့ ငါနဲ့ပဲနေပါ၊ ငါ့အမှားအတွက် နင့်ကိုတစ်သက်လုံး ပေးဆပ်သွားပါရစေ"

ထိုသို့ ပြောသောအခါ ရင်မေခမျှာ ရင်မောင်ကိုဘာမှနားမလည်သော အမူအယာဖြင့် ကြည့်နေရုံမှတပါး အခြားဘာမှမတတ်နိုင်တော့ပါချေ။




www.burmeseclassic.com


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

**တစ်**နေ့တော့ နီမောင်တို့နေသောရွာသို့ ရင်မောင်ရောက်လာလေသည်။ ၎င်းတို့မှာ ခင်မင်ကြသူများ ဖြစ်ကြသည်။ သူရောက်လာသောအချိန်က နီမောင်တို့ ဝါးခုတ်ရာမှ ပြန်ရောက်စအချိန်ဖြစ်သောကြောင့် အခန့်သင့်ပင်တွေ့ရသည်။

"ရင်မောင် ကိစ္စရှိလို့လား၊ မင်းမျက်နှာလည်းမကောင်းပါလား"



www.burmeseclassic.com

www.burmeseclassic.com



ရင်မောင်က ဘာမှပြန်မပြောပေ။

"မင်း ရင်မေနဲ့ရော အဆင်ပြေကြရဲ့လား"

"ပြေပါတယ်ကွာ၊ ငါ ဆရာကြီးဦးဗန်ကောင်းနဲ့ တွေ့ပြီး အကျိုးအကြောင်း ပြောပြစရာလေးတွေ ရှိလို့ပါ"

"သွားကြမယ်လေ၊ ငါ လိုက်ပို့ပေးမှာပေါ့"

ထိုသို့ပြောပြီး စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်ပါ ခေါ်ကာ ဆရာကြီး ဦးဗန်ကောင်းနေသောအိမ်သို့ သွားကြလေသည်။ ထိုအိမ်ရောက်ပြီး ဆရာကြီးဦးဗန်ကောင်းနှင့် တွေ့သောအခါ သူဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တို့ကို ပြန်ပြောလိုက်သည်။ ထိုအခါမှ နီမောင်တို့လည်း တအံ့တသြဖြစ်ကြရလေသည်။

"လက်စသပ်တော့ မိန်းကလေးတွေကိုဖျက်ဆီးနေတာ ဒီလူယုတ်မာတွေရဲ့ လက်ချက်ပဲကိုး၊ ဒီအတိုင်းတော့ မနေနိုင်ဘူး၊ ဒီကိစ္စကို အားလုံးသိအောင်ဖော်ထုတ်ပေးရမယ်"

"ဒီကိစ္စက ရွာထဲကိုကျားဝင်နေတာထက်ပိုဆိုးတယ်၊ တစ်နေ့တစ်ယောက်နဲ့ ကိုယ့်အလှည့် ဘယ်တော့ရောက်မလဲ စောင့်နေရသလိုဖြစ်နေပြီ"

"ဆရာကြီးကို မေးရဦးမယ်၊ လူချင်းမတွေ့ရပဲ အဝေး မှာနေတဲ့လူကို ဒီလိုခေါ်ယူလို့ ရသလား ဆရာကြီး"

ဦးဗန်ကောင်းက ခေါင်းညိတ်ပြသည်။

"ရတာပေါ့၊ ရှေးကတည်းက တို့ဆေး၊ သို့ဆေး ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com


တွေရှိတယ်၊ ဆေးနဲ့တို့လိုက် ညှို့လိုက်တာနဲ့ ဘာမှသတိမရ တော့ပဲ စေခိုင်းတဲ့အတိုင်း လုပ်ကြရတယ်"

"အဝေးမှာနေတဲ့သူကို ဘယ်လိုညှို့ယူလဲ ဆရာကြီး"

"သူတို့ မလာပေမယ့် သူတို့ကိုယ်စား လွှတ်လိုက်တာ တွေ ရှိမှာပေါ့၊ အဲဒီလိုညှို့လည်းရတယ်"

ရင်မောင်က ရင်မေတွေ့ခဲ့ရသည်ဆိုသော လိပ်ပြာနက် ကြီးအကြောင်းကို ပြန်ပြောပြလိုက်သည်။

"လိပ်ပြာနက်ကြီးက ဘယ်လိုညှို့တာလဲ ဆရာကြီး"

"ငါထင်တာတော့ မှော်သွင်းထားတဲ့ မှော်ဝင်လိပ်ပြာမျိုး ဖြစ်မှာပေါ့၊ သတ္တဝါဆိုပေမယ့် အမှောင့်ပယောဂ စွဲနေတာမျိုး ပေါ့၊ ကိုယ်မှာ အနံ့ရရုံနဲ့ ပင်ကိုယ်စိတ်ပျောက်စေတဲ့ ဆေးမှုန့် တွေဖြူးပေးလိုက်မယ်၊ လိပ်ပြာကြီးက အနားရောက်လာပြီး ပျံနေ တော့ ဆေးနံ့တွေရပြီး သတိမေ့သွားတာမျိုးပေါ့"

"အတော်ယုတ်မာတဲ့လူပဲ၊ ကျွန်တော့်ချစ်သူကို ဖျက်ဆီး ခဲ့တဲ့ လူယုတ်မာကိုတော့ လက်စားချေရမှအေးမယ်"

ရင်မောင်က အံတကြိတ်ကြိတ်နှင့် ပြောနေလေသည်။

နီမောင်တို့သုံးယောက်ကတော့ စိတ်ဝင်စားစွာဖြင့် နား ထောင်နေကြလေသည်။

ဦးဗန်ကောင်းကတော့ မထူးဆန်းသလို နားထောင် ပြီးတော့မှ မှတ်ချက်ချလိုက်လေသည်။

"ငါတို့ ထင်ထားတဲ့အတိုင်းပဲကွ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဒါဖြင့် ဆရာကြီးတို့က ဒီအကြောင်းတွေကို ကြိုသိနေသလိုပါပဲလား"

"သိပါတယ်၊ ဒီနယ်တကြောမှာ ဖြစ်နေတဲ့အဖြစ်အပျက်တွေဟာ တရားခံတစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်မှန်းတော့ သိနေပြီးသားပါ၊ ဘယ်သူ့လက်ချက်မှန်းသာ မသိရသေးတာပါ၊ အခု ရင်မောင်လာပြောပြတော့မှပဲ တရားခံကို သိရတော့တယ်၊ လက်စသတ်တော့ ဒင်းက ကြောင်သူတော် ကြွက်သူခိုး လုပ်နေတာကိုး"

"ဘယ်လိုလုပ်ကြမလဲ ဆရာကြီး၊ တရားခံသိရပြီဆိုတော့ သူ့ကိုဖမ်းပြီး အပြစ်ပေးရင် မကောင်းဘူးလား"

စောထီးက ပြောသည်။

"ဒီလိုလုပ်လို့ မဖြစ်သေးဘူးထင်တယ်၊ သူက ဆေးပညာမှာ အတော်ကလေးအစွမ်းထက်တယ်၊ ပြစားခံထားရတဲ့သူကို အသားတုံးတွေ ချက်ချင်းပြန်အန်အောင် လုပ်ပြနိုင်တယ်၊ နောက်ပြီး အသားပေါ်မှာ ဆေးမှုန့်ဖြူးချလိုက်တာနဲ့ ကိုယ်ထဲမှာရှိနေတဲ့ ပိုးကောင်တွေ ထွက်လာအောင် လုပ်ပြနိုင်တယ်၊ နောက်တစ်ခုက ဖနောင့်နဲ့ပေါက်လိုက်တာနဲ့ မီးတောက်တာတွေ ဖူးတယ်"

ဟု ရင်မောင်က အထိတ်တလန့် ပြောပြသည်။

ထိုအခါ ဦးဇန်ကောင်းက. . .

"ဒီပညာတွေက မဆန်းကြယ်လှပါဘူး၊ ပညာသက်ဓါတ်



www.burmeseclassic.com

www.burmeseclassic.com



ပညာဆိုတာ ဆရာတွေက မသိနားမလည်တဲ့လူတွေကို သမား ဂုဏ်ပြတဲ့နည်းတွေဖြစ်သလို သူတို့ကို ကြောက်ရွံ့အောင် လုပ်ပြတဲ့ နည်းတွေပါကွယ်"

ဟု ပြောပြသည်။ ထိုစကားကြားတော့ လူငယ်များက အံ့သြသွားကြသည်။

"ဒါ. . ဒါဖြင့်. . ဆရာကြီး အဲဒီနည်းတွေကို လုပ်တတ်တယ်ပေါ့"

"အေး. . အဲဒီနည်းတွေကို သိလည်းသိပါတယ်၊ လုပ်လည်းလုပ်တတ်ပါတယ်"

"ကျွန်တော်တို့က အဲဒီလိုအထူးအဆန်း လုပ်ပြတာကိုမြင်ပြီး သူ့ကိုကြောက်နေကြတာ၊ နောက်ပြီး ပိုပြီးယုံကြည်သွားကြတာ၊ သူက ဒါကိုအခွင့်ကောင်းယူပြီး ဒီလိုရက်စက်ယုတ်မာမှုတွေ လုပ်နေတာကိုး"

"ယုံလွယ်တဲ့သူ ဒုက္ခရောက်တတ်တယ်ဆိုရမှာပေါ့"

"ကျွန်တော်တို့ ဗဟုသုတရအောင် အဲဒီပဥ္စလက် ဓါတ်ပညာတွေကို နည်းနည်းပြောပြပေးပါ ဆရာကြီး"

ဟု ရင်မောင်က ပြောသဖြင့် ဦးဇန်ကောင်းက ပဥ္စလက်ဓါတ်ပညာအချို့ကို ပြောပြလေသည်။

**♦ လူတစ်ယောက်ကို ဆေးတစ်ခွက်တိုက်လိုက်သည်နှင့် အသားတုံးများ အန်ချသောနည်းမှာ. . .**

အသားတုံးကို အမှုန့်ပြု၍ ဂျုံကော်တစ်မျိုးနှင့် ဆေး



www.burmeseclassic.com

www.burmeseclassic.com



လုံးပုံသဏ္ဍာန် ပြုလုပ်ထားရသည်။ ဆေးလုံးလုံးစဉ်ကပင် အမွှေးအမျှင်အချို့ ထည့်လုံးထားရသည်။

လူနာကို ဗိုက်ထဲမှာအပင်းသွင်းထားသည်ဟု ပြောကာ ထိုအလုံးများကို ဆေးလုံးအဖြစ် ရေဖြင့်အရင်တိုက်ရသည်။

ထိုအသားလုံးများက ရေနှင့်ထိသောအခါ ပွလာသောကြောင့် မခံမရပ်နိုင်အောင် ဖြစ်လာသည်။ အော့ချင်အန်ချင်ဖြစ်လာသည်။

ထိုအခြေအနေမှာ အန်ဆေးတိုက်သောအခါ အမွှေးအမျှင်များနှင့် ရောပြွန်းနေသော အသားတုံးများကို အန်ချပေမည်။

**♦ အသားပေါ်သို့ ဆေးမှုန့်ဖြူးချပြီး အဝတ်ပတ်ထားပါက ပိုးလောက်များ ထွက်လာသောနည်းမှာ. . .**

ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးအချိန်အခါတွင် ကြခတ်ဝါးဆစ်တစ်ဆစ်ကို ယူပြီး တစ်ဖက်ကို အပေါက်ဖွင့်ရသည်။

ထိုဝါးဆစ်အတွင်းသို့ ဝက်သားကို သိပ်နေအောင် ရိုက်သွင်းရသည်။ ဝါးသည် ခါတ်တူဝက်သားနှင့် ထိတွေ့သောအခါ အက်ကွဲလေသည်။

ထိုသို့ကွဲသောအခါမှ တစ်ဖက်အပေါက်ကို ပြန်ပိတ်ပြီးနောက် မြေတွင်းတူးပြီး (၃)ရက်ကြာအောင် မြှုပ်ထားရသည်။

သုံးရက်စေ့သောအခါ ဖော်ယူပြီး အားလုံးကို အမှုန့်ဖြစ်အောင်ပြုလုပ်ပြီး ခြောက်သွေ့အောင်ထားကာ. . သွေ့ခြောက်



www.burmeseclassic.com

www.burmeseclassic.com


သောအခါ လေလုံသောပုလင်းထဲမှာထည့်၍ အဖုံးပိတ်ထားရလေသည်။

သမားဂုဏ်ပြလိုသောအခါ ထိုဆေးမှုန့်ကို လိုသောနေရာမှာဖြူးပြီး အများမမြင်အောင် အဝတ်ဖြင့် ကာထားရသည်။

ထိုဆေးမှုန့်သည် လေနှင့်ထိသောအခါ ပိုးလောက်ကောင်များ ဖြစ်လာလေသည်။ ကာထားသော အဝတ်ကို ဖယ်လိုက်သောအခါ ကြည့်နေသူများက တဖွားဖွားတက်နေသည့် ပိုးလောက်ကောက်များကို အံ့ဩဖွယ်ရာ တွေ့မြင်ကြရမည်ဖြစ်သည်။

**◆ ချည်ခင်ကိုဖနောင်ဖြင့် ပေါက်သည်နှင့် မီးထတောက်စေသောနည်းမှာ. . .**

သူ့ဖာသာ သေဆုံးနေသော ကျီးကန်း၏သည်းခြေကိုသော်လည်းကောင်း၊ လင်းယုန်သည်းခြေကိုသော်လည်းကောင်း ယူထားရသည်။ ထိုသည်းခြေနှစ်မျိုးကို တစ်ခုနှင့်တစ်ခု နီးကပ်စွာမထားရပေ။

သမားဂုဏ်ပြလိုသောအခါ ချည်ခင်မှာ ကျီးသည်းခြေအနည်းငယ်သုတ်ပါ၊ မိမိ၏ခြေဖဝါးမှာ လင်းယုန်သည်းခြေကိုသုတ်ပြီး ဖနောင့်ဖြင့် ချည်ခင်ကို ပေါက်ပါကဓာတ်ဆီနှင့် မီးတို့တွေ့ဆုံကြသကဲ့သို့ 'ဝုန်း'ခနဲ မီးထတောက်စေသည်။

**◆ ဖယောင်းတိုင်ကို မီးထတောက်စေသောနည်းမှာ. . .**


www.burmeseclassic.com

www.burmeseclassic.com


ဖယောင်းတိုင်၏ မီးစာကို 'ကန့်ဆီ'သုတ်ထားပြီး လေလုံသောနေရာမှာ ထားရသည်။ လေမထိရပေ။

အလိုရှိသောအခါမှ ကာထားသော ကန့်လန့်ကာကို ဖယ်လိုက်လျှင် ကန့်ဆီသုတ်ထားသော မီးစာနှင့် လေထိပါက ချက်ချင်းမီးထတောက်စေသည်။

**◆ မျိုးစေ့ကို မြေကြီးထဲမှာမြှုပ်ထားပြီး အပေါ်မှ ရေဖြန်းပေးရုံနှင့် ချက်ချင်းအပင်ပေါက်သောနည်းမှာ. .**

အစေ့အောင်ပြီးသော နံနံစေ့တို့ကို ဝါဂွမ်းဖြင့် လှ အောင်ရစ်ပတ်ပြီး ဝပ်နေသော ကြက်မဝပ်ကျင်းထဲသို့ ထည့်ပေး ထားရသည်။ ထိုကြက်မပေါက်လျှင် နောက်ကြက်မဝပ်ကျင်းသို့ ပြောင်းထည့်ရသည်။

ကြက်မဝပ်ကျင်း သုံးကြိမ်ထည့်ပြီးနောက် ထိုနံနံစေ့တို့ ကို လက်ဖြင့်မထိမိစေရန် သတိပြုပြီး သိမ်းထားပါ။

အလိုရှိ၍ ပြသလိုသောအခါ သဲကိုခင်းပြီး ရေဖြန်းပေး ရသည်။ ထို့နောက် ထိုနံနံစေ့တို့ကို သဲထဲမှာမြှုပ်ပြီး အပေါ်မှ ရေဆွတ်ထားသော အဝတ်စကို အုပ်ထားပေးပါက မိနစ်အနည်း ငယ်အတွင်းမှာ ချက်ချင်းအစို့ပေါက်လာသည်ကို တွေ့ရပေမည်။

ထို့ပြင် အခြားသိဒ္ဓိပေါက် ဆေးနည်းအချို့ကို ဖော်ပြ ပေးပါဦးမည်။

လိပ်သည်းခြေမှာ ပြဒါးထည့်ပြီး ကြိတ်သုံးပါက မာ လက်နက် ပြီးစေသည်။


www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းသည်းခြေနှင့် သူငယ်ချက်ကြွေ ရောကြိတ်ထားသောဆေးကို လက်ဝါးမှာသုတ်ပြီး တံခါးကို ပုတ်ပါက ပိတ်ထားသောတံခါးချပ် အလိုလိုပွင့်စေသည်။

ဝက်မြီး၌ ကပ်နေသော မြေစိုင်ခဲကို မိကျောင်းသည်းခြေနှင့်ရောကြိတ်ထားသောဆေးကို တစ်ကိုယ်လုံး သုတ်လိမ်းထားပါက ရန်သူများ မိမိကို မတွေ့မြင်နိုင်ကြပေ။

လိပ်သည်းခြေ၊ ကြက်သည်းခြေ၊ နှင့် ဝက်သည်းခြေတို့ ရောကြိတ်ထားသောဆေးဖြင့် ခါးလုံ့များကိုသုတ်ခြင်း၊ သံချောင်းကိုသုတ်ခြင်းပြုပါက ထိုခါးလုံ့သံချောင်းတို့သည် ဖယောင်းကဲ့သို့ ပျော့ပျောင်းသွားစေသည်။

ပုတ်သင်သည်းခြေနှင့် သစ်တက်လင်းနေသည်းခြေတို့ ရောနှောထားသောဆေးဖြင့် အနှောင်အဖွဲ့များကိုထိပါက လက်ထိပ်သံခြေကျင်းခတ်ထားသည်များကိုပင် အလိုလိုပွင့်စေပြီး လွတ်မြောက်နိုင်သည်။

ဦးဗန်ကောင်းက အထက်ပါအကြောင်းများကို ပြောပြပြီးနောက် လက်ဘက်ရည်ကြမ်းတစ်ခွက် သောက်နေလေသည်။

ပဥ္စလက်ဓာတ်ပညာများမှာ အတော်အမျိုးအစားစုံလင်လှသည်။ အချို့က ထိုပညာများကို သမားဂုဏ်ပြသည့် နေရာမှာ သော်လည်းကောင်း၊ မျက်လှည့်ပြသည့် နေရာမှာသော်လည်းကောင်း၊ စုန်းပယောဂ ကုသသည့်နေရာမှာသော်လည်းကောင်း အချို့ပညာများကို အသုံးပြုကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


အချို့ကမူ မသိကြသောကြောင့် ထိုပညာမျိုးကို မြင်လျှင် စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက်ဟု အယူအမှတ် လွဲတတ်ကြသည်။

အမှန်မှာ 'ပဥ္စလက်ခါတ်ပညာ'မှာ ရှေးဆရာကြီးများ အသုံးပြုခဲ့ကြသော နည်းပညာများဖြစ်ခဲ့ပြီး ကျမ်းစာအုပ်များလည်း ရှိပါသည်။

ယခင်စာရေးသူရေးသားခဲ့သည့် ဝတ္ထုစာအုပ်အချို့တွင် အဝတ်မှမြွေဖြစ်အောင် လုပ်ပြသောနည်းကို ထည့်သွင်းရေးသားခဲ့ရာ ပဥ္စလက်ခါတ်ပညာကျမ်းထဲမှနည်းပင် ဖြစ်ပါသည်။

ထိုထက် အဌမုခ ခါတ်ပညာကျမ်းမှာလည်း ပဥ္စလက်ခါတ်ပညာကျမ်းထဲမှ အချို့သော အကြောင်းအရာများ ပါဝင်ပါသည်။

"ဆရာကြီးပြောပြပုံအရဆိုရင် ဒီလိုပညာမျိုးတွေ အသုံးပြုပြီး ယုတ်မာနေကြတဲ့သူတွေလည်း အများကြီး ရှိမှာပေါ့နော်"

"ရှိပါတယ်၊ အစွမ်းထက်တဲ့ အစီအရင်ပညာတွေကို အသုံးချပြီး အချို့လည်း အကျိုးရှိတဲ့နေရာတွေမှာ အသုံးပြုကြတယ်၊ တချို့ကျတော့လည်း အခုလိုမကောင်းတဲ့ဘက်တွေမှာ အသုံးချကြတယ်"

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် ပြောပြသည်။

"ဒါထက် အဲဒီလိုဆေးနံ့ရပြီး သတိမေ့သွားတော့ ရှင်မေက ဆရာတွေနေတဲ့အိမ်အထိ ဘယ်လိုရောက်သွားတာလဲ


www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး"

"သူသွားတာမဟုတ်ပါဘူး၊ ရင်မောင်ကခေါ်သွားပြီး သွားပို့ပေးလိုက်တာပါ"

"မင်း တယ်မိုက်ပါလား ရင်မောင်ရာ"

"ငါလည်း ဘယ်ပို့ချင်ပါ့မလဲကွာ၊ ဒါပေမယ့် သူပြောတာတွေယုံပြီးတော့ လုပ်ခဲ့မိတာပေါ့၊ အဲဒီတုန်းကတော့ ရင်မေနဲ့နီးရဖို့သာ အာရုံရှိနေတော့ မှားတာမှန်တာတွေလည်း မသိတော့ပါဘူး၊ ရင်မေကို အဲဒီမှာထားခဲ့ပြီးမှသာ မှားမှန်းသိခဲ့ရတာ"

"အင်း . . မင်းတို့လိုအဖြစ်မျိုးနဲ့ ကြုံခဲ့ကြတဲ့ သူတွေလည်း နည်းကြမှာမဟုတ်ဘူး"

"ငါကတော့ မကျေနပ်ဘူး၊ လက်စားချေရမှ အေးမယ်"

"ဒီလို စိတ်လိုက်မာန်ပါလုပ်လို့ မဖြစ်သေးဘူး ရင်မောင်ရဲ့၊ သူ့မှာ မွေးထားတဲ့ မကောင်းဆိုးဝါးတွေလည်း ရှိတယ်၊ လူဆိုးလူမိုက်တွေလည်း ရှိတယ်၊ မဆင်မခြင်လုပ်ရင် မင်းခံသွားရမှာပေါ့၊ ဒီလောက်စိတ်မပူပါနဲ့ ဖြစ်ပြီးတာတွေလည်း ပြီးမှပဲ၊ ဒီကိစ္စတွေကို ငါ စီစဉ်ပါ့မယ်"

ဟု ဖြောင်းဖျပြောဆိုတော့မှ အားလုံးဘဝင်ကျကာ ကျေနပ်သွားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

**ရှေ့**အခန်း၌ ဖော်ပြခဲ့သည့်အတိုင်း ထူးခြားဆန်းကြယ်လှသည့် အစီအရင်ပညာရပ်တို့မှာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ပြန့်နှံ့ခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်၏။ သို့သော်လည်း ရှေးက ထိုမျှလောက် အသုံးမကျခဲ့ကြသော်လည်း ပုဂံခေတ်နောက်ပိုင်းမှာတော့ အတော်ပင် ပျံ့နှံ့လာကာ လူသုံးများခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံတွင် အနော်ရထာမင်း လက်ထက်မတိုင်ခင်က တန္တရ၊ မန္တရပညာများ အတော်ပင်ပျံ့နှံ့ခဲ့သည်။

အင်းအိုင်လက်ဖွဲ့ ဂါထာမန္တာန်တို့အပြင် အစွမ်းထက်လှသော အစီအရင်ပညာတို့လည်း ပါဝင်လေသည်။

မေထုန်အလျှုဟု အမည်ပေးထားသော ပန်းဦးလွှတ်ခြင်းဓလေ့မှာ တိဗက်လာမားတို့၏ တန္တရအယူဝါဒမှ ဆင်းသက်လာခြင်းဖြစ်သည်။ အရည်းကြီးတို့ အရက်သောက်ခြင်း၊ ပန်းဦးသုံးဆောင်ခြင်းမှာ တန္တရာဝါဒပင် ဖြစ်ပေသည်။ အမှန်တော့ တန္တရဝါဒမှာ မှော်အတတ်ပညာဟုခေါ်သော စုန်းတစ္ဆေစသည်တို့နှင့် သက်ဆိုင်သော ပညာပင်ဖြစ်၏။

ဤတန္တရခေါ် စုန်းတစ္ဆေ၊ မှော်ဝိဇ္ဇာအတတ်များကို ဗုဒ္ဓက ပယ်စွန့်တော်မူကြောင်းကို 'ဗြဟ္မဇာလသုတ်' မဟာသီလဝန်း၌ ပြဆိုထားသည်။ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း တရားလမ်းနှင့် ဖီလာကန့်လန့်(ဆန့်ကျင်ဘက်)ဖြစ်သဖြင့် တိရစ္ဆာနဝိဇ္ဇာဟု မြတ်စွာဘုရားက အမည်ပေးထားခဲ့သည်။

မြတ်စွာဘုရားမနှစ်သက်သဖြင့် ပယ်သောတန္တရ ပညာနှင့် အယူဝါဒများမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်းတွင် အတော်ပင်လူကြိုက်များကာ တောမီးလောင်သကဲ့သို့ ပျံ့နှံ့လာခဲ့လေသည်။

ကန်နစ်သျှကမင်းလက်ထက်သာသနာ (၆၀၀)ခန့်အတွင်း (1stCentury AD)တွင် ဘုရားဆင်းတု၊ ဘုရားလောင်း



www.burmeseclassic.com

www.burmeseclassic.com


ရုပ်တု၊ မဟာယာနတို့၏ 'တာရ', 'စာမုဏ္ဍိ' စသောနတ်သမီး နတ်သား ရုပ်တုများ စတင်ထုလုပ်ပူဇော်ကြလေသည်။

ဗြဟ္မပုဏ္ဏားတို့သည် မိမိတို့၏ နတ်သား နတ်သမီးများကို ပူဇော်သကဲ့သို့ မဟာယာနတို့ကလည်း မိမိတို့၏ ဘုရား၊ ဘုရားလောင်း၊ နတ်ရုပ်များကို ရှိခိုးပူဇော်ရန် ဘုရားရှိခိုးဂါထာ၊ မန္တာန်များကို စီကုံးရေးသားကြလေသည်။

ထိုသို့ စီကုံးရေးသားကြရာ၌ ပိဋကတ်တော်နှင့် ညီမညီကို ဂရုမပြုကြချေ။ ၎င်းတို့မှာ ပိဋကတ်တော် အပြည့်အစုံ ကျကျနနမရှိကြပေ။ ဒေသကာလခေတ်အားလျော်စွာ လူအများ အကြိုက်ကိုလိုက်၍ ဂါထာမန္တယားတို့ကို ရေးသားစီကုံးကြလေသည်။

အထူးသဖြင့် ဝိနည်းတရားတော်ကို ကျဉ်းမြောင်းကျပ်တည်းသော ကိုယ်ကျင့်တရားတို့ဖြစ်သည်ဟု ယူဆကာ ဝိနည်းတရားတော်ကို မစောင့်စည်းကြတော့ပေ။ သို့ဖြစ်၍ ၎င်းတို့ အလိုရှိရာကို ပြောဆိုကျင့်ကြံ ရေးသားကြလေသည်။

ထိုသို့ မပြည့်မစုံ၊ မကျနသော ကျမ်းဂန်တစ်ပိုင်းတစ်စတို့ကိုယူ၍ မိမိတို့၏ ဘုရားလောင်းဝါဒနှင့်လျော်သော

(၁) မဉ္ဇုသီရိမူလကပ္ပ
(၂) ဂုဟျသမဇ္ဇ
(၃) သကြသံဝရ. . .

စသောမန္တာန်ကျမ်းတို့ကို ဂုပတမင်းဆက်အစ. .

☺ အောင်မြင်စာပေ ☺
www.burmeseclassic.com

www.burmeseclassic.com


သာသနာ-၈၆၄(၃၂၀-အေဒီ)မှ ဟာသျှဝါဒနမင်း နန်းတက်သည့် သာသနာ-၁၁၅၀(၆၀၆-အေဒီ)ကာလအတွင်း ရေးသားကြလေသည်။

မဉ္ဇူသီရိ မူလကပ္ပကျမ်းသည် မန္တာန်၊ မန္တရား၊ အင်း၊ အိုင်၊ လက်ဖွဲ့စသော လောကီအတတ်ပညာများကို အားပေးသောကျမ်းဖြစ်သည်။

ဂုဟျသမဇ္ဇကျမ်းမှာကား 'ဗိုက်ရဝီစကြဲ'တည်းဟူသော သေရည်သေရက် သောက်စားခြင်း၊ မိန်းမတို့နှင့်ပျော်မြူးခြင်း တည်းဟူသော ကာမဂုဏ်ကျူးခြင်း၊ အကျင့်မျိုးတို့ကို အားပေးသောကျမ်း ဖြစ်လေသည်။

အရက်သေစာနှင့် စပ်၍ အရက်သေစာ သောက်စားမှုယစ်နေသောအခါ စိုးရိမ်ကြောင့်ကြဗျာပါဒ စိတ်ဆင်းရဲခြင်းတို့ကို မေ့လျော့ပပျောက်စေတတ်သောကြောင့် အရက်သေစာသည် မွန်မြတ်သောအစာ 'အံမြိုက်သုဒ္ဓါ'ဟု ၎င်းတို့ကခေါ်သည်။

မိန်းမတို့သည် အလွန်ထူးမြတ်သော 'ဝိမုတ္တိရသ'ကို ပေးတတ်သော 'မုတ္တိဒါကြီ' သို့မဟုတ် 'ပညာ' ဟူ၍၎င်း၊ ယောကျ်ားတို့ကား ထို'ဝိမုတ္တိရသ'ကိုရယူနိုင်သောနည်းလမ်း၊ ဟူ၍၎င်း ယူဆဟောပြောကြလေသည်။

ထိုသို့ ကာမဂုဏ်ကြူးသော အကျင့်ထူးကြောင့် မဟာယာနဝါဒသည် 'မန္တရယာန' သို့မဟုတ် 'တန္တရယာန' သို့မဟုတ် 'ဝဇ္ဇာယာန' သဘောသက်ဝင်သော မဟာယာနဗုဒ္ဓဘာသာ


www.burmeseclassic.com

www.burmeseclassic.com



ချည်း ဖြစ်ကြလေကုန်၏။

ယောဂစာရ၊ တန္တရယာန၊ မန္တရယာန၊ ဝဇ္ဇရာယာန ဖြစ်ပေါ်လာပုံကို အကျဉ်းမျှဖော်ပြပါဦးမည်။

သာသနာ-၁၀၀ခန့် (5th Century BC)နောက်တွင် ထေရဝါဒမှ သဗ္ဗာသတိဝါဒီဂိုဏ်း ခွဲထွက်ခဲ့သည်။ ထိုဂိုဏ်း၏ အယူအဆမှာ 'ခပ်သိမ်းသောအရာတို့သည် တည်ရှိကုန်၏၊ မတည်မရှိ မဟုတ်ကုန်' ဟူ၍ဖြစ်သည်။

သာသနာ-၃၀၀ခန့် (3rd Century BC)ခန့်တွင် ၎င်းတို့သည် အတန်အသင့်ထင်ရှားလာပြီ ဖြစ်သည်။

အဆိုပါ အယူဝါဒက ဆက်၍ မဟာယာနတို့ ပရမတ်ဘုရား၊ အယူအထိ ရောက်သောအခါ ၃-ပါးသောကာယကို ခွဲခြားပြလေသည်။

(၁) ဓမ္မကာယ၊ နိယာမဓမ္မ၊ ဘုရားအဖြစ် ဈာနဗုဒ္ဓ၊ ဝေရောစနဗုဒ္ဓ၊ အာဒိဗုဒ္ဓ ဟူ၍လည်း အမည်အမျိုးမျိုးပြသည်။ အချုပ်မှာ. . ပရမတ်သဘောဖြင့် အမြဲတည်နေသော အခြားဘုရားတို့ကို ဖြစ်စေနိုင်သော ပရမတ်ဘုရား၊ အဦးအစ ပင်မဘုရား၊

(၂)သမ္ဘောဂကာယဘုရားဖြစ်ရန်၊ အလောင်းအလျာများဖြစ်သော ဗောဓိသတ္တဘုရားလောင်းများ၊

(၃) နိမာနကာယ၊ လောကတွင် လူသဏ္ဍာန်အဖြစ်ဖြင့် ရောက်လာသောဗောဓိဘုရား၊ (သဒ္ဓတ္တမင်းသားကဲ့ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဂေါတမကဲ့သို့သော လူဘုရားမျိုး)

ဖော်ပြပါ ၃-မျိုးတွင် ပထမနှစ်မျိုးမှာ နတ်ဘုရား သဘောသို့ ရောက်သွားလေသည်။

ဓမ္မနိယာမကိုတည်၍ လောကဌ်ဖြစ်ပျက်နေသမျှတို့မှာ ဓမ္မတာသဘောအလျောက် ဖြစ်နေသည်။

ပုဂ္ဂိုလ်နှင့် ဓမ္မဝိညာဉ် ပူးပေါင်းဆက်သွယ်နေသည် ဟူသော အယူဝါဒကို 'ယောဂ'ဟုခေါ်သည်။

ဤယောဂဝါဒကို သာသနာ-၃၉၄ (၁၅၀-ဘီစီ)ခန့်တွင် ပတဥ္စလိမည်သော ပညာရှိရသေ့ကြီးက ဟိန္ဒူဘာသာအတွင်းသို့ စတင်သွင်းယူထားခဲ့သည်။

ပတဥ္စလိဆိုသည်မှာ ပိင်္ဂလမုနိ၊ ပိင်္ဂလနာဂ၊ ပိင်္ဂလာစရိယ၊ ပတဥ္စလိမုနိ ဟူသော အမည်၄-ပါး၍ ဆန်းကျမ်းကိုရေးသော ဆရာရသေ့ကြီး ဖြစ်သည်။

ဤယောဂအယူဝါဒသည် သာသနာ-၉၀၀ ခန့်အတွင်း (4th Century AD)တွင် အတန်ခေတ်စားလာ၍ အသျှင်အသင်္ဂ သည် ထို'ယောဂါစာရ' သို့မဟုတ် 'ဝိညာဏဝါဒ'ကို ဗုဒ္ဓဘာသာအတွင်းသို့ သွင်းယူရှိစေလေသည်။

ဤယောဂါစာရမှာ ယောဂီကမ္မဌာန်း အကျင့်မျိုးဖြစ်ပြီး တန်ခိုးဣဒ္ဓိပါဒ်ကို ရစေနိုင်သည်။

ထို့ကြောင့် ထူးခြားဆန်းကြယ်သော တန်ခိုးအမျိုးမျိုး ပြနိုင်သည်ဟု ယူဆကြသည်။ သာသနာ ၁၂၀၀-၁၃၀၀ အတွင်း



www.burmeseclassic.com

www.burmeseclassic.com



(၇၀၀-အေဒီခန့်တွင် မန္တန်၊ မန္တရား၊ အင်း၊ အိုင်၊ ခလှဲ့၊ မှော် စသည့် အတတ်မျိုးကို ဖြစ်စေပြီး ထိုယောဂါစာရဝိဉာဏဝါဒမှ မန္တရယာနအမည်သို့ ရောက်ရှိသွားသည်။

'တန္တရ'၏အဓိပ္ပါယ်ရင်းမှာ 'ကျမ်းစာ'ဖြစ်သည်။ သို့ရာတွင်အထူးအားဖြင့် 'မန္တန်၊ မန္တရား၊ မှော်၊ အင်း၊ အိုင်၊ ခလှဲ့ လက်ဖွဲ့တို့အကြောင်းကို ရေးထားသောကျမ်းဟု ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာတို့တွင် ခေါ်သည်။

ထို့ကြောင့် မန္တရယာနကိုပင် တန္တရယာနဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤတန္တရဘာသာအရ လောက၏ အချုပ်အခြာဝိဉာဏ်ကို (ဟိန္ဒူနတ်ဘုရား)သျှိဗခေါ် ပရမေသွာနတ်မင်းအဖြစ်ထား၍ ၎င်းပုလ္လင်နတ်ဘုရား၏ တွဲဖက်ကြင်ဖက်အဖြစ် ဣတ္ထိလိင် နတ်သမီး ကာလီ(ခေါ်)ဒုရဂ(ခေါ်)စတ်တိကို ထားလေသည်။

ဤ ဖို+မ ဓါတ်သဘောနှစ်ခု ပေါင်းစပ်ခြင်းမှ လောကတွင် အမျိုးမျိုးသောအရာတို့ ပေါက်ပွားဖြစ်တည် ကြီးပွားလာရသည်။ ဤသို့ ပေါက်ပွားဖြစ်တည်ကြီးပွားစေမှုကို 'ပြတြိတိ' (ပရကၡရိတိ ဟုလျှာလိပ်သံနှင့် ဖတ်)ဟုခေါ်သည်။

ဤသို့ ဖြစ်ပေါ်လာသော ရုပ်နာမ်သတ္တဝါ အမျိုးမျိုးတို့ကို နတ်ဘုရား အမည်အမျိုးမျိုး တပ်ပေးပြီးလျှင် ၎င်းတို့အသီးသီး၏ အကြီးအံမှူးနတ်ဘုရားတို့ကို စုပေါင်း၍ 'မာတြိ'(ခေါ်)အမိ နတ်ဘုရားကြီးများ ဖြစ်စေခါ ထိုအမိနတ်ဘုရားကြီးများကို ဒါကိ္ခ



www.burmeseclassic.com

www.burmeseclassic.com



နီယောဂိနိစသည်ဖြင့် ခေါ်ဝေါ်လေသည်။

ဤအမျိုးမျိုးသော အမိနတ်ဘုရားတို့မှာလည်း ဆိုခဲ့သော သျှိမ၏ ကြင်ဖက်တော်ဖြစ်သော အချုပ်အခြာဖြစ်သော ကာလီနတ်သမီးကြီး၏ ကိုယ်ခွဲ ကိုယ်စားများသာ ဖြစ်ကြကုန်၏။

ဤသို့ တန္တရဘာသာအရ ပေါက်ပွားမှုကို ဖြစ်စေနိုင်သော ဣတ္ထိလိင် မခါတ် ကိုးကွယ်မှုမှာ သာသနာ-၁၃၀၀အတွင်း (၇၀၀-အေဒီ)ခန့်တွင် မဟာယာနစသော အိန္ဒိယဗုဒ္ဓဘာသာတွင်းသို့ ဝင်စပြုလေတော့သည်။ ဝင်သည့်အခါ ဘုရားလောင်းနှင့်တကွ၊ အခြားနတ်တို့အား ကြင်ဖက်မယားများ ဖက်ပေးလေတော့သည်။

ကာလကြာသော် အဆိုပါသျှိမ၏ ကြင်ဖက်မယား ဣတ္ထိလိင်နတ်သမီး ကာလီကို မဟာယာနတွင် ပရမတ်ဘုရားဈာနိဗုဒ္ဓနှင့်သာမက အမြင့်မြတ်ဆုံး အာဒိဗုဒ္ဓနှင့်ပင် ကြင်ဖက်အဖြစ်သို့ ရောက်စေလေတော့သည်။

တောင်ပိုင်းဗုဒ္ဓဘာသာ ကျမ်းစာများတွင် ထိုမန္တာန်မန္တရားအတတ်နှင့်စပ်၍ များစွာပါရှိလေသည်။

သုတ်၊ သီလက္ခန်၊ အဋ္ဌကထာ ကေဝဋ္ဋသုတ်အဖွင့်၌ 'ဂန္ဓာရမန္တာန်'ဟူသော စကားပါရှိသည်။

ထိုစကားမှာ ဤသို့ဖြစ်သည်။

"ဂန္ဓာရီထိ၊ ဂန္ဓာရနာမက္ကသိနာကတာ၊ ဂန္ဓာရရဋ္ဌေ ဥပ္ပန္နဝိဇ္ဇာ၊ တတ္ထကိရဗဟုက္ကသယောဝသိံသု၊ တေသုဧကေန

www.burmeseclassic.com



ကတာဝိဇ္ဇာတိအခိပ္ပါယော"

အခိပ္ပါယ်မှာ. . .

ဂန္ဓာရီမန္တာန်သည် ဂန္ဓာရမည်သော ရသေ့သည် စီရင်အပ်သော အတတ်ပညာမည်၏။

တစ်နည်းကား. . .

ဂန္ဓာရတိုင်း၌ များစွာသောရသေ့တို့သည် နေကုန်၏။ ၎င်းတို့တွင် တစ်ပါးသောရသေ့သည် စီရင်အပ်ပြုအပ်သော အတတ်ဖြစ်သည်. . . ဟူ၍ ဖြစ်သည်။

ဂန္ဓာရတိုင်းဟူသည်ကား ပန်ချပ်တိုင်း၊ ကသ္မီရာတိုင်းတို့၏ အနောက်မြောက်ဖက်က ကပ်လျက်တည်ရှိသောတိုင်းဖြစ်သည်။

ထိုဂန္ဓာရတိုင်းနှင့်တကွ၊ အနီးအနားရှိ ကသ္မီရာ တိုင်းတို့သည် စုန်း၊ နတ်၊ ပယောဂ၊ မန္တန်၊ မန္တရား အတတ်တို့၌ အလွန်ကျော်စော၏။

ထိုသို့ကျော်စောကြောင်းကို တရုပ်ရဟန်းတော် ဟိယန်ဆိုင်(သာသနာ-၁၃၀၀ခန့်)အတွင်း (7th Century AD) ခရီးသည် မာကိုပိုလို (သာသနာတော်-၁၅၀၀ခန့်)အတွင်း (7th Century AD) တို့သည် မိမိတို့၏ မှတ်တမ်းများတွင် ရေးမှတ်ထားခဲ့ကြလေသည်။

ထိုသို့သော အကြောင်းကြောင့် ဂန္ဓာရတိုင်းကို စွဲ၍၎င်း၊ (သို့မဟုတ်)ဂန္ဓာရတိုင်းနေ၊ ဂန္ဓာရမည်သော ရသေ့ပြုစုစီရင်



www.burmeseclassic.com

www.burmeseclassic.com



အပ်သည်ကို စွဲ၍ရှင်း၊ ထိုအတတ်ကို ဂန္ဓာရီအတတ်ဟု ခေါ်ကြသည်။

ထိုဂန္ဓာရီအတတ်တွင် 'စူဠဂန္ဓာရီမန္တာန်'နှင့် 'မဟာဂန္ဓာရီမန္တာန်'ဟူ၍ နှစ်မျိုးရှိပေသည်။

အသိတိမဟာသာဝကအဝင်ဖြစ်သော မိလိန္ဒပဉ္စထေရ်အလောင်းသည် ဘုရားသခင်နှင့် မတွေ့မီက 'စူဠဂန္ဓာရီမန္တာန်' ကိုတတ်သောကြောင့် ကောင်းကင်ပျံနိုင်သည်။ ထို့ပြင် သူတစ်ပါး၏ စိတ်အလိုကို သိနိုင်သည်။

'မဟာဂန္ဓာရီမန္တာန်'ကား ထို့ထက်ပင် တန်ခိုးအာနုဘော်ကြီးသည်ဟု ဓမ္မပဒအဋ္ဌကထာတွင် ဆိုသည်။

အလ္လကပ္ပမင်း၊ ဝေဌဒိပမင်း၊ ဥတေနမင်းတို့အကြောင်းနှင့်စပ်၍ ဆင်များကို မလာစေနိုင်သော/လာစေနိုင်သော 'ဟတ္တိဂန္ဓမန္တရား"ရှိကြောင်း ဓမ္မပဒ အဋ္ဌကထာ၌ဆိုသည်။

သာဝတ္ထိပြည် ဝိဂီဿလုလင်သည် ဆဝသီသမန္တန်ကို တတ်လေသည်။

သူသည် သေလွန်ပြီး သူ၏ဦးခေါင်းခွံကိုယူ၍ ထိုမန္တာန်ဖြင့် စိပ်ကြည့်လျှင် ထိုသေသူသည် ငရဲဘုံ၊ ပြိတ္တာဘုံ၊ တိရစ္ဆာန်ဘုံ၊ လူ့ဘုံ စသည်ဖြင့် မည်သည့်ဘုံ၌ ဖြစ်သွားလေသည်ကို သိနိုင်သည်ဟု ဓမ္မပဒအဋ္ဌကထာ အင်္ဂုတ္တိုရ်အပါဒါန် အဋ္ဌကထာတို့၌ ဆိုသည်။

နက္ခတ်ကိုကြည့်၍ရွှတ်လျှင် ရတနာ(၇)ပါး မိုးရွာစေ



www.burmeseclassic.com

www.burmeseclassic.com



တတ်သော 'ဝေဒဗ္ဗမန္တန်'ရှိကြောင်း ဧကနိပါတ်၊ သဗ္ဗိဝဇာတ်တွင် ဆိုသည်။

ဗာရာဏသီပြည် သေနကမင်းသည် နဂါးမင်းတစ်ဦးထံမှ ပိုးမွှားတိရိစ္ဆာန်တို့၏ ဘာသာစကားကို နားလည်နိုင်သော 'သဗ္ဗရုတညုဇာနနမန္တရား'ကို ရရှိကြောင်း ဆက္ကနိပါတ်၊ ခရပုတ္တဇာတ်တွင်ဆိုသည်။

ဆေးဝါးမန္တရား အစီအရင်ဖြင့် အလမ္ပါယ်ပုဏ္ဏားက စမ္ပေယျနဂါးမင်းကိုဖမ်းကြောင်း ဝီသတိနိပါတ်၊ စမ္ပေယျဇာတ်၌ ဆိုသည်။

အထက်ဖော်ပြပါနည်းဖြင့် ဘူရိဒတ်နဂါးမင်းကိုဖမ်းကြောင်း ဘူရိဒတ်ဇာတ်တွင်ဆိုသည်။

ပေါရိသာဒသည် ဘီလူးတစ်ကောင်ထံမှ 'ပစ္စလက္ခဏာမန္တရား'ကိုရကြောင်း ထိုမန္တရားကြောင့် လျင်မြန်မှုရှိ၏။ ခွန်အားကြီး၏၊ ရဲရင့်၏။ ရန်သူကို မခံနိုင်လေဟု အသီတိနိပါတ်၊ မဟာသုတသောမဇာတ်တွင် ဆိုသည်။

မြေ၌မြှုပ်ထားသော ဥစ္စာတို့ကို မြင်စွမ်းသိစွမ်းနိုင်သော မန္တရားရှိကြောင်း စတုက္ကနိပါတ်၊ ဗြဟာဆတ္တဇာတ်တွင် ဆိုသည်။

ဤသို့ မန္တရ၊ တန္တရဘာသာ ဝင်ရောက်ရောစွက်လာသည်မှစ၍ မဟာယာနသည် အကြီးအကျယ်ပြောင်းလွဲပျက်စီးခြင်းသို့ ရောက်ရပေသည်။

တဏှာကာမဂုဏ်ဖြင့် ဖုံးလွှမ်းနေသော လူအများတို့



www.burmeseclassic.com

www.burmeseclassic.com



သည် ဤအယူအဆကို များစွာနှစ်သက်လာကြသဖြင့် သာသနာ ၁၃၀၀ ခန့်မှ ၁၇၀၀ ကျော် (8th to12th Century AD) အတွင်း အိန္ဒိယပြည်ရှိ ဗုဒ္ဓဘာသာသည် 'ဝိဇ္ဇာယာန'(ဗိုက်ရဝီစကြ) ဘဝ သို့ လုံးလုံးရောက်သွားလေသည်။

လောဘ၊ မောဟပြွမ်းသော လောကတွင် ကာမဂုဏ် စသည်ဖြင့် ဆွဲငင်ခြင်းဖြင့် အလွယ်တကူ လိုက်ပါလာကြသည့် အားလျော်စွာ မိစ္ဆာနတ်သားနတ်သမီးများကို ကိုးကွယ်ပူဇော် ကာ ပန်းတစ်ပွင့် အရက်တစ်ခွက် ပူဇော်ရုံမျှဖြင့် နတ်ရွာနိဗ္ဗာန်သို့ ရောက်နိုင်သည်။ လောကတွင်လည်း ဘေးရန်အပေါင်းနှင့် ဒုက္ခ အပေါင်းမှလွတ်၍ စည်းစိမ်ချမ်းသာ ရနိုင်သည်ဟု ယုံကြည်ကြ ပြီးလျှင် အလွန်လူကြိုက်များသော ဘာသာဝါဒအဖြစ်သို့ ရောက် သွားလေသည်။

ထိုတန္တရဝိဇ္ဇာဂိုဏ်းဝင်အချို့ ရဟန်းတို့သည် ဝိနည်း တရားတို့ကို စွန့်ပယ်၍ မန္တန်မန္တရားအတတ်တို့ကို ယုံကြည်အား ကိုးခါ သပိတ်အစား လူခေါင်းခွံများကိုယူဆောင်လျက် တော နက်ရာတို့၌ ဗလိနတ်စာကျွေးခြင်း၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ ခလှဲ့၊ မန္တာန်၊ မန္တရားစီရင်ခြင်း အလုပ်တို့ဖြင့် လူတို့အား လှည့်ပတ် ခြောက်လှန့်ခါ အသက်မွေးကြလေသည်။

တန္တရဝိဇ္ဇာဂိုဏ်းဝင် အချို့ရဟန်းတို့သည် သောက်စား မူးယစ်ခြင်း ကာမဂုဏ်၊ ခံစားခြင်း၊ ကာမအလှူလှူခြင်းတို့သည် မြတ်သည်ဟု လှည့်ပတ်ပြောဆို၍ အလှူခံကြသည်။ ရှေးရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် မဆိုထားဘိ၊ တိုင်းရှင်ပြည်ရှင်ဘုရင်များကပင် ယုံကြည် သက်ဝင်ကာ သမီးကညာများကို ဆက်ကပ်လှူဒါန်းမှု ပြုကြ သည်။

မြန်မာနိုင်ငံ၊ ပုဂံပြည်တွင် အရည်းကြီးတို့၏ 'ပန်းဦး လွှတ်' အကျင့်ထုံးစံမှာ ထိုတန္တရဝိဇ္ဇာယာနဂိုဏ်း၏ အယူဝါဒ အဆက်အနွယ်ပင် ဖြစ်ပေသည်။

ထိုသို့ တန္တရဝိဇ္ဇာဂိုဏ်းဝင် ရဟန်းတို့ လာဘ်သပ်ပကာ ပေါ်များပျော်မြူးခံစားကြရသည်ကို ဗြဟ္မဏဘာသာဝင်များက အားကျကာရှေးဟောင်း အသေမစေသော ယာဇ်ပူဇော်ခြင်း အလုပ်နှင့် နတ်ကြီးနတ်ငယ်အသွယ်သွယ်တို့အား ပူဇော်ခြင်းကို အားတက်သရော ပြုကြလေသည်။

ဤသို့ဖြင့် သာသနာ-၁၇၀၀ခန့် (12th Century)ခန့် တွင် အိန္ဒိယမဟာယာနနှင့် ဗြဟ္မဏဘာသာတို့မှ အလွန်ဆင်တူ နေသဖြင့် ခွဲခြားမရသလောက်ရှိပေသည်။

မြတ်စွာဘုရားနှင့် ရဟန္တာထေရ်ကြီးများက စုန်းကဝေ မှော်ပညာတို့ကို ပယ်ဖျက်တားမြစ်ခဲ့သော်လည်း ခေတ္တမျှသာ မှေးမှိန်သွားခဲ့သည်။

သာသနာနောက်ပိုင်းတွင် ဗြဟ္မဏတို့သည် သာသနာ တွင်းဝင်လာ၍ တန္တရအကျင့် ယောဂအကျင့်တို့ကို ရဟန်းဝတ် ဖြင့် ကျင့်သုံးကြရာ တန္တရဝါဒသည် ဗုဒ္ဓဝါဒကို မှီကပ်လာသည်။ ကြာသော်ဘုရားပွင့်သော မဇ္ဈိမဒေသမှစပြီး တန္တရဝါဒ လွှမ်းမိုး



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ဗုဒ္ဓဝါဒ မေးမှိန်ခဲ့ရလေသည်။

ဂါထာမန္တာန်ရွတ်ခြင်း၊ အင်းချခြင်းတို့ဖြင့် လောကီသိဒ္ဓိပေါက်မြောက်ရုံမကပဲ နိဗ္ဗာန်မဂ်ဖိုလ်ကိုပင် ရနိုင်သည်ဟု ကျမ်းဂန်များက ရေးသားကြသည်။

တန္တရဟူသော အဓိပ္ပါယ်မှာ ဉာဏ်ပညာဖြစ်သည်။ ဂါထာမန္တရားတို့သည် လောကီဉာဏ်ပညာမှစပြီး လောကုတ္တရာဉာဏ်ပညာအထိ ရရှိစေနိုင်သောကြောင့် တန္တရဟု ခေါ်ဝေါ်ကြခြင်းလည်း ဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြန့်နှံ့ရောက်ရှိလာသော အစီအရင်ပညာ၊ တန္တရ၊ မန္တရပညာတို့မှာ အိန္ဒိယ၊ တိဘက် စသောနိုင်ငံများမှ ကူးစက်ပြန့်နှံ့လာခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ညနေပိုင်းအချိန် ကျော်လွန်လာခဲ့ပြီ ဖြစ်သောကြောင့် သစ်တောနှင့် နီးသောနေရာများတွင် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုလာချေပြီ။ ထိုကဲ့သို့ နေဝင်ရီတရောအချိန်မျိုး ရောက်လာလျှင်တော့ အကြောင်းမရှိဘဲနှင့် အသွားအလာ သိပ်မလုပ်ကြတော့ပေ။

အဘယ်ကြောင့်ဆိုသော် ယခုတလော လူ[illegible]သေအ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ရှိပြီး ခြောက်လှန့်မှုများက နေရာအနှံ့အပြားတွင် ဖြစ်နေသောကြောင့် ကြောက်လန့်ပြီး အသွားအလာ သိပ်မလုပ်ကြတော့ခြင်း ဖြစ်ပေသည်။

အထူးသဖြင့် တောရွာများနှင့် အနည်းငယ်ဝေးသော ငိုသံကြားတောင်ကြား မိစ္ဆာကုန်းဟုခေါ်သော မိစ္ဆာရုပ်တုကုန်းရှိသောနေရာများသို့ အသွားအလာမပြုဝံ့ကြတော့ပေ။

အဘယ်ကြောင့်ဆိုသော် ထိုနေရာများက အခြားနေရာများထက်ကြောင့် ဖြစ်သည်။

ထိုနေရာများမှာ ခြောက်လှန့်မှုများသည့်အပြင် မြွေမျိုးစုံတို့လည်း အတော်ပင်များသည်။

သစ်ပင်များ ခြုံနွယ်ပိတ်ပေါင်းများ ထူသည့်အပြင် ဂူပေါက်များ ပေါများလှသဖြင့် မြွေမျိုးစုံတို့ ခိုအောင်းရာ နေရာတစ်ခုလည်း ဖြစ်ပေသည်။

ရဲခြောက်လှန့်မှု များသည့်အပြင် မြွေပေါလှသောကြောင့် သာမန်လူတို့က အကြောင်းကိစ္စမရှိဘဲ မသွားလာဝံ့ကြသော်လည်း မြွေဖမ်းပြီး အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် သံပချိုင်တို့ကတော့ မကြာခဏ ထိုနေရာသို့ လာရောက်ကာ မြွေဖမ်းလေ့ရှိကြသည်။ ငိုသံကြားတောင်ကြားဟု အမည်ပေးထားသော တောင်ကြားတစ်ဝိုက်တွင် သံပချိုင်တစ်ခုရှိသည်။ ထိုပတ်ဝန်းကျင်၌ နေကြသည့် ရွာများမှ လူသေလျှင် ထိုနေရာသို့ လာရောက်မြှုပ်နှံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ဖြစ်ရပ်ဆန်းတစ်ခုကို ပြောပြရပေဦးမည်။ ရွာတစ်ရွာမှ မိန်းကလေးတစ်ဦး ပိုးထိ(မြွေထိ)သဖြင့် သေသွားရာ ငိုသံကြားတောင်ကြားသို့ အလောင်းသယ်လာပြီး မြေမြှုပ်ရန် ပြင်ဆင်ကြရာမှ အလောင်းက ထထိုင်လာလေသည်။

တကယ်တော့ ထိုမိန်းကလေးမှာ အသက်မသေသေးပဲ မျောနေခြင်းဖြစ်ပြီး သုသာန်ရောက်မှ ငိုသံများကြားတော့မှ သတိပြန်ရလာခြင်းဖြစ်သည်။

သေပြီဟု ထင်ထားသောအလောင်းက ထထိုင်လာသဖြင့် အချို့လည်း ဖုတ်ဝင်လာသည် ထင်သောကြောင့် ကြောက်လန့်တကြားနှင့် ထွက်ပြေးကြသည်။

ထိုသို့ထွက်ပြေးစဉ် တွင်းထဲမှထွက်လာသောမြွေကို တက်နင်းမိသဖြင့် တစ်ယောက်မှာ မြွေကိုင်ခံရလေသည်။

အဆိပ်ပြင်းသော မြွေဖြစ်သောကြောင့် မြွေထိခံရသူမှာ နေရာ၌ပင်ပွဲချင်းပြီး သေဆုံးသွားလေတော့သည်။

သို့ကြောင့် မိန်းကလေးအလောင်းထည့်ရန် တူးထားသောကျင်းထဲသို့ ထိုအလောင်းကိုထည့်ကာ မြေမြှုပ်သင်္ဂြိုလ်လိုက်ရသည်။ သုသာန်ရောက်မှ ကံကောင်းထောက်မစွာဖြင့် သတိပြန်ရလာသော ထိုမိန်းကလေးကိုတော့ ရွာသို့ပြန်ခေါ်သွားကြလေတော့သည်။

ငိုသံကြားတောင်ကြားတစ်ဝိုက်တွင် ထိုကဲ့သို့ဆန်းကြယ်သော အဖြစ်မျိုးလည်း ရှိခဲ့ဖူးပေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်တို့ကတော့ ထိုသို့မဟုတ်ပေ။ လူသူအသွားအလာနည်းပြီး မြွေပေါသော ထိုနေရာမျိုးသို့ တကူးတက သွားရောက်ပြီး မြွေဖမ်းလေ့ရှိကြသည်။

ငိုသံကြားတောင်ကြား မိစ္ဆာကုန်းတစ်ဝိုက်မှာ သရဲကြမ်းသည်ဟု နာမည်ကြီးသဖြင့် လူအသွားအလာ မရှိကြသောကြောင့်လည်း မြွေပေါခြင်းဖြစ်သည်။ သံပချိုင်ကို တစ်နယ်လုံးက အောက်လမ်းဆရာ၊ ပယောဂဆရာဟု သိထားကြကာ..ကြောက်ရွံ့ကြသည်။

တကယ်တော့ သံပချိုင်မှာ မြွေဖမ်းခြင်း၊ မြွေထိသောသူများအား ဆေးကုပေးခြင်း စသောအလုပ်ကိုသာ လုပ်လေ့ရှိသည်။ ၎င်းစီမံဖော်စပ်ထားသော မြွေဆိပ်ဖြေဆေးမှာ အစွမ်းထက်လှသည်။ မည်ကဲ့သို့သော အဆိပ်ပြင်းသည့် မြွေမျိုးဖြစ်စေ ၎င်းဆေးနှင့် ကုပါက ချိန်မီလျှင် အသက်ချမ်းသာရာ ရနိုင်သည်။

အချိန်မီမကုရလျှင်တော့လည်း မတတ်နိုင်ပေ။

သံပချိုင်ကို ပယောဂဆရာဟု ထင်ကြခြင်းမှာ အခြားတော့ မဟုတ်ပေ။ မြွေကုသောအခါ ပယောဂကို ရှင်းထုတ်ရသောနည်းလည်းပါသည်။ သို့ကြောင့် ပယောဂဆရာဟု ထင်ကြခြင်း ဖြစ်လေသည်။ လူတစ်ယောက်ကို ပိုးထိလိုက်သည်နှင့် ထိတ်လန့်ကြောက်ရွံ့မှု များသောကြောင့် သတိလက်လွတ် ဖြစ်သွားလေ့ရှိသည်။

ထိုအခိုက်အတန့်မှာပင် ပတ်ဝန်းကျင်မှာရှိသော အ



www.burmeseclassic.com

www.burmeseclassic.com


မှောင့်ပယောဂဟုခေါ်သော သရဲတစ္ဆေ၊ မကောင်းဆိုးဝါးတို့ ကိုယ်တွင်းသို့ ဝင်ရောက်ပူးကပ်နေတတ်သည်။

၎င်းတို့က ကိုယ်ခန္ဓာထဲမှာရှိသာ အသက်ဝိညာဉ်ကို အပြင်ရောက်သွားအောင် ပြုလုပ်ပြီး ဝင်ရောက်နေတတ်သည်။

အပမှီခြင်း ဖုတ်ဝင်ခြင်းဆိုသော အဖြစ်အပျက်မှာ ထိုကဲ့သို့ ကိုယ်ခန္ဓာအတွင်းသို့ မကောင်းဆိုးဝါးများ ဝင်ရောက်ပူးကပ်နေခြင်းဖြစ်သည်။

ပြင်ပမှ ဝိညာဉ်တစ်ခု လာရောက်မှီကပ်နေသည်ကို အပမှီသည်ဟု အတိုကောက်ခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်။

မြွေဆိပ်က ဒုက္ခပေးသောအခါ မှီနေသော မကောင်းဆိုးဝါးက ဆေးကု၍မရအောင် အနှောက်အယှက် ပေးထားတတ်သည်။ ကျွမ်းကျင်သော မြွေဆရာများက မြွေထိသောလူနာတွေ့လျှင် ပူးကပ်နေသော အမှောင့်ပယောဂကို အရင်ဖယ်ရှားပြီးမှ မြွေဆိပ်ကို ချလေ့ရှိသည်။

မြွေဆေးကောင်းလျှင် မြွေဆိပ်ကိုချရတာ မခဲယဉ်းသော်လည်း မှီကပ်နေသော မကောင်းဆိုးဝါးကို ဖယ်ရှားသောကိစ္စကတော့ အနှောက်အယှက်များသည်။

တော်ရုံ ပယောဂပညာတတ်ရုံနှင့် မရနိုင်ကြပေ။

သံပချိုင်မှာ မြွေဆိပ်ဖြေဆေးကောင်းကောင်းရှိသလို ပယောဂကုသော ပညာကောင်းများလည်း ရှိသည်။

၎င်းကျွေးမွေးထားသော သန်းရွှေနှင့် မှတ်ကြီးတို့နှစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်ကလည်း သတ္တုကောင်းကြသည်။ အဆိပ်ပြင်းသော မြွေများကို မကြောက်မရွံ့ ဖမ်းလေ့ရှိကြသည်။ ကြီးမားသော မြွေကြီးများကို ဖမ်းဆီးထားပြီး ရောင်းချကြသည်။ စပါးကြီးမြွေမျိုး ရပါက သည်းခြေကို အဓိကထုတ်ယူပြီး အသားပိုင်းများကိုတော့ အမဲသား၊ ဝက်သားရောင်းသကဲ့သို့ ဟင်းစားအတွက် ရောင်းချကြသည်။

အနောက်ရိုးမ တောင်တကြောမှ ရှိကြသော ရွာများတွင် ကရင်လူမျိုး၊ ရခိုင်လူမျိုး အတော်ရှိကြရာ ၎င်းတို့က မြွေသားကို များစွာနှစ်သက်သဖြင့် ထိုကဲ့သို့ ရောင်းချရာမှလည်း ငွေရသည်။

မြို့သို့ရောက်သည့်အခါ စပါးကြီးသည်းခြေကို ရောင်းချသောအခါမှာလည်း ငွေများများရလေ့ရှိသဖြင့် အဆင်ပြေသည်။ ဤသို့သော ငွေများအပြင် မြွေထိသော လူနာများကို ဆေးကုပေးသဖြင့် ငွေနှင့် အစားအသောက်များလည်း ရကြသည်။ ဤသို့သောနည်းများဖြင့် မြွေဆရာ သံပချိုင်တို့မှာ ဝင်ငွေရနေကြခြင်း ဖြစ်၏။

အတော်များများကတော့ သံပချိုင်၏ ရုပ်ရည်နှင့် အပြုအမူများကို ကြည့်ကာကြောက်ရွံ့ကြသဖြင့် အဆက်အဆံ မလုပ်ဝံ့ကြပေ။ ပယောဂဆရာဟု ထင်သောကြောင့်လည်း ကြောက်ရွံ့ကြသည်။ အလုပ်မရှိသဖြင့် တပည့်များနှင့် အရက်သောက်နေတတ်သော သံပချိုင်ကို အောက်လမ်းဆရာဟု ထင်ကြသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ကြောက်ရွံ့ကြခြင်း ဖြစ်သည်။

သို့သော်လည်း မြွေထိသောလူနာရှိပြီဆိုလျှင်တော့ သံပချိုင်ကိုသာ မလွဲမရှောင်သာ လာရောက်ပင့်ခေါ်လေသည်။ သံပချိုင်ကတော့ သူ့ကိုအထင်ကြီးသည်ဖြစ်စေ၊ အထင်မကြီးသည်ဖြစ်စေ မြွေထိသော လူနာကိုတော့ အသက်ချမ်းသာအောင် ကုသပေးတတ်သည်။

ယခုလည်း သံပချိုင်နှင့် တပည့်နှစ်ယောက်တို့သည် ထိုနေရာတစ်ဝိုက်တွင် ရှိသည်ဆိုသော တောကြီးမြွေပွေးဟောက်တစ်ကောင်ကို ဖမ်းဆီးရန် ကြိုးစားနေကြရာမှ ထိုနေရာတစ်ဝိုက်သို့ ရောက်လာကြခြင်း ဖြစ်သည်။

ထိုနေရာရောက်တော့ မှောင်လာပြီဖြစ်သောကြောင့် ရှာဖွေရန် မလွယ်ကူတော့ပေ။ ထိုနေရာတစ်ဝိုက်တွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ထူထပ်ရုံမကပဲ ဂူပေါက်၊ ကျင်းပေါက်တို့လည်း များသဖြင့် ညဘက်တွင် မြွေရှာ၍ မရတော့ပေ။

သို့ကြောင့် မှောင်စပျိုးသောအချိန်တွင် တောဘက်မှ ပြန်ထွက်ခဲ့ကြလေသည်။ ထိုနေရာရောက်တော့မှ မမျှော်လင့်သော မြင်ကွင်းတစ်ခုကို လှမ်းမြင်လိုက်ရသည်။

ခြေသလုံးအရွယ်ခန့်ရှိသော တောကြီးမြွေပွေးဟောက်ကြီးတစ်ကောင်မှာ သူတို့ရှေ့မှဖြတ်ပြီး တောစပ်၌ရှိသော တောင်ပို့ပေါက်တစ်ပေါက်အတွင်းသို့ တိုးဝင်သွားသည်ကို လှမ်းမြင်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . ဟိုမှာ မြွေဟောက်တက်တစ်ကောင် တွင်းပေါက်ထဲဝင်သွားပြီ"

သန်းရွှေက ဇမ်းသာအားရပြောသည်။

ထိုအခါ မှတ်ကြီးက. . .

"အချိန်မရှိတော့ဘူး၊ မနက်လင်းတော့မှ လာတူးကြရင် ပိုမကောင်းဘူးလား"

ဟုပြောရာ သံပချိုင်မျက်နှာမှာ ရှုံ့မဲ့သွားကာ ပါးစပ်ထဲမှာ ငုံထားသော ဆေးဖပ်များကို ထွေးထုတ်ပစ်လိုက်သည်။

"ထွီ. . အသိဉာဏ်ကလည်း နည်းလိုက်တာ၊ နောက်တစ်နေ့လာမှတော့ ဒီမြွေကရှိပါတော့မလား၊ မင်းလာတဲ့အထိ စောင့်နေပါ့မယ်လို့ မြွေကပြောထားလို့လား"

ထိုသို့ပြောလိုက်မှ မှတ်ကြီးလည်း ဇက်ပုကျသွားတော့သည်။ ထို့နောက်မှာတော့ ပါလာသော မီးတုတ်၊ မီးတိုင်များကို ထွန်းပြီး မြွေဝင်သွားသော တောင်ကုန်းနားသို့ သွားကြလေသည်။

ထိုနေရာရောက်တော့ မီးတိုင်များကိုစိုက်ပြီး ပါလာသော တူရွင်းပေါက်တူးတို့ဖြင့် တောင်ပို့ပေါက်ကို စတင်ဖြိုဖျက်ကြသည်။

အချိန်ကလည်း ညဉ်းပိုင်းအချိန် ရောက်လာပြီဖြစ်သောကြောင့် တောခြေတစ်ဝိုက်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေပေပြီ။ သို့သော်လည်း မီးတိုင်မှ အလင်းရောင်ဖြင့်တော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာမြင်နိုင်သည်။

တပည့်နှစ်ယောက်က မြွေတွင်းကို တူးနေကြစဉ် သံပချိုင်က လွယ်ထားသော ဆေးလွယ်အိတ်ကို အသင့်ပြင်ထားသည်။ အနှောက်အယှက်များလာလျှင် ကာကွယ်နိုင်ရန်အတွက်ဖြစ်သည်။

ထိုသို့ပြုလုပ်နေကြစဉ် ပတ်ဝန်းကျင်မှာရှိသော မကောင်းဆိုးဝါးများက နည်းအမျိုးမျိုးနှင့် လာရောက်ခြောက်လှန့်ကြလေသည်။

အနားရောက်လာပြီး ခြောက်လှန့်ကြခြင်းမဟုတ်ပဲ အဝေးမှသာ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် ခြောက်လှန့်နေကြခြင်းဖြစ်၏။ သံပချိုင်ကတော့ နာနာဘာဝများ ခြောက်လှန့်နေသည်ကို ဆေးလိပ်ဖွာရင်းနှင့် ဇာတ်ပွဲကြည့်နေသကဲ့သို့ ထိုင်ကြည့်နေလေသည်။

"နင်တို့လာခြောက်လည်း ငါမကြောက်ဘူး၊ ငါတို့ကိုလာပြီး မနှောက်ယှက်ကြနဲ့ ငါလည်းမခံနိုင်ရင်တော့ ပြန်လုပ်ရလိမ့်မယ်"

ဟု ပါးစပ်မှ တတွတ်တွတ်နှင့် ရေရွတ်ပြောဆိုနေလေသည်။

မှတ်ကြီးနှင့် သန်ရွှေတို့နှစ်ယောက်ကတော့ မနီးမဝေးမှ နှောက်ယှက်နေကြသည်။ သရဲသဘက်များကို ဂရုမစိုက်ပဲ တွင်းပေါက်ကိုသာ သဲကြီးမဲကြီး တူးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာတော့ တွင်းထဲမှ ကလေးငိုသံကဲ့သို့ အသံမျိုး ကြားရလေသည်။

"အူဝဲ . . အူဝဲ"

တွင်းထဲမှ ကြားရသောအသံကြောင့် တူးနေသူနှစ်ယောက်စလုံး ရပ်သွားကြသည်။

ထိုအခြေအနေကိုမြင်တော့ သံပချိုင်ကမေးသည်။

"ဘာဖြစ်တာလဲ"

"ကလေးငိုသံ ကြားတယ်"

"ဘယ်ကကြားတာလဲ"

"တောင်ပို့ထဲက"

သန်းရွှေစကားကြားတော့ သံပချိုင်က တံတွေးထွေးလိုက်သည်။

"ထွီ . . ဒါတွေတောင် ခုထိမသိသေးဘူးလား၊ ဒီအချိန်ဘယ်က ကလေးက တွင်းထဲရောက်နေမှာလဲ၊ မင်းတို့ကို သရဲခြောက်နေတာ ဖြစ်မှာပေါ့၊ ဆက်တူးကြ"

ထိုသို့ပြောသဖြင့် ဆက်တူးကြရာတွင် ဆုံးသွားတော့ ဝင်သွားသော မြွေကြီးကိုမတွေ့ရပဲ မကြာသေးခင်ကမှ မြှုပ်ထားခဲ့ကြသော ကလေးတစ်ယောက်၏အလောင်းကို တွေ့ကြရသည်။

"မြွေမတွေ့တော့ဘူး၊ ကလေးအလောင်းတစ်လောင်းပဲ တွေ့တယ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ သံပချိုင်လည်း အခြေအနေကို သဘော ပေါက်သွားလေတော့သည်။

"ငါလိုဆရာတစ်ယောက်ကိုများ မကောင်းဆိုးဝါးတွေက လှည့်စားဝံ့ကြသေးတယ်၊ အခုတော့ နေနှင့်ကြဦး၊ တစ်နေ့မှ လာပြီး ဒင်းတို့ကို ကောင်းကောင်းနှိပ်စက်ပြရဦးမယ်"

ထိုသို့မကျေမနပ်နှင့် ကြိမ်းမောင်းပြောဆိုပြီး လုပ်လက်စအလုပ်များကို လက်စသပ်ကာ ထိုနေရာမှ ပြန်ထွက်ခဲ့ကြလေသည်။

ဒင်းတို့ထွက်လာသောအချိန်က ညဦးပိုင်းအချိန်သို့ ကျော်လာလေပြီ။ ပတ်ဝန်းကျင်တစ်ဝိုက်တွင် အမှောင်ရိပ်များ ဖုံးလွှမ်းနေသော်လည်း ကောင်းကင်၌ရှိသော ကြယ်ရောင်၊ အလင်းရောင်အချို့ ရှိနေသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်နိုင်သည်။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ရွာတစ်ရွာနှင့် နီးသောနေရာ ရောက်သောအခါ အမှောင်ရိပ်ထဲမှ ထွက်လာသော မည်းမည်းသဏ္ဍာန်နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိကြလေသည်။ အဝတ်များကိုခေါင်းမြီးခြုံထားသောကြောင့် လူဟုမထင်ပဲ သရဲခြောက်နေသည်ဟု ပင်ထင်ကြလေသည်။

ဒင်းတို့နှင့်တွေ့သဖြင့် အမှောင်ထဲမှ ထွက်လာသော နှစ်ယောက်က ရပ်နေကြသည်။ ထိုနေရာရောက်တော့ သံပချိုင်



www.burmeseclassic.com

www.burmeseclassic.com



တို့က ရပ်လိုက်သည်။

"လူတွေလား သရဲခြောက်နေတာလား"

"လူ. . လူတွေပါ"

"အချိန်မတော်မှ ခေါင်းပေါ်မှာ အဝတ်တွေခြုံပြီး ဘာလုပ်နေတာလဲ"

ထိုသို့မေးသောအခါ တော်တော်နှင့် အသံမထွက်တော့ပေ။

"ပြောလေ. ."

"မိန်း. . မိန်းမ. . ခိုးလာတာပါ"

"အော်. . ဒီလိုကိုး. . ကဲ. . ကဲ မင်းတို့ ဘယ်သူဘယ်ဝါမှန်းသိရအောင် ခြုံထားတဲ့အဝတ်တွေ ဖယ်ရှားလိုက်ပါဦး"

ဟုပြောတော့မှ အဝတ်များကို ဖယ်ချလိုက်ကြသည်။

သူတို့မသိသော ယောက်ျားတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ဖြစ်ကြသည်။ တောင့်တောင့်ကြီး ဖြစ်နေသော မိန်းကလေး၏အမူအယာကို ကြည့်ရုံနှင့် သာမန်အခြေအနေမရှိတော့မှန်း သိသဖြင့် သံပချိုင်က ရှေ့တိုးသွားပြီး မေးလိုက်သည်။

"မင်း သူ့ကို ဘယ်လိုနည်းသုံးပြီး ခေါ်လာတာလဲ"

ထိုသို့အမေးခံရသောကြောင့် ယောက်ျားလေးမှာ မျက်လုံးပြူးသွားလေသည်။

"ငါက ဆရာတစ်ယောက်ပဲ၊ သူ့အခြေအနေကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိနဲ့ ပုံမှန်မဟုတ်ဘူးဆိုတာ သိပါတယ်၊ မင်း သူ့ကိုဘယ်လိုခေါ်လာတာလဲ”

“ကျွန်.. ကျွန်တော်လုပ်တာ မဟုတ်ပါဘူး”

ဟု ကြောက်ကြောက်လန့်လန့်ဖြင့် ပြန်ပြောသည်။

“မင်းတို့ လူငယ်တွေ တယ်ခက်တာကိုး၊ ကိုယ်နှစ်သက်တဲ့သူဆိုရင် ဒီလိုမရိုးမသားနည်းတွေသုံးပြီး ရအောင်မယူရဘူး၊ တစ်နေ့သိရင် အမုန်းခံရမှာပဲ”

လူရွယ်က မျက်လုံးအပြူးသားနှင့် မော့ကြည့်နေသည်။

“မင်း ဘယ်လိုနည်းသုံးပြီး ခေါ်လာတာလဲ”

ထိုသို့မေးတော့မှ ထိုမိန်းကလေးနှင့် နီးစပ်လိုသဖြင့် ဆေးဆရာကြီး ဦးသူတော်ထံမှ သွားရောက်အကူအညီတောင်းရာမှ ယခုလိုခေါ်လာနိုင်သော အဖြစ်မျိုး ရောက်လာသည်အထိ ပြန်ပြောလေသည်။

ထိုစကားကြားတော့ သံပချိုင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

“မင်းတယ်မိုက်တာပဲကိုး၊ ဘယ်ရွာမှာနေတာလဲ”

“အဖြူစုရွာမှာ နေပါတယ်”

ထိုရွာမှာ ကရင်လူမျိုးများ အများစုနေသောရွာတစ်ရွာဖြစ်သည်။

“သူကကို ဒီလိုခေါ်ထုတ်လာဖို့ ဆရာကို ဘယ်လောက်ပေးရသလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဝက်တစ်ကောင်ရောင်းပြီး ပေးရပါတယ်"

"မင်းနေတဲ့ ရွာကဝေးတော့ ဒီဘက်ကအကြောင်းတွေကို သိပ်ပြီးသိပုံမရသေးဘူး၊ အခုမိန်းကလေးကို ဆရာ့ဆီခေါ်သွားရမှာ မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"သူ့ဆီရောက်သွားပြီးရင် မင်းချက်ချင်းပြန်ခေါ်သွားလို့မရဘူး၊ နှစ်ရက်သုံးရက် ထားခဲ့ပြီးမှ ပြန်ရမှာ၊ ဒီနယ်တစ်ဝိုက်မှာ မိန်းကလေးအတော်များများ အဲဒီလိုနဲ့ ဒုက္ခရောက်သွားကြတာ နည်းနည်းမှမကြားမိဘူးလား"

သံပချိုင်က အဖြစ်အပျက်များကို ပြန်ပြောပြလိုက်ရာ လူရွှယ်မှာ မျက်လုံးပြူးသွားလေသည်။

"ဒုက္ခပါပဲဗျာ၊ ကျွန်တော့်ချစ်သူကို ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူး၊ ဘယ်လိုလုပ်ရမလဲ တဆိတ်လောက်အကူအညီပေးပါဦး ဆရာကြီးရယ်၊ သူ့ကြည့်ရတာ ကြောင်တောင်တောင်နဲ့ အခုထိ သတိကောင်းကောင်းရတဲ့ပုံ မပေါ်သေးဘူး၊ ကယ်ပါဦး ဆရာကြီးရယ်"

လူရွှယ်မှာ ငိုယိုတော့မလို တောင်းပန်ပြောဆိုလေသည်။ သံပချိုင်က အတော်ကြာအောင် စဉ်းစားနေပြီးမှ ရင်းလွယ်ထားသော ဆေးလွယ်အိတ်အတွင်းမှ ဆေးဗူးတစ်ဗူးကို ထုတ်ယူကာဆေးမှုံ့များကို မိန်းကလေးခေါင်းပေါ်သို့ဖြူးချပေးလိုက်ရာအတန်ကြာတော့ အိပ်ယာမှ လန့်နိုးလာသကဲ့သို့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာလေသည်။

သတိပြန်ရလာသော အမှောင်ထဲတွင် သံပချိုင်တို့ သုံးယောက်ကိုတွေ့သောအခါ များစွာထိတ်လန့်တုန်လှုပ်သွားလေသည်။

"ဟင်. . ဖိုးမောင် သူတို့က ဘယ်သူတွေလဲ၊ ငါကရော ဘာ[illegible]. . [illegible]နေ့ရောက်နေတာလဲ၊ နင်တို့ ဘာလုပ်ကြမလို့လဲ"

"အထင်မလွဲပါနဲ့ မိန်းကလေး ညိပ်လည်း မကြောက်ပါနဲ့ ငါတို့က နင့်ကိုလာကယ်ကြတာပါ။ ဟိုဘက်ရွာက လူယုတ်မာဆရာတစ်ယောက်က နင့်ကိုအိပ်မွေ့ချပြီးခေါ်ထုတ်လာတာကို ဟောဒီသူငယ်နဲ့ ငါတို့က လိုက်ကယ်ထားကြတာပါ"

"ဟုတ်လား ဖိုးမောင်"

"ဟုတ်. . ဟုတ်ပါတယ်"

"ကျွန်မကို အခုလိုကယ်ပေးတာကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဆရာကြီးတို့နဲ့သာ မတွေ့ရင်တော့ ကျွန်မလည်း ရွာက မိန်းကလေးတွေလိုပဲ ဒုက္ခတွေ့ရမှာပါပဲ"

"ကဲ အခုသတိပြန်ရမှာဆိုတော့ အိမ်ပြန်မှာ မဟုတ်လား၊ ဒီသူငယ်က ပြန်ပို့ပေးလိမ့်မယ်"

"မပြန်တော့ပါဘူး ဆရာကြီးရယ်၊ မပြန်ချင်တော့ပါဘူး တော်ကြာပြန်သွားမှ အိမ်ကလူတွေနိုးတာနဲ့တိုးရင် တစ်ရွာလုံးဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့"

"နောက်ပြီး ကျွန်မလည်းအရွယ်ရောက်ပြီဆိုတော့ အရင်လိုနေရတာ စိတ်မဖြောင့်တော့ပါဘူး၊ ဒီတစ်ခါဆရာကြီးတို့နဲ့တွေ့လို့ ကံကောင်းပေမယ့် နောက်တစ်ခါ ကံကောင်းချင်မှကံကောင်းမှာပ၊ ဒီတော့ မထူးတော့ပါဘူး သူနဲ့ပဲလိုက်သွားပါတော့မယ်"

"ငါ ဝမ်းသာလိုက်တာမေနှင်းရယ်"

"မှန်တာပေါ့ မိန်းကလေးရယ်၊ ကိုယ်ကလည်း မေတ္တာရှိနေရင်တော့ အခုလိုဆုံးဖြတ်တာ မမှားပါဘူး၊ မင်းတို့ နှစ်ယောက်ကို ငါ လက်ထပ်ပေးလိုက်မယ်၊ မင်္ဂလာလက်ဖွဲ့ကတော့ ပေးစရာ မရှိဘူး၊ နောက်ထပ်ပယောဂဆရာတွေရဲ့ နှောက်ယှက်တာမခံရအောင် လက်ဖွဲ့တစ်ကုံးစီ ပေးလိုက်ပါ့မယ်"

ဟုပြောဆိုကာ လွယ်အိတ်အတွင်းမှ လက်ဖွဲ့ကြိုးနှစ်ခု ထုတ်ပြီး တစ်ယောက်တစ်ကုံးစီစွပ်ပေးလိုက်သည်။

ထို့နောက် ဖိုးမောင်နှင့် မေနှင်းတို့ နှစ်ယောက်က သံပချိုင်ကိုကန်တော့ကြပြီးနောက် ထိုနေရာမှထွက်သွားကြလေတော့သည်။ ထိုအခါမှ သံပချိုင်တို့ သုံးယောက်လည်း စကားတပြောပြောနှင့် ဆက်လျှောက်လာကြသည်။

"ကျွန်တော်တို့ အဖြစ်ကလည်း မြွေဖမ်းထွက်လာပါတယ်ဆိုမှ ညအချိန်မတော်ကြီး မင်္ဂလာဆောင်ပေးခဲ့ကြရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကြံတောင့်ကြံခိုက် ဒီလိုလုပ်ပေးလိုက်ကြရတာ ကုသိုလ်ရပါတယ်၊ တကယ်လို့သာ ငါတို့နဲ့မတွေ့ပဲ ဟိုလူယုတ်မာလက်ထဲ ရောက်သွားခဲ့ရင်တော့ အခုလိုပြုံးနိုင်ပျော်နိုင်ကြတော့မယ် မထင်ဘူး"

"ဒါထက် ဒီဆရာယုတ်မာနေတာကို သိတဲ့လူတွေက ဘာကြောင့် ငြိမ်နေကြတာလဲ"

"တချို့ကလည်း တစ်ရှက်ကနေနှစ်ရှက် ဖြစ်မှာစိုးလို့ ကြိတ်မှိတ်နေကြရတယ်၊ တချို့ကလည်း သူ့ကိုကြောက်လို့ ငြိမ်နေကြရတာ ဖြစ်မှာပေါ့၊ ဒါပေမယ့် စိတ်ထဲကတော့ ဘယ်ကျေနပ်ပါ့မလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဒီလိုလူယုတ်မာတွေ ရှိနေသမျှတော့ ဒီနယ်တစ်ဝိုက်မှာ နေကြရတဲ့ မိန်းကလေးတွေ ဘယ်မှာ စိတ်အေးကြရပါ့မလဲ"

"စိတ်မပူပါနဲ့သန်းရွှေရယ်၊ ဒီလိုယုတ်မာတဲ့ လူတွေဟာ ဘယ်တော့မှ သက်ဆိုးမရှည်တတ်ကြပါဘူး၊ တစ်နေ့တော့ သူ့ရဲ့ အကုသိုလ်က သူ့ကိုပြန်ပြီး ဇာတ်သိမ်းပေးပါလိမ့်မယ်"

ဟုပြောဆိုကာ ရွာဘက်သို့ ဆက်လျှောက်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

လူတစ်ယောက်၏ ပင်ကိုယ်စိတ်ပျောက်သွားသော အချိန်တွင် မိမိအလိုရှိသည့်အတိုင်း ပြုမူစေခိုင်းသောနည်းကို အိပ်မွေ့ချခြင်း၊ စိတ်ညှို့ခြင်းဟု ခေါ်ဝေါ်ကြသည်။

ထိုအရာသည် ပညာတစ်ရပ်လည်း ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်-၅၀၀၀ကျော် ဘီစီ-၃၀၀၀ လောက်ကပင် ရှေးခေတ်အီဂျစ်ပြည်၌ ထိုပညာကိုအသုံးပြုခဲ့ကြကြောင်း



www.burmeseclassic.com

www.burmeseclassic.com


မှတ်တမ်းများ၌ တွေ့ရသည်။

သို့သော်လည်း သိရှိသူ အတော်ပင်နည်းပါးလှသည်။ လွန်ခဲ့သော ၁၈-ရာစုနှစ်လောက်က မက်စမာ(Mesmer)ဆိုသော ပုဂ္ဂိုလ်၏ ကြိုးစားဆောင်ရွက် ဖော်ထုတ်ပေးမှုကြောင့်သာ ကမ္ဘာက သိခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ မက်စမာဆိုသော ပုဂ္ဂိုလ်က ဖော်ထုတ်ပေးခဲ့ပြီးသည့်နောက်တွင် အင်္ဂလန်ပြည်သား ဒေါက်တာဝါးဒ် (Dr. Ward)ဆိုသော ဆရာဝန်တစ်ဦးက လူနာတစ်ဦးကို အိပ်မွေ့ချထားပြီးနောက် ခြေထောက်ကိုဖြတ်တောက် ကုသပေးခဲ့သည်။

ထို့နောက် အီသာကို မေ့ဆေးအဖြစ် အသုံးပြုရန် ရှာဖွေမတွေ့ကြသေးခင်က ဒေါက်တာအက်စ်ဒိုင်လ် (Dr.Esdaille) ဆိုသူသည် လူနာ-၃၀၀ခန့်ကို အိပ်မွေ့ချပြီး ခွဲစိတ်ကုသပေးခဲ့ရာ အသေအပျောက်နှုန်း ငါးဆယ်ရာနှုန်းလောက်အထိ လျှော့ချပေးခဲ့နိုင်လေသည်။

နောက်ပိုင်းမှာတော့ နာကျင်မှုမရှိပဲ မီးဖွားနိုင်ရန်အတွက် အိပ်မွေ့ချခြင်းပညာကို အသုံးပြုခဲ့ကြသည်။

စိတ်ညှို့ခြင်းအိပ်မွေ့ချခြင်းပညာမှာ အိပ်ပျော်ခြင်းအတုကို ဖန်တီးထားခြင်းမျိုးလည်း ဖြစ်ပေသည်။ အချို့က အိပ်မွေ့ချခြင်း စိတ်ညှို့ခြင်းကို မှော်ဆန်သော ဂမ္ဘီရပညာဟု ထင်တတ်ကြသည်။

အဝေးမှသော်လည်းကောင်း. . အနီးမှသော်လည်း


www.burmeseclassic.com

www.burmeseclassic.com


ကောင်း အိပ်မွေ့ချခြင်းကိုခံလိုက်ရသူသည် ရုတ်တရက်အိပ်ပျော်နေသကဲ့သို့ဖြစ်ကာ အာရုံသိစိတ်ပျောက်ကွယ်နေတတ်ပေသည်။

ဆရာစေခိုင်းသည့်အတိုင်း သွားလာလှုပ်ရှားနေသော်လည်း ပင်ကိုယ်အသိစိတ် အာရုံသိစိတ် မရှိတော့ပေ။

ထိုသို့အာရုံသိစိတ်ပျောက်နေသော်လည်း စိတ်ညို့သူ၏ စေခိုင်းသူ၏ ညွှန်ကြားမှုများကို ဘဝင်စိတ်မှ ဆက်သွယ်သိရှိနေပေလိမ့်မည်။

သို့ကြောင့် စိတ်ညို့သူ၏ စေခိုင်းမှုများကို အညို့ခံထားရသူက တသွေမတိမ်း ပြုလုပ်နေရခြင်း ဖြစ်ပေသည်။

အိပ်ပျော်နေသူနှင့် အိပ်မွေ့ချထားခြင်းခံရသူမှာ မတူပေ။ အိပ်ပျော်နေသူကို ဘာမှစေခိုင်း၍ရမည် မဟုတ်သော်လည်း အိပ်မွေ့ချခံထားရသဖြင့် အိပ်ပျော်နေသူကိုတော့ ဘဝင်စိတ်ချင်း ဆက်သွယ်မှုရှိသူက အလိုရှိသလို စေခိုင်း၍ ရနိုင်ပေသည်။

အိပ်ပျော်နေသူကိုတော့ နတ်ဒေဝတာများနှင့် သိဒ္ဓိရှိသောပုဂ္ဂိုလ်၊ ကမ္မဇိတ္တိရှိသောသူများကသာ အိပ်မက်ပေးပြီး ပြောလိုရာ ပြောနိုင်ကြသည်။

အထက်တွင် အကျဉ်းချုပ်ဖော်ပြပေးခဲ့သည့်အတိုင်း စိတ်ညို့နိယာမ (The law of Hypnotism)ဆိုသည်မှာ အကြံပေးတိုက်တွန်းမှု နိယာမ (The law of suggestion)ပင်ဖြစ်ပေ


www.burmeseclassic.com

www.burmeseclassic.com


သည်။

နောက်ပိုင်း စိတ်ညှို့သောပညာ အိပ်မွေ့ချသော ပညာတို့ကို နည်းအမျိုးမျိုးဖြင့် အသုံးပြုလာခဲ့ကြပြီးနောက်တွင် ဆေးဝါးအစီအရင်များကိုပါ ရောနှောထည့်သွင်းအသုံးပြုလာခဲ့ကြပေသည်။

ဝတ္ထုရှေ့ပိုင်းမှာ ဖော်ပြပေးခဲ့သည့်(Devils Breath) ဟုခေါ်သော မာတုဆေးမှုန့်ကဲ့သို့သော အစွမ်းသတ္တိရှိသော ဆေးမှုန့်များလည်း ပါဝင်လာကြသည်။

တောင်အမေရိကနိုင်ငံတွေဖြစ်ကြသည့် ကိုလံဘီယာ၊ အီကွေဒေါ၊ ဗင်နီဇွဲလား အစရှိသော နိုင်ငံတွေမှာ သဘာဝအလျှောက်ပေါက်သော အပင်တစ်မျိုးမှရသည့်အစေ့ကို အမှုန့်ကြိတ်ထားသော ဆေးမှုန့်များ ပါဝင်လာကြသည်။

ထိုဆေးမှုန့်ဖြင့် ထိမိရှူမိပါက ပင်ကိုယ်အသိပျောက်သွားပြီး စေခိုင်းသူရဲ့ အလိုဆန္ဒအတိုင်း ပြုလုပ်ပေးကြရသည်။ အနောက်နိုင်ငံတွေမှာတော့ ထိုကဲ့သို့ ဖြစ်သွားခြင်းကို (Zombie) ဖြစ်သွားတာယ်လို့ သတ်မှတ်ကြသည်။ ဇွန်ဘီဖြစ်သွားသူတွေဟာ အသိစိတ်ပျောက်သွားပြီး သူတစ်ပါးစေခိုင်းသည့်အတိုင်း တသွေမတိမ်းပြုလုပ်လေ့ ရှိကြသည်။

မြန်မာနိုင်ငံမှ ဂမုန်းမျိုးနွယ်ပေါင်း မြောက်များစွာရှိကြသလို ထိုကဲ့သို့အစွမ်းထက်လှသည့် ဆေးပင်အများအပြားရှိကြပေသည်။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆေးပင်အမည်နှင့် စီရင်ပြုလုပ်ပုံများကို အသေးစိပ်ဖော်ပြရန် မသင့်လျော်သဖြင့် ချန်ထားခဲ့ပေသည်။

အနောက်ရိုးမတောင်တစ်ကြောတွင် နေကြသည့် ရွာများ၌ရှိသော မိန်းမပျိုအချို့တို့မှာ ထိုကဲ့သို့ အဝေးမှ ဆေးတစ်မျိုးဖြင့် ညှို့ယူခံနေကြရခြင်း ဖြစ်၏။

ညအချိန်ရောက်လျှင် လိပ်ပြာနက်ကြီးတစ်ကောင်ရောက်လာပြီး အနားမှာ လှည့်ပတ်ပျံသန်းသည်။ လိပ်ပြာကိုယ်တွင် သုတ်လိမ်းထားသော ဆေးမှုန့်မှ အနံ့များရသောအခါ ထိုမိန်းကလေးမှာ ပင်ကိုယ်အသိစိတ်ပျောက်သွားပြီး ခေါ်သည့်နေရာသို့ ရောက်အောင်လာရခြင်း ဖြစ်သည်။

ဝေးသောနေရာဖြစ်လျှင် တစ်ယောက်က ခေါ်သွားပေးရခြင်း ဖြစ်သည်။ ဤနည်းဖြင့် လူယုတ်မာတို့ ဖျက်ဆီးမှုကြောင့် အပျိုစင်ဘဝများ စွန့်လွှတ်ခဲ့ကြရသည်။

တစ်နေ့တော့ နီမောင်တစ်ယောက် ရွာဖျားဘက်မှာရှိသော ဆရာကြီး ဦးဗန်ကောင်းအိမ်မှပြန်လာစဉ် မြနှင်းဖြူတို့အိမ်ရှေ့ရောက်တော့ မြနှင်းဖြူကိုတွေ့သဖြင့်ခြံထဲသို့ ဝင်သွားလေသည်။

"ထိုင်လေ နီမောင် နင် ဘယ်ကပြန်လာတာလဲ"

"ဆရာကြီး ဦးဗန်ကောင်းဆီက ပြန်လာတာပါ"

နီမောင်က ကွပ်ပျစ်ပေါ်သို့ ဝင်ထိုင်လိုက်သည်။

"နင်နဲ့တွေ့ရတာ အတော်ပဲ၊ ငါ မေးစရာတစ်ခုရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေးလေ. ."

မြနှင်းဖြူက အတော်ကြာအောင် စဉ်းစားနေပြီးမှ မေးသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ရင်မောင်နဲ့ ရင်မေတို့ သတင်းကြားလို့ပါ၊ အမှန်ပဲလားဟင်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် အဖြစ်အပျက်များကို သူသိသမျှ ပြန်ပြောပြလိုက်သည်။

"သနားစရာပါပဲဟယ်၊ ကိုယ်မပါဘဲနဲ့ ယုတ်မာခံရတာ၊ ဒါထက်သူ ရင်မောင့်ကို ဘယ်လိုမျက်နှာပြပြီး ဆက်ပေါင်းမှာလဲ"

"ရင်မောင်က သဘောထားကြီးပါတယ်၊ ရင်မေက ကွာခိုင်းတာတောင် လက်မခံပါဘူး"

"ဒါ. . ဒါပေမယ့် ရင်မောင် ဒီရွာလာသွားသေးတယ်၊ မဟုတ်လား၊ နင်တို့နဲ့တွေ့တော့ ဘာတွေပြောသွားသေးသလဲ"

"သူ့ဆရာကြီး ဦးဗန်ကောင်းနဲ့ လာတွေ့ပြီး တိုင်ပင်ကြတာပါ၊ သူကတော့ လူယုတ်မာတွေကို ဘယ်ကျေနပ်ပါ့မလဲ"

"နင် လာပြောတုန်းက ဒီလောက်မဟုတ်ဘူး၊ ငါ့အခန်းထဲမှာ လိပ်ပြာနက်ကြီးတစ်ကောင် တွေ့လိုက်ပြီးကတည်းက. . ငါ ညဘက်ရောက်လာရင် စိတ်ချလက်ချ မအိပ်ဝံ့တော့လောက်အောင် ကြောက်နေတယ်"

"ဒီလောက် မကြောက်ပါနဲ့၊ နင့်ဆီမှာ ဆရာကြီး ဦးဗန်ကောင်းပေးထားတဲ့ လက်ဖွဲ့ကြိုး ရှိတယ်မဟုတ်လား၊ အဲဒီကြိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် မိစ္ဆာတွေ နင့်အနားကို မကပ်နိုင်ပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ဆရာကြီးဦးဗန်ကောင်းဆီက အကူအညီတောင်းပေးခဲ့တဲ့ နင့်ကိုတော့ ကျေးဇူးတင်ရမှာပဲ၊ ဒါထက် သူတို့ ဘယ်လိုခုပ်တယ်ဆိုတာ ငါ့ကိုပြောပြပါလား"

ထိုသို့မေးသဖြင့် လိပ်ပြာနက်ကြီးကို အသုံးပြု၍ အိပ်မွေ့ချသောနည်းများဖြင့် ခေါ်ယူခဲ့ပုံများကို ပြန်ပြောပြလိုက်သည်။

"တကယ်တော့ အဲဒီလူတွေက လာခေါ်တာ မဟုတ်ပါဘူး၊ တစ်အိမ်လုံး အိပ်မွေ့ချပြီး သက်ဆိုင်ရာ မိန်းကလေးတစ်ယောက်ကိုပဲ အပြင်ရောက်အောင်လုပ်ပေးတာ၊ အဲဒီမိန်းကလေးကို သူတို့လက်ထဲရောက်တဲ့အထိ သက်ဆိုင်ရာ ယောကျ်ားလေးက ခေါ်သွားပေးရတာ၊ လမ်းမှာ တစ်ယောက်ယောက်နဲ့ တွေ့ရင်တော့လည်း သူ့ဖာသာရှင်းပေါ့"

"တော်တော်အကြံပက်စက်တယ်"

"ရင်မောင်တုန်းကလည်း သူကိုယ်တိုင် ဆရာ့လက်ထဲ အပ်ပေးခဲ့ရတာလေ ဘာမှမတတ်နိုင်ရှာဘူး"

"သနားပါတယ်၊ ငါတို့ တောသူတောင်သားတွေ ရိုးသားတာကို သက်သက်အခွင့်ကောင်း ယူနေကြတာပဲ၊ ဘာကြောင့်များ ကာယကံရှင်တွေက အခုထိ ငြိမ်နေကြတာလည်းမသိဘူး"

မြနှင်းဖြူက မကျေမနပ်ဖြင့်ပြောတော့ နီအောင်က သက်ပြင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေးတွေက ဘာမှမပြောဝံ့ကြတာက. . မိန်းကလေးကို ဘုမသိဘမသိနဲ့ သူတို့ကိုယ်တိုင် ခေါ်သွားပြီး သွားပို့ပေးခဲ့ကြတာလေ၊ ဒါကြောင့် ကြိတ်နေရတာပေါ့၊ မိန်းကလေးတွေကတော့ ရှက်လို့ ဘယ်ပြောပါတော့မလဲ"

"ဒါထက် မေးရဦးမယ်၊ နင့်မှာ ချစ်သူရှိရင်ရော အဲဒီလိုလုပ်မှာလားဟင်"

မြနှင်းဖြူက မေးလိုက်သည်။

နီမောင်က ခေါင်းခါပြလိုက်သည်။

"ငါ့မှာ ချစ်သူလည်းမရှိပါဘူး၊ ရှိရင်လည်း အဲဒီလိုနည်းမျိုးနဲ့ရအောင် ဘယ်တော့မှ မကြိုးစားပါဘူး၊ ဘာကြောင့်လည်းဆိုတော့ အဲဒီလိုမရိုးမသားတာတွေနဲ့လုပ်လို့ တစ်နေ့သိသွားရင် အမုန်းခံရမှာပေါ့၊ ငါကတော့ ကိုယ်ချစ်တဲ့သူတွေ့ရင် ရိုးရိုးသားသားပဲ ကြိုးစားယူမယ်"

မြနှင်းဖြူက တစ်ချက်ပြုံးလိုက်သည်။

"တွေ့ထားတဲ့သူ ရှိနေပြီလား"

နီမောင်က တစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

မြနှင်းဖြူက ဘာမှဆက်မပြောတော့ပေ။

"ငါ နင့်ကို ပြောစရာ ရှိသေးတယ်"

"ဘာပြောမှာလဲ"

မျက်နှာကို တစ်ဖက်သို့ လွှဲထားပြီးမေးသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ဆရာကြီး ဦးဘနီကောင်း



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တိုင်ပင်ပြီးတော့ လူယုတ်မာရဲ့ လက်ချက်တွေပေါ် အောင် လုပ်မလို့ ပြင်ဆင်နေကြတယ်"

မြနှင်းဖြူက မျှော်လင့်ထားသောစကားမျိုး မဟုတ်ပဲ အခြားအကြောင်းတစ်ခု ဖြစ်နေသဖြင့် မျက်နှာပြန်လှည့်လာပြီး မေးသည်။

"နင်တို့ ဘယ်လိုစီစဉ်နေကြတာလဲ"

နီမောင်က ဆရာကြီးဦးပန်ကောင်းနှင့် တိုင်ပင်ထားသော ပြုလုပ်ရန်ရည်ရွယ်ထားသော အကြောင်းများကို ပြန်ပြောပြရာ မြနှင်းဖြူကလည်း စိတ်ဝင်စားလေသည်။

"ကောင်းတဲ့အစီအစဉ်ပဲ ဘယ်တော့လုပ်ကြမှာလဲ"

"ငါတို့ အစီအစဉ်မှာ မိန်းကလေးတစ်ယောက်လိုတယ်၊ ငါးများရင် ငါးစာလိုသလိုပေါ့၊ မိန်းကလေးတစ်ယောက်ပါမှ လုပ်လို့ရမယ်"

ထိုသို့ပြောသောအခါ မြနှင်းဖြူက. . .

"ငါ လုပ်ပေးလို့ မရဘူးလား"

ဟု အားတက်သရော မေးလေသည်။

"နင်အကူအညီပေးရင်တော့ ပိုကောင်းတာပေါ့၊ ဒါပေမယ့် ဦးလေးနဲ့ အဒေါ်တို့က ခွင့်ပေးပါ့မလား"

"အဖေနဲ့အမေတို့ကလည်း ဒီသတင်းတွေ ကြားကတည်းက သားသမီးချင်း ကိုယ်ချင်းစာပြီး အတော်လေး စိတ်မကောင်း ဖြစ်နေကြတာ၊ ဆရာကြီး ဦးပန်ကောင်းကိုယ်တိုင် အ



www.burmeseclassic.com

www.burmeseclassic.com



ကျိုးအကြောင်း လာပြောရင် ခွင့်ပေးကြမှာပါ"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ ဝမ်းသာသွားလေသည်။

"နင် အကူအညီပေးမယ်ဆိုတော့ ဝမ်းသာစရာပဲ၊ ဒါပေမယ့် နင်မကြောက်ဘူးလား"

"ဘာကြောက်စရာ ရှိလို့လဲ၊ နင်တို့ ရှိနေတာပဲ"

"ငါက နင့်အတွက် စိုးရိမ်လို့ပါ"

မြနှင်းဖြူက ကျေနပ်သောအပြုံးဖြင့် ပြန်မေးသည်။

"ဒါကတော့ ကံဆိုးတဲ့ မိန်းကလေးတွေအတွက် ဘာပဲဖြစ်ဖြစ် အကူအညီပေးချင်ပါတယ်၊ မတော်တဆ တစ်ခုခု ဖြစ်သွားတော့လည်း ကံတရားပေါ့"

"နင့်ကို ဒီလိုအဖြစ်မျိုး ရောက်တဲ့အထိ ဘယ်တော့မှ မဖြစ်စေရဘူး၊ ငါ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပေးမှာပါ"

မြနှင်းဖြူက ဘာမှပြန်မပြောပေ။

"ငါပြောတဲ့အဓိပ္ပါယ်ကို နင်သိတယ်မဟုတ်လား"

"ဖွင့်မပြောပဲနဲ့ ဘယ်လိုသိမှာလဲ"

"ငါ့စိတ်ထဲမှာ နင်နဲ့ဘဝတစ်လျှောက်လုံး လက်တွဲသွားချင်တဲ့ ဆန္ဒရှိနေလို့ပါ"

"မပြောပဲနဲ့ စိတ်ထဲမှာရှိတာ ဘယ်လိုသိမှာလဲ"

"အခုပြောနေတာလေ၊ ငါ နင့်ကို မေတ္တာရှိနေတာ ကြာ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ၊ နင့်ဘက်က စဉ်းစားပေးပါ"

"ဒါက လမ်းကြုံလို့ ရည်းစားစကားပြောတာလား"

"မဟုတ်ပါဘူး၊ အရင်ကတည်းက ပြောချင်နေတာပါ၊ ဒါပေမယ့် ဘဝအခြေအနေက မခိုင်သေးလို့ စဉ်းစားနေရင်းနဲ့ ကြာသွားရတာပါ၊ နင် ငါပြောတာကို စိတ်ဝင်စားရဲ့လားဟင်"

"နင်က အခုမှပြောတော့ ငါက စဉ်းစားရဦးမှာပေါ့"

"ငါက ဒီလောက်ပြောခွင့်ရတာကိုပဲ ကျေနပ်နေတာပါ၊ နင့်ဘက်က ဘယ်လိုအဖြေမျိုးပဲရရ ငါ လက်ခံပါ့မယ်"

ထိုသို့ပြောပြီး နေရာမှပြန်ထသည်။

"ပြန်တော့မလို့လား၊ ငါ အဖေနဲ့အမေ ပြန်လာရင် အကျိုးအကြောင်း ပြောပြထားနှင့်မယ်၊ နင်ဆရာကြီးကို ခေါ်ပြီး တစ်ခေါက်လာခဲ့ပေါ့"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဒါထက်မေးရဦးမယ်၊ မတော်လို့ ငါ တစ်ခုခုဖြစ်သွားခဲ့ရင်ကော နင် စိတ်ပြောင်းသွားမှာလား"

"မပြောင်းပါဘူး၊ ချစ်ခြင်းမေတ္တာမှာ အရှုံးအမြတ်မရှိပါဘူး၊ နင်ဘယ်ဘဝမျိုးပဲရောက်နေနေ နင့်ဘက်ကသာ လက်ခံပေးရင် ငါတစ်သက်လုံး လက်တွဲသွားမှာပါ"

"ဒီလိုလုပ်ရင်လည်း ပြီးတာပါပဲ၊ လူယုတ်မာတွေကို ရှင်းလင်းပြီးရင်တော့ နင် ငါနဲ့လာတွေ့ပေါ့"

"နောက် ဘယ်တော့မှ မလာနဲ့တော့လို့ ပြောမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုပြောဖို့သာဆိုရင် အချိန်စောင့်စရာတောင် မလိုဘူး၊ အခုပြောလိုက်မှာပေါ့"

ထိုအခါမှနီမောင် မျက်နှာပေါ်မှာ ဖုံးမရဖိမရသော အပြုံးရိပ်များ ပေါ်လာလေတော့သည်။

"ငါ ဝမ်းသာလိုက်တာ မြနှင်းဖြူရယ်၊ နင့်ဆီက ငါလိုချင်တဲ့အဖြေရတာ သိပ်ပြီးဝမ်းသာတာပဲ"

မြနှင်းဖြူကတော့ နှုတ်ခမ်းစွန်းမှာ အပြုံးရိပ်များဖြင့် မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်။


မျက်ဝန်းမှာ အပြုံးနှလုံးသားမှာ အဖြေဆိုသော စကားအတိုင်း နှုတ်ခမ်းစွန်းမှ အပြုံးတစ်ချက်သည်လည်း ချစ်သူတို့အတွက် အဖြေတစ်ခုဖြစ်စေနိုင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

**ကျွန်း**ညီနောင်ရွာမှာ ရိုးမတောင်ခြေနှင့် နီးသောနေရာတွင် ရှိလေသည်။ ရွာအနောက်ဘက်တွင် တောင်ကြောများရှိပြီး အချို့နေရာများတွင် ဂူပေါက်များလည်း ရှိသည်။ ကျွန်းညီနောင်ရွာမှာ ရွာကြီးတစ်ရွာဖြစ်ပြီး ဆေးဆရာကြီး ဦးသူဇော်မှာ ထိုရွာတွင်နေထိုင်လေသည်။

ဝင်းနေသော အိမ်ကြီးမှာ တောင်ခြေနှင့်နီးပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင် ဂူပေါက်များရှိသည်။

ဦးသူတော်နေသော အိမ်ကြီးမှာ အတော်ပင်ကြီးပြီး တစ်အိမ်လုံး နတ်ရုပ်တုအပါအဝင် ရုပ်တုမျိုးစုံတို့ ရှိနေကြသည်။ နောက်ဘက်မှာတော့ လူနာများကို ဆေးကုပေးသော အခန်း တစ်ခန်းရှိသည်။

ဦးသူတော်အသုံးပြုသော ရုပ်တုများမှာ အမျိုးအမည် စုံလင်လှသည်။ အထက်လမ်း အောက်လမ်းအတွက် အသုံးပြု သော ရုပ်တုများပင်ဖြစ်၏။ ထိုရုပ်တုများရှေ့မှာလည်း ကန်တော့ ပွဲ အပါအဝင် သက်ဆိုင်ရာ ပူဇော်ပသမှုများလည်း ပြုလုပ်ထား လေသည်။

ထိုအိမ်ကြီး၏ အနောက်ဘက်တွင် တောင်ကြောတစ်ခု ရှိသည်။ ထိုတောင်ကြောတွင် ဂူပေါက်များစွာရှိလေသည်။ ထိုဂူ ပေါက်များထဲတွင် အတော်အသင့်ကြီးမားသော ဂူပေါက်ကြီး တစ်ပေါက်လည်း ရှိသည်။ ထိုဂူပေါက်ကြီးအတွင်းမှာတော့ ဦးသူ တော် အမိဋ္ဌာန်ဝင်သောနေရာ ဆေးအစီအရင်များ ပြုလုပ် သောနေရာရှိသည်။

ထိုဂူအတွင်းမှာလည်း ဦးသူတော်စီရင်ပြုလုပ်ထား သော ရုပ်တုများရှိသည်။ အတော်များများမှာ အောက်လမ်း ပညာဖြင့် ပြုလုပ်ထားသော ရုပ်တုများ ဖြစ်သည်။ ရုပ်တုများနှင့် ပတ်သက်သည့် ဗဟုသုတရနိုင်သော အကြောင်းအရာများကို ဖော်ပြပေးပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ဂန္ဓာရီလောကတွင် သရုပ်ဖော်ရုပ်တုသင်္ကေတ ဟူ၍ များများမရှိပေ။ အိန္ဒိယဂန္ဓာရီလောကတွင်လည်း "ဆွာစတိကာ"ဟုခေါ်သော စကြာအမှတ်အသား မမွှစကြာဟူသော စက်ဝိုင်းအမှတ်အသား စသည်ဖြင့် အနည်းငယ်ခန့်သာ တွေ့ရှိရသည်။

အနောက်တိုင်း ဂန္ဓာရီလောကတွင် သရုပ်ဖော်ရုပ်တု သင်္ကေတ(SYMBOL)တို့သည် လွှန်စွာအရေးပါသည်။

သရုပ်ဖော်ရုပ်တုသည် သင်္ချာန်လောက်ပင် အစွမ်းသတ္တိရှိနေသည်။

ဤသို့ဖြင့် ဆယ့်နှစ်ရာသီခွင်၏ သရုပ်ဖော်သင်္ကေတ ရုပ်ပုံများကိုလည်းကောင်း၊ မြွေစသည့် သရုပ်ဖော်ရုပ်တုများကို လည်းကောင်း အဆောင်အဖြစ် အသုံးပြုနေကြလေသည်။

အနောက်တိုင်းဂန္ဓာရီလောကတွင် 'မြွေ'သည် 'ပညာ' ၏ သရုပ်အဖြစ် မိမိ၏အမြီးကို မိမိကပြန်၍ ငုံမျိုထားသော သရုပ်ဖော်ရုပ်တုကို လိမ္မာပါးနပ်စွာ အသုံးပြုကြသည်။

အင်္ဂလိပ်အက္ခရာ တီသရုပ်ဖော်ရုပ်(T)သင်္ချာန်ပေါ် တွင် စက်ဝိုင်းကို တင်ထားသောရုပ်ပုံကို ရှေးဟောင်းအီဂျစ် ဂန္ဓာရီပညာတွင် 'အန့်(ခ)'(ANKH)ဟုခေါ်သည်။ 'အသက်'၏ သရုပ်ဖြစ်သည်။

ပါးပျဉ်းထောင်ထားသော မြွေလက်စွပ်ကိုကား အိန္ဒိယ ဂန္ဓာရီပညာလောကတွင် တွေ့မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခရစ်ယာန်သာသနာတွင် 'စိန့်'ခေါ် သူတော်စင်များနှင့် ဆက်စပ်နေသော သရုပ်ဖော်ရုပ်တုသင်္ကေတများ ရှိသည့်အနက်အချို့ကို ဖော်ပြပါမည်။

စိန့်အင်ဒရူး- အင်္ဂလိပ်အက္ခရာ(X)သဏ္ဌာန်ရှိသော ကြက်ခြေ။

စိန့်အန်ထော်နီ- အင်္ဂလိပ်အက္ခရာ(T)သဏ္ဌာန် ရှိသော ကြက်ခြေ(တော်ကြက်ခြေဟုလည်းခေါ်သည်)

စိန့်မိုက်ကယ်လ်- ကြက်ခြေပုံပါသော သံချပ်အင်္ကျီဝတ်ထားပုံ (သို့မဟုတ်)ဝိညာဉ်များကို ချိန်သည့်ချိန်ခွင် ကိုင်ထားပုံ။

စိန့်ဂယ်ဘရီရယ်-မိမိနှင့် အပျိုစင်မာရီအကြားရှိ လီလီပန်းအိုး။

စိန့်ဂျော့- မြင်းပေါ်မှနေ၍ နဂါးကိုလှံဖြင့် ထိုးစိုက်ထားပုံ။

စိန့်ပေါ(လ)- ရောမလူမျိုးကဲ့သို့ ဝတ်စားထားပြီး ဓားတစ်လက်နှင့် ကျမ်းစာအုပ်တစ်အုပ်ကို ကိုင်ထားသည်။

ဆော်လမွန်- ဘုရင့်ဝတ်ရုံများ ဝတ်ဆင်၍ အခုံးကြီးအောက်တွင် ရပ်နေပုံ။

ဆက်လက်၍ ရေးသားဖော်ပြမည့် အကြောင်းအရာမှာ အက္ခရွှန်းရှင်းကျမ်းများဖြစ်သော ကမ္ဘာတွင် အထူးအလေးထားသော နိမိတ်ဖတ်ကျမ်းများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကျမ်းများသည် အီထရပ်စကင်လူမျိုးတို့၏ ကျမ်းများဖြစ်သည်။ ထိုလူမျိုးတို့သည် အာရှမိုင်းနားဒေသမှ ဖြစ်သော်လည်း အီတလီနိုင်ငံတွင် ရောမခေတ်မတိုင်မီက အခြေချနေထိုင်ခဲ့ကြသည်။

အီထရပ်စကင်တို့သည် ထိုကျမ်းများထဲမှ ပညာများကို ဂျူးပီတာနတ်ဘုရား၏ မြေးတော်သူ တာဂီးစ်(TGES)နတ်ဘုရားထံမှ ဆည်းပူးရရှိသည်ဟု အဆိုရှိလေသည်။

**ကြက်အမြှုတေ**

ကြက်ဖ၏ အစာအိမ်ထဲမှရသော ကျောက်တုံးကလေးဖြစ်သည်။ ထိုကျောက်ကို ဆောင်ထားသူသည် သန်စွမ်းမည်။ ရဲရင့်မည်။ ချမ်းသာကြွယ်ဝမည်ဟု အနောက်တိုင်းတွင် ယူဆယုံကြည်ကြသည်။

ထိုကျောက်ကို ဆောင်ထားခြင်းဖြင့် ရေငတ်ပြေစေနိုင်သည်ဟုလည်း ဆိုသည်။ အင်္ဂလိပ်ဘာသာဖြင့် (Alectroian Stone)ဟု ခေါ်လေသည်။ (Alectroian)သည် ဂရိဘာသာစကားဖြစ်၍ အဓိပ္ပါယ်မှာ 'ကြက်ဖ'ဖြစ်သည်။

**အနူဘစ်(ANUBIS)**

ရှေးဟောင်းအီဂျစ်လူမျိုးတို့သည် ဒေဝတာပုရာဏ်တွင် အနူဘစ်သည် ဂရိတို့၏ ဟာမီး(စ)(Hermes)နှင့် အလားတူ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူ၏တာဝန်မှာ သေသူ၏ဝိညာဉ်ကို မြေအောက်ကမ္ဘာတွင် တရားစီရင်နိုင်ရန် ခေါ်ဆောင်သွားရခြင်း ဖြစ်သည်။

သူ့ကို ပုံဖော်ရာတွင် လူ၏ကိုယ်ခန္ဓာတွင် ခွေးအ၏ဦးခေါင်းဖြင့် ပုံဖော်ခဲ့ကြသည်။

## အပေါလိုနီးယပ်(စ်)(APOLLONIUS)

ရိုမီကရှုရှင်ဂိုဏ်းမှ ဆရာကြီးဖြစ်သည်။ သူသည် လူသေကို ဖုတ်သွင်းနိုင်ခြင်း၊ ကိုယ်ဖျောက်နိုင်ခြင်း တစ်ချိန်တည်းတွင် ဒေသနှစ်ခုတွင် ရှိနေနိုင်ခြင်းဟူသော တန်ခိုးများရှိသည်ဟု ယုံကြည်ခဲ့ကြသည်။

## အာရှု(ရ်)(ASHUR)

ရှေးဟောင်းဆီးရီယားလူမျိုးတို့၏ အကြီးမြတ်ဆုံးသော နတ်ဘုရားဖြစ်သည်။ ပုံသဏ္ဌာန်မှာ လူခန္ဓာကိုယ်တွင် လင်းယုန်ငှက်၏ ဦးခေါင်းပူးတွဲထားပြီး တောင်ပံလေးခုပါသည်။

အာရှ(ရ်)ဟူသော စကားလုံးမှာ 'အသုရာ'နှင့် နီးစပ်နေသည်မှာ မှတ်သားဖွယ် ကောင်းပေ၏။

အရှေ့တိုင်း ဂန္ဓာရီပညာတွင် အသုရာတို့သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပုံရသော်လည်း ယခုအခါတွင် ၎င်းတို့၏ အရေးပါမှုမှာ ဆိတ်သုန်းပျောက်ကွယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


**ကြယ်စောင့်နတ်များ (ASTRL SPIRITS)**

ပါရှား၊ ဂရိ၊ ဟီမရှူးစသော လူမျိုးတို့၏ ဒေဝတာပရာဏ်များအရ ကြယ်တိုင်းတွင် အစောင့်နတ် ရှိသည်ချည်း ဖြစ်သည်။ အနောက်တိုင်း ဂန္ဓာရီပညာရှင်ဖြစ်သော ပါရာဆဲ(လ)ဆပ်(စ) (Parscelsus)၏ အယူအဆကို ဖော်ပြပါမည်။

သူ၏ အယူအဆအရ လူတိုင်းအတွက် ကြယ်စောင့်နတ်တစ်ဦးဦး ရှိသည်ချည်းဖြစ်၍ ကာယကံရှင်သေဆုံးလျှင် ထိုနတ်က ခေါ်ယူစောင့်ရှောက်ထားကာ ခရစ်ယာန်ဘာသာအရ ပြန်လည်၍ အသက်ရှင်လာသော အချိန်အထိ ပြုစုထားသည်ဟု ဆိုသည်။

**အစလွန်ဘဝ**

"တမလွန်"ကို ပုဂံခေတ်ကျောက်စာများတွင် "တမန္တန်" ဟု ရေးသားသည်ကို လေ့လာမှတ်သားမိသည်။ အဓိပ္ပါယ်မှာ "သေပြီးနာက်ဘဝ"ဟူ၍ ဖွင့်ဆိုသုံးစွဲကြသည်။

ကွယ်လွန်သူ ရာ့(ပ)ရှာလီ(Ralph Slirley)ရေးသား၍ ရိုက်တာအင်ကုမ္ပဏီက ထုတ်ဝေခဲ့သည့် "ပြန်လည်မွေးဖွားခြင်းပြဿနာ"(The Problem of Rebirth)ဟူသော စာအုပ်တွင်ပါရှိသော ဖြစ်ရပ်တစ်ခုကို ကောက်နှုတ်ဖော်ပြပါမည်။

စစ္စလီမှ နာမည်ကျော်ကြားထင်ရှားသော ဆေးဆရာဖြစ်သည့် ဒေါက်တာဆာမိုးနာ၏ သမီးဖြစ်သူ အဲလက်ဇာန်ဒရီး


www.burmeseclassic.com

www.burmeseclassic.com



နား၏ အဖြစ်အပျက်ဖြစ်သည်။

ထိုကလေးမကလေးသည် အသက်ငါးနှစ်အရွယ်တွင် သေဆုံးခဲ့သည်။ သေဆုံးပြီးနောက် သုံးရက်အကြာတွင် ဆေးဆရာ၏ ဇနီးဖြစ်သူက အိပ်မက်မက်၏။

အိပ်မက်ထဲတွင် အဲလက်ဇန်းဒရီးနားက ပူဆွေးနေသူမိခင်ကို ချော့မော့နှစ်သိမ့်ရင်း သူမသည် မိဘများနှင့် အကြာကြီး ခွဲမနေပါ။ မကြာခင် ပြန်လာတော့မည်ဖြစ်ပြီး သူမနှင့်အတူ အမြွှာညီမလေးကိုပါ ခေါ်လာမည်ဖြစ်ကြောင်း ပြောပြသည်။

ထိုအချိန်မှစ၍ နောက်ခုနစ်လ ပြည့်မြောက်သောအခါ ဒေါက်တာဆာမိုးနာ၏ ဇနီးသည် သမီးမိန်းကလေးနှစ်ဦးကို ဖွားမြင်သည်။ အဆိုပါ သမီးနှစ်ယောက်အနက်မှ တစ်ယောက်သည် ကွယ်လွန်သွားသော အဲလက်ဇန်းဒရီဒနားနှင့် အံ့ဩဖွယ်ကောင်းလောက်အောင် တူနေသည်ကို တွေ့ရသည်။

ထိုကလေးသည် စကားပြောနိုင်သည့်အရွယ်သို့ ရောက်လာသောအခါ ယခင်က အဖြစ်အပျက်များကို ပြန်လည်ပြောပြနိုင်သည်ဟု ဆိုသည်။ ဤသည်မှာ တမလွန်ဘဝနှင့် ပတ်သက်သော အဖြစ်အပျက်တစ်ခုကို ထုတ်နှုတ်ပြခြင်း ဖြစ်သည်။

**အထာဂါထာ**

မြေထဲပင်လယ် အရှေ့ဘက်ကမ်းခြေတစ်ဝိုက်တွင် နေထိုင်ခဲ့ကြသော ရှေးဟောင်း ဖီးလစ်စတင်းလူမျိုးများ ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com



သော နတ်ဘုရားတစ်ပါးမှာ အတာဂါထာ(Atergata)ဟု ခေါ်သည်။

ထိုနတ်ဘုရား၏ ပုံဟန်မှာ အပေါ်ပိုင်းက လူမိန်းမပုံဖြစ်၍ ကိုယ်တစ်ဝက်အောက်ပိုင်းက ငါးပုံသဏ္ဍာန်ရှိသည်ဟု ထင်ခဲ့ကြသော ရုပ်တု၏ အစသည် ထိုနတ်ဘုရား၏ ရုပ်တု ဖြစ်နိုင်မဖြစ်နိုင်ကို ကြံဆခဲ့ကြသည်။

အပေါ်ပိုင်းက လူယောကျ်ားပုံတစ်ဝက်၊ အောက်က ငါးရုပ်ပုံနှင့် ဆိုပါမူ ဒါဂွန်(Dagon)မည်သော နတ်ဘုရား၏ပုံ ဖြစ်လေသည်။

ထိုနတ်နှစ်ပါးလုံးမှာ သီးနှံပေါကြွယ်ဝမှု၊ အစာရေစာ ပေါကြွယ်ဝမှုကို ဖြစ်စေသော နတ်ဘုရားများ ဖြစ်ကြလေသည်။

ဆက်လက်ဖော်ပြမည့်သူမှာ ဆေးတန်(သို့မဟုတ်) ဆာတန်(SATAN)အကြောင်းဖြစ်သည်။

ဆေးတန်သည် ဟီးဗရူး(ခေါ်)ဂျူးတို့၏ ကိုးကွယ်ရာဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာတို့တွင် ထင်ရှားသော သူဖြစ်သည်။

ဘာသာရေးကျမ်းတွင် ပါရှိသည့်အတိုင်း ဖော်ပြရပါမူ ဆေးတန်သည် မူလက ကောင်းကင်ဘုံမှ ကောင်းကင်သား(သို့မဟုတ်)နတ်သားတစ်ပါးဖြစ်ခဲ့သည်။

နောင်အခါတွင်. . သူသည် ဘုရားသခင်ကို ကလန်ကဆန် ပြုသောကြောင့် ကောင်းကင်ဘုံမှ ပစ်ချခြင်းခံရပြီး



www.burmeseclassic.com

www.burmeseclassic.com



ထာဝရကျိန်စာမိနေသူဖြစ်သည်။

ထို့ကြောင့် ဆေတန်ကို "ပြုတ်ကျလာသော ကောင်းကင်သား"(FALKLEN ANGEL)ဟူ၍လည်း တစ်စားခေါ်ဝေါ်ကြသည်။

ဆေတန်သည် သူနှင့်အတူ ပြုတ်ကျလာသော လက်အောက်ငယ်သား ကောင်းကင်သား များနှင့်အတူ ငရဲပြည်တွင် မင်းမူနေသည်။

အနောက်တိုင်းမှ ကိုးကွယ်ရာဘာသာများ၏ ကျမ်းများအရ ဆေတန်သည် မိစ္ဆာတို့၏ မူလဖြစ်သည်။ သူသည် လူတို့ကို မကောင်းမှုပြုလုပ်ရန် သွေးဆောင်တတ်သည်ဟုသိရသည်။

သို့ဖြစ်၍ သူတို့၏ ဘာသာရေးအရ ဆေးတန်သည် နတ်ဆိုး၊ နတ်မိစ္ဆာ၊ မာရ်နတ်ဖြစ်လာသည်။

သို့သော် အနောက်တိုင်း ဂန္ဓာရီပညာတွင်ကား ခေတ်များပြောင်းလာသည်နှင့်အမျှ ဆေတန်နေရာအမျိုးမျိုးကို ယူလာသည်။

မည်သည့် ဂန္ဓာရီပညာတွင်မဆို နှစ်မျိုးနှစ်စား ရှိကြသည်။ မြန်မာတို့က အထက်လမ်းပညာနှင့် အောက်လမ်းပညာဟု ခေါ်ဝေါ်ပိုင်းခြားကြ၏။

အိန္ဒိယအပါအဝင် အချို့သော နိုင်ငံများမှ ဂန္ဓာရီပညာရှင်များက လက်ယာလမ်းပညာနှင့် လက်ဝဲလမ်းပညာဟု ခေါ်ဝေါ်ကြသည်။ အချို့က နေလမ်းနှင့် လလမ်းပညာဟူ၍လည်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝေါ်ကြသည်။

လက်ယာလမ်းဂန္ဓာရီပညာသည် ဘုရားသခင်၏ အလိုတော်နှင့်အညီ ကောင်းသောအမှုများကို ပြုမူကျင့်ကြံကြသည်။

ဆန့်ကျင်ဘက်ဖြစ်သော လက်ဝဲလမ်းဂန္ဓာရီပညာကား ဘုရားသခင်နှင့် ဆန့်ကျင်၍ ကွပ်ကဲမှုဖြင့် ပါပမှုများကို ပြုလုပ်ကျင့်ကြံကြသည်။ သို့ဖြစ်သောကြောင့် ဘာသာရေး ကိုင်းရှိုင်းသူများသည် လက်ဝဲလမ်းသမားများကို စက်ဆုပ်ကြ၏။ ဝိုင်းဖယ်ကြ၏။ နိုင်လျှင်နိုင်သလို ဖိနှိပ်ကြ၏။

လက်ဝဲလမ်းပညာများထဲတွင် နည်းပညာသည်လည်း ပါဝင်သည်ဖြစ်ရာ ရှေးခေတ်အခါက အောက်လမ်းဆရာများကို သာမက စုန်းများကိုပါ စက်ဆုပ်မုန်းတီး၍ နှိမ်နင်းခဲ့ကြသည်။

ဤသို့ဖြင့် လက်ဝဲလမ်းပညာများနှင့်အတူ ဆေးတန်(ခေါ်)နတ်မိစ္ဆာသည်လည်း မုန်းတီးရွံရှာမှုဖြင့် အကြဉ်ခံနေခဲ့ရသည်။

သို့ရာတွင် ခေတ်တို့သည် ပြောင်းလာသည်နှင့်အမျှ သဘောထားအမြင်တွေ ပြောင်းလာရတော့သည်။

ယခုအခါတွင် စုန်းပညာကို ခရစ်ယာန်သာသနာ မပေါ်မီက ရှေးဟောင်းကိုးကွယ်ရာ ဘာသာရေးမှ အစိတ်အပိုင်းများအဖြစ် ရှုမြင်လာကြကာ တလေးတစား သုတေသန ပြုကြလေသည်။

ထိုသို့သော အမြင်များ ပြောင်းလဲလာမှုကြောင့် လက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းဆရာကြီး ဖြစ်ခဲ့သော "အမှောင်လောက၏မင်းသား"အဖြစ် နာမည်ကျော်ခဲ့သူ ဆေတန်ကိုလည်း လောကတွင် အလင်းရှိလျှင် အမှောင်ရှိရမည်ဟူသောသဘောဖြင့် ဆေတန်ကို ရှိသင့်ရှိထိုက်သော ပါပခာတ်သဖွယ် ရှုမြင်လာကြသည်။

ယခုခေတ်သုတေသီအချို့သည် ဆေတန်၏ နာမည်ကွဲများကို ရှာဖွေ၍ ဇစ်မြစ်လိုက်ကာ အနက်ဖော်ကြသောအခါ. . ရှေးကပင် ဆေတန်ကို လူဆိုးအဖြစ် မမြင်ခဲ့သူများ ရှိသေးသည်ဟု အဖော်ညွှိလာကြသည်။

ဆေတန်၏ အမည်ကွဲများမှာ. . .

-အဘတ်ဒုန် (ABADON)

-အပေါ်လီယွန် (APOLLYON)

-ဒရာဂွန် (DRAGON)

-ဆားပင့် (SERPENT)

-လူစီဖား (LUCIFER)

-အက်စ်မိုးဒယု(စ) (ASMODEUS)

-ဘီး(လ)ဇီးဘတ် (BEELZEBUB) (သို့မဟုတ်)

ဘားလ်ဇီဘတ် (BAALZEBUB)

တို့ဖြစ်ကြသည်။

ဖော်ပြသည့် အမည်များကို လေ့လာခြင်းအားဖြင့် ဆေတန်ကို ပါပ(အဆိုး)သဘောဆောင်သည်ဟု ယူဆထားသလိုပင် သောမ(အကောင်း)သဘောဆောင်သည်ဟုလည်း ယူဆခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ဟန်ရှိကြောင်း တွေ့ရှိနိုင်သည်။

အမည်တစ်ခုချင်း၏ သဘောအဓိပ္ပါယ်ကို စိစစ်ကြည့်လျှင် ဤသို့တွေ့ရပေမည်။

အဘတ်ဒုန်(ABADON)သည် ဂျူး(ခေါ်)ဟီဗရူးတို့၏ စကားဖြစ်၍ "ဖျက်ဆီးခြင်း"ဟုအဓိပ္ပါယ်ရသဖြင့် "ဖျက်ဆီးတတ်သော ကောင်းကင်သား"ဟုဆိုလိုပေသည်။

အချို့က"ပျောက်ဆုံးခြင်း"ဟု အဓိပ္ပါယ်ကောက်၍ "လမ်းပျောက်သူ"(သို့မဟုတ်)"ကောင်းကင်ဘုံမှ ပျောက်ဆုံးခဲ့သူ"ဟု အဓိပ္ပါယ်ကောက်ကြသည်။

အပေါ်လီယွန်(APOLLYON)ဟူသည်မှာ ဂရိဘာသာစကားဖြစ်၍ "ဖျက်ဆီးတတ်သောကောင်းကင်သား"ဟု ဆိုလိုသည်။

ဒရာဂွန်(ARAGON)သည် "နဂါး"ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။

ဆားပင့်(SERPRNT)ဆိုသည်မှာ "မြွေ"ဟု အဓိပ္ပါယ်ရှိသဖြင့် "နဂါး"နှင့် ဆက်စပ်မှုရှိသည်။

ခရစ်ယာန်တို့၏ သမ္မာကျမ်းစာတွင် အေဒင်ဥယျာဉ်၌ အာဒံနှင့် ဧဝတို့ကို ပန်းသီးစားစေရန် သွေးဆောင်တိုက်တွန်းသူမှာ မြွေဖြစ်သည်ကိုယူ၍ ဆေတန်ကိုမြွေနှင့်နှိုင်းခြင်းဖြစ်သည်။

အချို့သောသုတေသီတို့က ရှေးခေတ်သရုပ်သင်္ကေတဝါဒတွင် "မြွေ"သည် "ပညာရှိမှု"ကိုလည်း သရုပ်မှုသည်ဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ဆေတန်ကို အကောင်းသဘောရှုမြင်ကြသည်။

ဆေတန်၏ အခြားအမည်ကွဲတစ်ခုဖြစ်သော လူစီယား (LUCIFER)မှာ လက်တင်ဘာသာစကားအားဖြင့် "အလင်းဆောင်သူ"ဟူသော အဓိပ္ပါယ်ကိုရသောကြောင့် ဖြစ်၏။

အချို့သောသုတေသီတို့က လူစီဖားသည် မူလက "မိုးသောက်ကြယ်" ဖြစ်သော "သောကြာဂြိုဟ်"ဟူသော အဓိပ္ပါယ်နှင့်လည်း ဆီလျော်သလိုရှိသည်။

အခြားဖော်ပြချက်တစ်ခုမှာ လူစီဖားသည် ဘာဘီလုန်နိုင်ငံမှ ဘုရင်တစ်ပါး၏ အမည်ဟုလည်းဆိုကြသည်။ ဤစကားလုံး၏အဓိပ္ပါယ်မှာ "အလင်းဆောင်သူ"ဟူသော အဓိပ္ပါယ်နှင့် ဆီလျော်နိုင်သည်။

ဤသည်မှာ ဆေတန်၏ ကောင်းသောသဘောဆောင်မှုကို သဘောပေါက်သောသူများက မှည့်ခေါ်ကြခြင်း ဖြစ်သည်ဟု အချို့သော ဂန္ထာရီပညာ ဝါသနာရှင်များက ဆိုကြသည်။

အက်(စ)မိုးဒယု(စ)(ASMODEUS)သည် ဆီမိုက်လူမျိုးတို့၏ ဒေဝတာပုရာဏ်လာနတ်ဆိုးတစ်ပါး၏ အမည်ဖြစ်သည်ဟု ဆိုသည်။

ဟီဗရူး၊ ခရစ်ယာန်နှင့် အစ္စလမ်တို့သည် မူလက ဆီမိုက်လူမျိုးတို့၏ ကိုးကွယ်ရာဘာသာ ဖြစ်ခဲ့သည်။

အဆိုပါအမည်အရ ဆေတန်ကို အဆိုးသဘောဖြင့် ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘီး(လ)ဇီဘတ်(BEELZEBUB)ပတ်သက်၍ အချို့သော သုတေသီတို့က ဟီဗရူးဘာသာစကားဘာ(လ)ဇဘတ်မှလာ၍ အဓိပ္ပါယ်မှာ "မိုးပျံအရှင်"ဟူသောအဓိပ္ပါယ်ရှိသည်ဟုဆိုသည်။ ဆေတန်၏ တန်ခိုးကြီးမားပုံကို ဖော်ပြညွှန်းဆိုသောအမည်ဖြစ်သည်။

အချို့သုတေသီများကမူ ရှေးဟောင်းဖိလ်စ္စတင်း လူမျိုးတို့ အကြားရှိတွင် ကိုးကွယ်ခဲ့ကြသည့် "ဘားလ်"(BALL) နတ်ဘုရား၏ ပုံစံတစ်မျိုး ဖြစ်သည်ဟု ဆိုသည်။ ထိုနတ်ဘုရားသည် နတ်ဆိုးတို့၏ မင်းသားဖြစ်သည်ဟု ဆိုသည်။

ဘီး(လ်)လီယယ်(လ)(BELIAL)သည် ဟီဗရူးစကားဖြစ်၍ "အသုံးမဝင်"ဟူသော အဓိပ္ပါယ်ရသည်။

ဤအမည်မှာ ဆေတန်ကို နတ်ဆိုးအဖြစ် သဘောထားသူတို့က ခေါ်ဝေါ်သောအမည် ဖြစ်ခဲ့ပုံရသည်။

အချို့သူများက ဆေတန်ကို ဘာဖိုမက်(BAPHOMET)နှင့်လည်း တင်စားခေါ်ဝေါ်သေးသည်။ အမှန်ဆိုရမူ ဘာဖိုးမက်သည် တင်ပလာ(TEMPLARS)ဂိုဏ်းဝင်များ၏ အစီအရင်တွင် အသုံးပြုသည့် စိတ်ကူးယဉ်သရုပ်သင်္ကေတ တစ်ခုသာဖြစ်ပါသည်။

ရုပ်တုနှင့်ပတ်သက်လျှင် မြန်မာနိုင်ငံ၌သာမကပဲ ကမ္ဘာ့နိုင်ငံအသီးသီးတို့၌လည်း လူမျိုးမလေ့ထုံးစံများအရ အနေးတယူဆောင်ရွက်မှုများ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက နတ်နှင့်သက်ဆိုင်သော ရုပ်တုများကို ဦးစားပေး ထုလုပ်ခဲ့ကြသည်။ နောက်တော့ ဘာသာရေးနှင့် သက်ဆိုင်သော ရုပ်တုများ ပေါ်ပေါက်လာကြသည်။

မြန်မာနိုင်ငံမှာ ဗုဒ္ဓရုပ်ပွားတော်များကို ပုံသဏ္ဌာန်အမျိုးမျိုး ထုလုပ်ကိုးကွယ်လာကြသည်။ ပုဂံခေတ်တွင်တန္တရအယူဝါဒများ ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်များ ထုလုပ်ရာမှာပင် သာမန်မဟုတ်တော့ပဲ အစီအရင်များ ပါလာလေသည်။

ဗုဒ္ဓရုပ်ပွားတော်များ၌ပင် အင်း၊ စမများ ထည့်သွင်းလာကြသည်။

နောက်ပိုင်း ဗုဒ္ဓနှင့်သက်ဆိုင်သော အယူဝါဒများ မဟာဂန္ဓာရီနှင့် သက်ဆိုင်သော အယူဝါဒများ၌ပင် မှော်ပညာများက ရောထွေးယှက်နွယ်လာကြသည်။

(Magician)ဟုခေါ်သော မှော်ပညာများကြောင့် ဗုဒ္ဓ၏ အယူဝါဒများ မှေးမှိန်လျော့ပါးလာရခြင်း ဖြစ်ပေသည်။

လူအတော်များများက ကောင်းမှုထက် မကောင်းမှု၌ ပျော်မွေ့လိုကြသည်။ ချုပ်နှောင်ထားသော စည်းကမ်းများကို မနေလိုပဲ လွတ်လပ်မှုကို နှစ်သက်ကြသည်။

ထို့ကြောင့် အရက်သောက်ခြင်းကို အားပေးခြင်း၊ မိန်းမနှင့် ပျော်မွေ့ခြင်းကို အားပေးသော တန္တရအယူဝါဒများကို လက်ခံကျင့်သုံးလာကြခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ အစိအရင်နှင့် မကောင်းသောရုပ်တုများကို ပြုလုပ်အသုံးပြုလာကြသည်။

ဘီလူး၊ နဂါး၊ ဟင်္သာ၊ ခြသေ့်၊ လောကနတ်၊ ဂဝံမျက်နှာဖုံး၊ ကြာ့ပိုက်သားပိုက် စသောအစိအရင်နှင့် မကောင်းသောရုပ်တုများစွာတို့ ပေါ်ပေါက်လာကြသည်။

ကျွန်းညီနောင် ရွာတွင်ရှိသော ဆေးဆရာကြီး ဦးသူတော် အသုံးပြုသော ရုပ်တုအတော်များများတို့မှာ အစိအရင်နှင့် မကောင်းသော ရုပ်တုများသာ ဖြစ်ကြလေသည်။



www.burmeseclassic.com


www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

**တစ်**နေ့သ၌ ဆရာကြီး ဦးသူတော်နေသော အိမ်သို့ လူသုံးယောက် ရောက်လာကြလေသည်။ ဦးဘဇံ၊ ဒေါ်မြမေနှင့် မြနှင်းဖြူတို့ မိသားစုသုံးယောက် ဖြစ်ကြလေသည်။

၎င်းတို့ရောက်လာတော့ ပေတလူနှင့် စံနက်ကျော်တို့ နှစ်ယောက်နှင့် အရင်တွေ့ရလေသည်။

"ဘာကိစ္စရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီးနဲ့ တွေ့ချင်လို့ပါကွယ်"

"ဆရာကြီးနောက်ဘက်က ဂူထဲမှာ အဓိဋ္ဌာန်ဝင်နေတယ်၊ ခဏတော့ စောင့်ပေးပါ"

"စောင့်ဆိုစောင့်ပါ့မယ်ကွယ်၊ ဆရာကြီးနဲ့ တွေ့ရဖို့သာ အရေးကြီးပါတယ်"

ထိုသို့ပြောပြီး သင့်တော်သောနေရာ ဝင်ထိုင်ကြလေသည်။ ဦးသူတော်၏ တပည့်ရင်းဖြစ်သူ ပေတလုကတော့ မြနှင်းဖြူကို တစ်ချက်ကြည့်ပြီး မှတ်မိသွားဟန်ရှိသဖြင့် နောက်ဘက်သို့ သွားလေသည်။

အိမ်အနောက်ဘက်နှင့် မနီးမဝေးနေရာတွင် ဂူပေါက်တစ်ပေါက်ရှိသည်။ ထိုဂူပေါက်မှာ အတော်ပင်ကျယ်ဝန်းပြီး လူတစ်ယောက်နေနိုင်လောက်အောင် ပြင်ဆင်ထားသည်။ အတွင်းမှာတော့ ရုပ်တုများ၊ ဆေးစီရင်သောနေရာ ဖိုထိုးသောနေရာနှင့် ဦးသူတော်နေသောအိပ်ယာရှိသည်။

ထိုဂူထဲတွင် ဦးသူတော်က အစီအရင်တစ်ခုပြုလုပ်နေလေသည်။

တစ်နေရာတွင် ငွေကလပ်ဖာတစ်ခုပေါ်တွင် တင်ထားသော လိပ်ပြာနက်ကြီးတစ်ကောင် ရှိနေသည်။

လိပ်ပြာနက်ကြီးမှာ ဆင်လိပ်ပြာအမျိုးအစားဖြစ်ပြီး အရွယ်အစားက အတော်ပင်ကြီးလေသည်။ အတောင်နှစ်ခုကို ဖြန့်ထားလျှင် လင်ပန်းငယ်တစ်ခုစာလောက် အရွယ်အစား ကြီး



www.burmeseclassic.com

www.burmeseclassic.com


သည်။ တစ်ကောင်လုံး အနက်ရောင်ဖြစ်နေပြီး ထူးထူးခြားခြား မျက်နှာက လူတစ်ယောက်မျက်နှာမျိုးနှင့် များစွာတူလှသည်။

လိပ်ပြာနက်ကြီးမှာ အသက်ဝိညာဉ်မရှိသဖြင့် ငြိမ်သက်လျက် ရှိနေသည်။

ဦးသူတော်က အစီအစဉ်တစ်ခုပြုလုပ်ရန်အတွက် လိပ်ပြာနက်ကြီးကိုယ်ပေါ်သို့ ဆေးမှုန့်အချို့ လိုက်လံဖြူးချပေးနေလေသည်။

ထိုဆေးများမှာ စိတ်ကိုပြောင်းလဲစေသော ဆေးမှုန့်များပင်ဖြစ်သည်။ ကဝေသည်းခြေဟုခေါ်သော ဂမုန်းပင်တစ်မျိုးနှင့် သစ်ပင်မှရသော သစ်စေးတစ်မျိုးကို ရောနှောကြိတ်ကာ အမှုန့်ပြုထားခြင်းဖြစ်သည်။

ထိုဆေးမှုန့်ကို များများအသုံးပြုမိပါက အသက်သေစေနိုင်ပြီး အနည်းငယ်လောက်အနံ့ရလျှင်တော့ ပင်ကိုယ်အသိစိတ်များ ပျောက်သွားစေသည်။

ဆရာ၏ အမိန့်ပေးစေခိုင်းသည့်အတိုင်း တသွေမတိမ်း ပြုလုပ်ကြရသည်။

ဦးသူတော်က လိပ်ပြာနက်ကြီးအတောင်ပံများပေါ်သို့ ဆေးမှုန့်များကို စိတ်ရှည်လက်ရှည်ဖြင့် ဖြူးချသုတ်လိမ်းပေးနေစဉ် ဂူထဲသို့ ပေတလူဝင်လာလေသည်။

"ဘာကိစ္စရှိလို့လဲ"

"ဆရာကြီးနဲ့တွေ့ဖို့ လူသုံးယောက် ရောက်နေတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီမှာ အလုပ်တွေ မပြီးသေးဘူး၊ မတွေ့ချင်သေးဘူး အမိဌာန်ဝင်နေတယ်လို့သာ ပြောလိုက်"

"လာတဲ့သုံးယောက်မှာ တောင်ညိုရွာက မြနှင်းဖြူဆိုတဲ့ ကောင်မလေးပါတယ်၊ လိပ်ပြာနက်ကြီးလွှတ်တာ မရတဲ့ ကောင်မလေး၊ အခု ရောက်လာပြီ"

ပေတလူစကားကြားတော့ ဦးသူတော်မှာများစွာ စိတ်ဝင်စားသွားလေသည်။ စိတ်ထဲမှလည်း အံ့သြသွားသည်။

တစ်ခါက မြနှင်းဖြူကိုခေါ်ဖို့ လိပ်ပြာနက်ကြီးကိုလွှတ်ခဲ့သော်လည်း မအောင်မြင်ပေ။

ယခုမှ တိုက်တိုက်ဆိုင်ဆိုင် မိမိရှေ့မှောက်သို့ရောက်လာပြီဆိုသောကြောင့် စိတ်ထဲမှကျေနပ်သွားလေသည်။

"အေး. . အေး. . အမိဌာန်ပြီးရင် ငါထွက်လာခဲ့မယ်လို့ အဆင်ပြေအောင် ကြည့်ပြောထားလိုက်"

ထိုသို့ပြောသဖြင့် ပေတလူလည်း ပြန်ထွက်သွားလေသည်။ အတော်ကြာတော့မှ ဦးသူတော်က ပုတီးတစ်ကုံးကို လည်ပင်းမှာဆွဲပြီး အိမ်ရှေ့သို့ ထွက်သွားလေသည်။

"ကျုပ်အမိဌာန်ဝင်နေရင်းနဲ့ အာရုံပေါ်လာလို့ ထွက်လာကြည့်တာပါ၊ ကဲ. . ကဲ. . ပြောကြ၊ ဘာကိစ္စ ရှိနေကြလို့လဲ"

ထိုသို့မေးတော့ ဦးဘဇံက အကျိုးအကြောင်း ပြောပြသည်။

"ဒီလိုပါ ဆရာကြီးရယ်၊ တလောက ကျွန်တော့်သမီး



www.burmeseclassic.com

www.burmeseclassic.com


လေး ပယောဂနှောက်ယှက်တာခံရလို့ ရွာက ဆေးဆရာတစ်ယောက်နဲ့ ခေါ်ကုပါတယ်၊ ဒါပေမယ့် အခြေအနေက သိပ်မကောင်းလို့ ဒီကိုခေါ်လာတာပါ"

"ဆရာဆိုပေမယ့်လည်း ဘာပညာမှမတတ်ဘဲနဲ့ ဟန်ဆောင်ပြီးတော့ ဆရာအမည်ခံတဲ့သူတွေ မသိတဲ့သူတွေကို လိမ်ညာစားသောက်နေကြတာတွေလည်း အများကြီးရှိတာပဲကိုး၊ သူကဘယ်လိုများ ကုသပေးသွားတာလဲ ပြောပါဦး"

"လည်ပင်းမှာ လက်ဖွဲ့ကြိုးတစ်ချောင်း ဆွဲပေးထားခဲ့ပါတယ်၊ ကျွန်တော်ထင်တာတော့ အဲဒီလက်ဖွဲ့ကြိုး ရောက်လာကတည်းက အနှောက်အယှက်တွေ ပိုများလာတယ်ထင်လို့ပါ"

ဦးသူတော်က မြနှင်းဖြူလည်ပင်းမှာ ဆွဲထားသောလက်ဖွဲ့ကြိုးကိုတစ်ချက်ကြည့်သည်။

"ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆရာကြီး"

"အမှန်တော့ ဒီလက်ဖွဲ့ကြိုးက အနှောက်အယှက်ပေးနေတာပါ၊ ကျုပ်ရှေ့မှာတင် ဖြုတ်ပစ်လိုက်ရင်ကောင်းမယ်"

ဟုပြောသဖြင့် မြနှင်းဖြူက လည်ပင်းမှာ ဆွဲထားသောလက်ဖွဲ့ကြိုးကိုဖြုတ်ပြီး ဖခင်ဖြစ်သူကို လှမ်းပေးလိုက်သည်။ ဦးသူတော်ကတော့ များစွာကျေနပ်သော အမူအယာဖြင့် ကြည့်နေလေသည်။

"ကဲ. . ကဲ. . အခုမှတော့ ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ ဒီမှာ ကျုပ်အဓိဋ္ဌာန်ဝင်ပြီး စီရင်ထားတဲ့ မနောသိဒ္ဓိကြိုးကို


www.burmeseclassic.com

www.burmeseclassic.com


ပေးလိုက်မယ်၊ လည်ပင်းမှာသာ အမြဲဆွဲထားပေးပါ"

ဟုပြောပြီး ကြိုးနက်တစ်ချောင်းကိုပေးသဖြင့် ဒေါ်မြမေက လှမ်းယူပြီး မြနှင်းဖြူလည်ပင်းမှာ ဆွဲပေးလိုက်လေသည်။

"ဟိုဆရာဆွဲပေးထားတဲ့ လက်ဖွဲ့ကြိုးကိုတော့ လမ်းရောက်တာနဲ့ တစ်နေရာမှာသာ လွှင့်ပစ်လိုက်ကြပေတော့"

"ကောင်းပါပြီဆရာကြီး"

ထို့နောက် ဦးဘဇံတို့လည်း ဦးသူတော်အားအရိုအသေပေး နှုတ်ဆက်ပြီး နောက်ပြန်ထွက်သွားကြလေသည်။ ထိုအခါမှ ဆရာတမည့်သုံးယောက် ခေါင်းချင်းဆိုင်ကာ ပြောဆိုကြလေသည်။

"ကောင်မလေး အတော်ချောအတော်လှတယ်၊ မာနလည်းကြီးပုံရတယ်"

"ဘယ်လောက်မာနကြီးကြီး တစ်နေ့တော့ ငါ့ခြေဖဝါးအောက် ရောက်ရပေမပေါ့"

"ဖြစ်ချင်တော့ အရင်ဆရာဆွဲပေးထားတဲ့ လက်ဖွဲ့ကြိုးရှိနေရင် ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး၊ အခုဒီလက်ဖွဲ့ကြိုးကိုသူတို့ကိုယ်တိုင် ဖြုတ်ပစ်လိုက်ပြီဆိုတော့ ဆရာကြီးကြိုက်သလိုစီစဉ်လို့ရပြီ၊ ဘယ်တော့စီစဉ်မှာလည်း ဆရာကြီး၊ ဒီတစ်ခါတော့ တပည့်တွေကိုလည်း စွန့်ပါဦး"

"ဘုန်းကြီးတောင် ဆွမ်းမစားရသေးဘူး. .၊ ကပ္ပိယကြီး ဟင်းခွက်နှိုက်သလို ဖြစ်နေပြန်ပြီ"


www.burmeseclassic.com

www.burmeseclassic.com



"ကြိုပြီးပြောထားတာပါ ဆရာကြီးရယ်၊ ဒါထက်ဘယ်တော့လောက် ခေါ်ယူမှာလဲ"

"ချက်ချင်းတော့ မလွယ်သေးဘူး၊ သူ့ကိုအိပ်မွေ့ချပြီးတာနဲ့ ကြားထဲက ဒီကိုခေါ်လာပေးမယ့် လူတစ်ယောက်လိုတယ်၊ သူနဲ့ပတ်သက်နေတဲ့ သူမျိုးပေါ့"

"ကျွန်တော်တို့ သွားခေါ်ရင်ကော မရဘူးလားဟင်"

စံနက်ကျော်က ဝင်ပြောလိုက်သည်။

"မင်းတို့ တယ်ခက်သကိုး၊ ညောင်သီးစားချင်ရင် ငှက်လေးညို့သံကိုလည်း နားထောင်တတ်ရတယ်၊ တစ်ရွာနဲ့တစ်ငှာဆိုတာ လွယ်တာမှတ်လို့၊ မင်းတို့ခေါ်လာလို့ တစ်ယောက်ယောက်က တွေ့သွားရင် ပြဿနာတွေ တသီကြီးပေါ်လာမှာပေါ့"

ဒီတော့မှ တပည့်နှစ်ယောက်က သက်ပြင်းချလိုက်ကြလေသည်။

"ဒီတော့ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"ကြားထဲကခေါ်ပေးမယ့် ခားစာခံတစ်ယောက် ရှာရမယ်၊ သူ့ကိုကြိုက်နေတဲ့ ယူချင်နေတဲ့ကောင်လေးမျိုးပေါ့၊ ဒါမှ ကောင်မလေးကိုခေါ်လာတုန်း တစ်စုံတစ်ယောက်က တွေ့သွားရင်လည်း ငါတို့အတွက် အန္တရာယ်ကင်းတာပေါ့"

"ဆရာကြီးက ဆေးအစီအရင်ကောင်းသလို အကြံအစည်လည်း ကောင်းပေတာကိုး၊ ဒါကြောင့်လည်း တစ်နယ်လုံးက လေးစားနေရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်ကတော့ ကျေနပ်သော အမူအယာဖြင့် ခေါင်းတညိတ်ညိတ် ရှိနေလေသည်။ သူ့စိတ်ထဲမှာတော့ သူပေးလိုက်သော မနောသိဒ္ဓိကြိုးကို မြနှင်းဖြူ ဆွဲထားပါက မကြာခင် စိတ်အပြောင်းအလဲဖြစ်ကာ မကြာခင် သူပြုသမျှ နုရတော့မည့် အခြေအနေမျိုး ရောက်လာတော့မည်ကို တွေးမိသဖြင့် အကျေနပ်ကြီး ကျေနပ်နေလေတော့သည်။

နောက်ငါးရက်ခန့် ကြာသောအခါမှာတော့ ဦးသူတော်နေသောအိမ်သို့ လူရွယ်နှစ်ယောက် ရောက်လာကြပြန်သည်။ ဒီတစ်ခါမှာတော့ ဦးသူတော်နှင့်ပင် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရလေသည်။

"မင်းတို့က ဘယ်သူတွေလဲ၊ ဘယ်ရွာလဲ"

"ကျွန်တော့်တို့ တောင်ညိုရွာကပါ"

တောင်ညိုရွာအမည်ကြားတော့ ဦးသူတော်က စိတ်ဝင်စားသွားလေသည်။

"ဘာကိစ္စရှိလို့ လာကြတာလဲ"

"ဒီလိုပါ ဆရာကြီးရယ်၊ တောင်ညိုရွာမှာကျွန်တော် ပိုးပန်းနေတဲ့ မိန်းကလေးတစ်ယောက်ရှိပါတယ်၊ သူကတော့ ကျွန်တော့်ကိုသဘောကျပေမယ့် ကျွန်တော်ကတော့ သူ့ကိုမရရင် မနေနိုင်လောက်အောင်ပါပဲ"

"နာမည်ကဘယ်သူများလဲ"

"မြနှင်းဖြူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး"

"ကျွန်တော်သူ့ကိုရဖို့ ရွာကဆေးဆရာတစ်ယောက်ကို အကူအညီတောင်းတော့ ဆေးကုသွားရင်းနဲ့ လက်ဖွဲ့ကြိုးတစ်ချောင်းဆွဲပေးခဲ့ပါတယ်၊ အဲဒီလက်ဖွဲ့ကြိုးရှိနေရင် တစ်နေ့ ကျွန်တော့်အပေါ်မှာ စိတ်လည်လာပြီး ရမယ်လို့လည်းပြောပါတယ်"

"တယ်လည်း ယုံလွယ်ကြပေသကိုး၊ ဒါထက်မင်းနာမည်က ဘယ်သူလဲ"

"နီမောင်လို့ ခေါ်ပါတယ်"

"အခုငါ့ဆီကို ဘာအတွက်လာတာလဲ"

"ကျွန်တော် မြနှင်းဖြူကို တကယ်လိုချင်ပါတယ်၊ ဆရာကြီးက အစီအရင်လုပ်ပေးရင် ညားကြတယ်လို့ သတင်းကြားလို့ ပြောကြလို့ လာတာပါ"

"ဘယ်သူပြောသလဲကွဲ့"

"ပန်းတောရွာက ကျွန်တော့်သူငယ်ချင်း ရင်မောင်က ပြောလိုက်လို့ပါ၊ သူ ပိုးပန်းနေတဲ့ ရင်မေဆိုတဲ့ မိန်းကလေးနဲ့ရလို့ အတော်လေးပျော်နေကြတယ်၊ ကျွန်တော့်ကိုလည်း မြနှင်းဖြူနဲ့ နီးစပ်အောင် လုပ်ပေးပါဗျာ"

ဟု တောင်းတောင်းပန်ပန်နှင့် မြော်ဆိုနေလေသည်။

ဆရာကြီး ဦးသူတော်ကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်း များစွာကျေနပ်သော အမူအယာမျိုး ရှိနေလေသည်။

"လုပ်ပေးတာကတော့ ဟုတ်ပါပြီ၊ မင်းက ငါ့ကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လောက် ကန်တော့ပေးနိုင်မှာလဲ”

“ကျွန်တော်တို့က လက်လုပ်လက်စား ဆင်းရဲသားတွေပါ၊ မြနှင်းဖြူကို လက်ထပ်ခွင့်ရရင် တောင်းရမ်းပဲ့ဖို့ စုဆောင်းထားတဲ့ငွေတော့ရှိပါတယ်၊ သူ့ကိုရရင် ကျွန်တော်စုထားတဲ့ ငွေငါးရာစလုံး ဆရာကြီးကို ကန်တော့ပါ့မယ်”

“ကောင်းပြီလေ၊ မင်းကို သနားသောအားဖြင့် ငါ့အကူအညီ ပေးပါ့မယ်၊ ဒါပေမယ့် ငါစေခိုင်းတဲ့အတိုင်းတော့ လုပ်ရပေလိမ့်မယ်၊ ဒီအကြောင်းတွေကိုလည်း မပေါက်ကြားစေနဲ့ မသိစေနဲ့၊ ဒီကတိတော့ ပေးရပေလိမ့်မယ်”

“ပေးပါမယ်ဆရာကြီး မသိစေရပါဘူး”

“ဒီလိုဆိုရင် မနက်ဖြန်ညရောက်တော့ ငွေယူပြီး မင်းတစ်ယောက်တည်း ငါ့ဆီလာခဲ့ပေတော့”

“ဟုတ်ကဲ့ လာခဲ့ပါ့မယ်”

ထိုသို့ပြောဆိုပြီး စောထီးနှင့် နှစ်ယောက်သား ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

“အဆင်ပြေပါ့မလား နီမောင်”

လမ်းရောက်တော့ စောထီးကမေးသည်။

“ပြေပါတယ်၊ သူ့မှာ သူတစ်ပါးကို ပတ်မာတဲ့ အကြံအစည်မျိုးပဲ ရှိတယ်၊ အစွမ်းထက်တဲ့ သိဒ္ဓိအစွမ်းမျိုး မရှိပါဘူး”

“မြနှင်းဖြူကရော တကယ်အကူအညီ ပေးမှာတဲ့လား”

“သူတင်မကဘူး၊ သူ့မိဘတွေကပါ အကူအညီပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထက်သန်နေကြလို့ တလောဂ ကျောင်းသူတော်ကြီးဆီကို သူတို့နှစ်ယောက်ပါ လိုက်သွားကြပါလို့ မြနှင်းဖြူက ငါ့ကို ပြောတယ်"

"ဒါထက် မင်းနဲ့ မြနှင်းဖြူက နားလည်မှု ရသွားကြပြီ မဟုတ်လား"

"ဟုတ်တယ်"

"တကယ်လို့ သူတစ်ခုခုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ"

"မဖြစ်အောင် ကာကွယ်စောင့်ရှောက်ပေးရမှာပေါ့၊ တကယ်လို့ သူ တစ်ခုခုဖြစ်ရင်တောင်မှ ငါ သူ့ကို နားလည်ခွင့်လွှတ်ပေးပြီး လက်ထပ်ယူဖို့ ဆုံးဖြတ်ထားပြီးသားပါ"

"ကောင်းပါတယ် ငါတို့ ဘယ်သွားကြမှာလဲ"

"ကျတ်ကုန်းရွာက မြွေဆရာ သံပလျိုင်တို့ဆီဝင်ပြီး တစ်ခါတည်း အကျိုးအကြောင်း ဝင်ပြောသွားရမယ်၊ သူက ငါတို့အစီအစဉ်လုပ်ရင် အကူအညီပေးချင်လို့ အကြောင်းကြားပါလို့ မှာထားတယ်"

"ကြည့်လိုက်ရင် သံပချိုင်က ဥပမိရုပ်မကောင်းတော့ အတော်များများက သူ့လက်ချက်လို့ချည်း ထင်နေကြတာ၊ အခုမှပဲ တရားခံအစစ်ကို သိကြရတော့တယ်"

"ဒီလိုပေါ့ကွာ၊ မလှတဲ့သူကို စုန်းမလို့ ယိုးစွပ်ကြမရှိတဲ့ သူကို ခိုးနိုးနိုးထင်ကြသလိုပေါ့၊ လောကမှာ ဟန်တစ်ပိုး ပန်တစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ဉပမိရုပ်ကောင်းကောင်းနဲ့ မဟုတ်တာလုပ်နေကြတဲ့ လူယုတ်မာတွေ အများကြီး ရှိကြတယ်၊ ရပ်ကွက်ထဲက ရွာထဲက သူခိုးလောက်သာသိကြပြီး ဂရုစိုက်ကြတယ်၊ ကုလားထိုင်မှာထိုင်ပြီး တိုင်းပြည်ကဘဏ္ဍာငွေတွေကို ခိုးယူသွားကြတဲ့ သူတွေကိုတော့ အကောင်ကြီးလွန်းတော့ မမြင်ရသလို နေမှာပေါ့"

ထိုသို့ စကားတပြောပြောနှင့် မြွေဆရာသံပချိုင်ရှိသော ကျတ်ကုန်းရွာဘက်သို့ ဦးတည်ကာ သွားကြလေသည်။

www.burmeseclassic.com





# အခန်း(၁၅)

**အ**ချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သည်၊ ပတ်ဝန်းကျင်မှာ လရောင်က မှုံဝါးဝါးရှိနေလေသည်။

ကျေးလက်တောရွာများမှာ တစ်နေ့ကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရပြီး ညအချိန်ရောက်သည်နှင့် ညစာစားသောက်ပြီး အိပ်ယာဝင်လေ့ရှိကြရာ တိတ်ဆိတ်ငြိမ်သက်စ ပြုနေချေပြီ။

ထိုအချိန်ရောက်တော့မှ မြနှင်းဖြူတို့ အိမ်ထဲမှ လိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြာနက်ကြီးတစ်ကောင် ပြန်ထွက်လာပြီး ကျွန်းညီနောင်ရွာဘက်သို့ ဦးတည်ပျံသွားလေသည်။

အတန်ကြာတော့ အိမ်ထဲမှ ပုဝါတစ်ထည်ကို ခေါင်းမှာခြုံထားသောလူတစ်ယောက် ထွက်လာသည်။ မြနှင်းဖြူပင်ဖြစ်သည်။

တစ်နေရာရောက်တော့ အသင့်စောင့်နေသော နီမောင်နှင့် တွေ့ရသည်။

"နီမောင်လား"

"ဟုတ်ပါတယ်"

"ထွက်လာပြီးမှ ကြောက်လိုက်တာ"

"မကြောက်ပါနဲ့ ငါတို့ရှိတာပဲ၊ ဆရာကြီး ဦးဗန်ကောင်းတောင် ပါနေမှ ဘာကြောက်စရာရှိသလဲ၊ ဒါထက် နင့်အခန်းထဲကို လိပ်ပြာနက်ကြီး ရောက်လာသေးတယ် မဟုတ်လား"

"ဟုတ်တယ် အခန်းထဲ လှည့်ပတ်ပျံပြီး ပြန်ထွက်သွားတယ်၊ ငါ့လည်ပင်းမှာ ဆရာကြီးဦးဗန်ကောင်း ပေးထားတဲ့ လက်ဖွဲ့ကြိုး ပြန်ဆွဲထားတော့ သူ အနားကပ်လို့ မရဘူး"

"သွားကြရအောင် ဆရာကြီးတို့ အဖွဲ့တွေ ရှေ့ကသွားနှင့်ကြပြီ"

ထိုသို့ပြောကာ နီမောင်က မြနှင်းဖြူလက်ကို ဆွဲကာ ထိုနေရာမှ ထွက်ခဲ့ကြလေသည်။ မီးရောင်မပါသော်လည်း လရောင်ရှိနေသောကြောင့် လမ်းကို ကောင်းစွာမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လျှောက်လာကြရင်း လမ်းရောက်တော့ နီမောင်က ခပ်တုံးတိုးပြောသည်။

"တကယ်ဆိုရင် သိပ်ကောင်းမှာပဲနော်"

"ဘာကိုပြောတာလဲ"

"အခု ငါ့နောက်ကို လိုက်လာတာလေ၊ တကယ်သာဆိုရင် ငါ သိပ်ပျော်မှာပဲ"

"ဒီလို ခိုးရာလိုက်မယ့်သူမျိုးမှ မဟုတ်တာ၊ နင်ကရော ခိုးယူဖို့ ကြံနေလို့လား"

"မကြံဝံ့ပါဘူး မြနှင်းဖြူရယ်၊ နင်နဲ့ မိသားစုတွေ အရှက်ရစေမယ့် ကိစ္စမျိုး ဘယ်တော့မှမလုပ်ပါဘူး၊ ငါတကယ်ချစ်ရင် ရိုးရိုးသားသားပဲ ကြိုးစားယူမှာပါ၊ မရတော့လည်း ကံတရားပေါ့"

"အခုလိုအခြေအနေမျိုး ရောက်နေတာဘောင် ငါ့ကို မယုံသေးဘူးလား"

"ငါပြောတာကို နင် အဖြေမပေးရသေးဘူးလေ၊ မတင်မကျပဲ ပြောထားသေးတာ"

"နင်က ရိုးသားပေမယ့် တချို့နေရာတွေမှာတော့ အတော်ကလေး အ,တယ်၊ သူများတွေအတွက် အကူအညီပေးချင်ရုံနဲ့ ယောကျ်ားကလေးတစ်ယောက်ရဲ့ ခေါ်ရာနောက်ကို အချိန်မတော် လိုက်ပါ့မလား၊ ငါ့စိတ်ထဲက မပါဘဲနဲ့ တခြားသူတွေကို ဒီလိုအရဲစွန့်ပြီး အကူအညီပေးပါ့မလား၊ နည်းနည်းပါးပါး စဉ်းစားပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဟုတ်သားပဲ ဒါဖြင့် တကယ်ခေါ်သွားလဲ နင် လိုက်ခဲ့တော့မှာပေါ့နော်"

မြနှင်းဖြူက နီမောင်ကျောကိုတစ်ချက်ထုလိုက်ရင်း

"ခေါ်ချင်လည်းခေါ်ပေါ့"

ဟု ပြန်ပြောလိုက်လေသည်။ နောက်တော့ သဘောကျစွာ ရယ်မောလိုက်သံလေးများ ပေါ်ထွက်လာသည်။

"နောက်ကနှစ်ယောက် တကယ်ခိုးရာလိုက်လာတာ မဟုတ်သေးဘူးဟေ့၊ မြန်မြန်လျှောက်ကြ"

ဟုရှေ့မှ တစ်ယောက်ကလှမ်းပြောလိုက်မှ အသံတိတ်သွားကာ ခတ်သုတ်သုတ်လျှောက်သွားကြလေသည်။

ညဦးပိုင်းအချိန်ကျော်တော့ ကျွန်းညီနောင်ရွာမှ ဦးသူတော်နေအိမ်သို့ ရောက်လာကြသည်။

ဦးသူတော်တို့က စောင့်နေကြသည်။ ပေတလူနှင့် စံနက်ကျော်တို့အပြင် တပည့်နှစ်ယောက်လည်း ရှိနေကြသည်။

နီမောင်နှင့် မြနှင်းဖြူတို့ရောက်လာတော့ အားလုံးက စိတ်ဝင်စားစွာကြည့်နေကြသည်။

"သူပါလာပြီဆရာကြီး"

"အေး . . ဒီလိုဆိုရင် မင်းသူ့အနားမကပ်နဲ့တော့ ဝေးဝေးမှာနေ"

ထိုသို့ပြောသဖြင့် နောက်သို့ ဆုတ်ပေးလိုက်သည်။

"ငါက သူ့ကို ပင်ကိုယ်စိတ်ပျောက်သွားအောင်လုပ်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com


ခေါ်ရတာဆိုတော့ ပြန်ပြီးကုသပေးရမယ်၊ သူ့ရဲ့ ဝိညာဉ်က အဝေးကိုရောက်နေတယ်၊ ဒါကြောင့် သူ့ရဲ့ ဝိညာဉ်လိပ်ပြာကို ပြန်ခေါ်ဖို့ အချိန်ပေးရမယ်"

"ကျွန်တော်ဘယ်လိုလုပ်ရမလဲ ဆရာကြီး"

"မင်း. . ပြန်ပေတော့"

ထိုစကားကြားတော့ နီမောင်က ပြန်မေးလိုက်သည်။

"သူ့ကိုထားခဲ့ပြီး ကျွန်တော် ပြန်သွားရမယ် ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်. . . မင်း သူ့ကိုခေါ်သွားရင်လည်း သူက မင်းကိုလုံးလုံးမှတ်မိမှာ မဟုတ်တော့ဘူး၊ နောက်ပြီးတခြားက ဝင်ရောက်နေတဲ့ ဝိညာဉ်ပြန်ထွက်သွားရင် သူ သေသွားလိမ့်မယ်၊ ဒီတော့ မင်းပြန်သွားပေတော့၊ တစ်ခုတော့ မှာလိုက်မယ်နော်၊ ဒီအကြောင်းတွေကို ဘယ်သူမှမသိစေနဲ့၊ သူ့ကို ဝိညာဉ်လိပ်ပြာ ပြန်ခေါ်နေတဲ့အချိန်မှာ အနှောက်အယှက်တွေ ဝင်လာရင် သူ သေသွားလိမ့်မယ်၊ ငါပြောတာကိုသဘောပေါက်တယ် မဟုတ်လား"

"ဟုတ်. . ဟုတ်ကဲ့. . ပေါက်ပါတယ်"

"ဒါဖြင့် ပြန်ပေတော့၊ သုံးရက်ပြည့်တဲ့နေ့ရောက်ချင် သူ့ကို ဒီမှာလာခေါ်ပေတော့"

ဟုပြောသဖြင့် နီမောင်လည်း ဘာမှမတတ်နိုင်တော့ပဲပြန် ထွက်သွားရလေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှကြောင်တောင်တောင်နှင့် ရပ်နေသော မြနှင်း ဖြူလက်ကို ဖမ်းဆွဲလိုက်သည်။

"လာ . . ငါနဲ့လိုက်ခဲ့"

ဦးသူတော်က မြနှင်းဖြူကို နောက်ဘက်၌ရှိသော ဂူ ပေါက်ထဲသို့ ခေါ်သွားလေသည်။

၎င်းတို့ ဂူထဲဝင်သွားသော အချိန်တွင် ဦးသူတော်အိမ် ပေါ်သို့ စောထီးနှင့် ငမဲအောင်တို့အပြင် ရွာသားအချို့ တက် လာကြသည်။ ဦးဇနကောင်းလည်း ပါလာသည်။

ဓားလှံလက်နက်များကိုင်ပြီး တက်လာသော ရွာသား များကို မြင်သောအခါ ပေတလူနှင့် စံနက်ကျော်တို့မှာ မျက်လုံး ပြူးသွားကြသည်။

"ခင်ဗျားတို့ ဘာလာလုပ်တာလဲ"

"ငါတို့ နယ်က မိန်းကလေးတွေကိုဖျက်ဆီးနေတဲ့ လူ ယုတ်မာတွေကို သတ်မလို့လာကြတာလေ"

မမျှော်လင့်သော အခြေအနေကြောင့် ပေတလူနှင့် စံနက်ကျော်တို့မှာ နီးစပ်ရာ လက်နက်များကိုယူပြီး ပြန်လည် တိုက်ခိုက်ရန် ကြိုးစားကြသေးသည်။ သို့သော် မရတော့ပေ။

စောထီးငမဲအောင်တို့ အပါအဝင် ရွာသားများလက် ချက်ဖြင့် နှစ်ယောက်စလုံး လဲကျသွားကြလေသည်။

ဦးသူတော်ကတော့ ဂူအတွင်းရောက်သွားပြီ ဖြစ်သော ကြောင့် အပြင်မှ အခြေအနေကို မသိရှာပေ။



www.burmeseclassic.com

www.burmeseclassic.com



ဂူတွင်းရောက်သည်နှင့် မြနှင်းဖြူကို ဖက်ရန်ပြင်လိုက်သည်။ ထိုအခိုက်မှာပင် မြနှင်းဖြူက လက်နှစ်ဖက်မြှောက်တက်လာပြီး ပါးကိုရိုက်ချလိုက်သည်။

"ဖြန်း. . ဖြန်း. ."

မမျှော်လင့်သော အခြေအနေကြောင့် ဦးသူတော်မှာ နောက်သို့ဆုတ်သွားလေသည်။

"သူတော်ကောင်းအယောင်ဆောင်ပြီး ယုတ်မာနေတဲ့ လူယုတ်မာ၊ ဒီကနေ့တော့ နင့်ဘဝ လက်စသိမ်းပြီလို့သာ မှတ်ပေတော့"

"နင်က အိပ်မွေ့ချခံထားရတာ မဟုတ်ဘူးလား"

"နင့်ရဲ့ အောက်လမ်းဆေးပညာတွေနဲ့ ငါ့ကိုဘာမှလုပ်မရဘူး၊ တမင် လိုက်လာတယ်ဆိုတာ နင့်ကို သတ်ချင်လို့ပဲ"

"အခု နင်တစ်ယောက်တည်းလေ၊ အပြင်မှာ ငါ့တပည့်တွေလည်းရှိတယ်၊ ဘာလုပ်မလို့လဲ"

ထိုသို့ပြောနေစဉ် အပြင်မှ ဝင်လာသော ခြေသံကြားသဖြင့် ကြည့်လိုက်ရာ နီမောင်ကိုတွေ့ရသဖြင့် ဦးသူတော်မှာ ကြောင်တွေထူးထူး စဉ်းစားမနေတော့ပဲ နောက်ဘက်သို့ ထွက်ပြေးလေတော့သည်။

ဂူက နှစ်ဘက်ပေါက်ဖြစ်သဖြင့် နောက်ဘက်၌ ထွက်ပေါက်တစ်ပေါက်ရှိသည်။ ထိုအပေါက်ရောက်တော့ လှံကိုင်ပြီး ရပ်နေသော လူတစ်ယောက်က ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com


ရင်မောင်ပင်ဖြစ်သည်။

"ငါ့ချစ်သူကိုဖျက်ဆီးခဲ့တဲ့ လူယုတ်မာသေပေတော့"

ဟုပြောပြီး လှံဖြင့်ထိုးသည်။ ဦးသူတော်က ရှောင်ပေးလိုက်သောကြောင့် ရှပ်ထိသွားသည်။ သူက ကြောက်ကြောက်လန့်လန့်နှင့် ရင်မောင်ကိုဝင်ရောက်တိုက်ခိုက်ပြီး ရှေ့သို့ဆက်ပြေးသည်။

တစ်နေရာရောက်တော့ တောထဲမှ စောင့်နေသော သံပချိုင်တို့သုံးယောက်နှင့် တွေ့ရပြန်သည်။ သံပချိုင်၏ လက်ထဲတွင် အဆိပ်ပြင်းသော မြွေတစ်ကောင်ကိုင်ထားသည်။

လူသုံးယောက်ဝိုင်းထားသဖြင့် ပြေးပေါက်ပိတ်သွားသော ဦးသူတော်က ကြောက်ကြောက်လန့်လန့်နှင့် ကြည့်နေသည်။ သံပချိုင်က အနားသျှောက်သွားပြီး ပြောလိုက်သည်။

"ငါ ကိုင်ထားတဲ့မြွေက အတော်အဆိပ်ပြင်းတယ်၊ ထိမိရင် ဆေးမမီဘူး၊ မင်းက ဒီနယ်မှာ နာမည်ကြီးဆရာတစ်ယောက်ဆိုတော့ မြွေဆိပ်တော့ နိုင်မှာပါ"

"ငါ. . ငါ့ကို မသတ်ပါနဲ့ကွာ၊ တောင်းပန်ပါတယ်"

"ငါက မသတ်ပါဘူး၊ မင်းဒီမြွေကိုနိုင်ရင် ဒီနေရာက ထွက်သွားပေတော့၊ ငါတို့ ဘာမှမလုပ်ပါဘူး၊ မင်းက ဆရာအမည်ခံပြီး ဘာမှမတတ်ရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေါ့"

ထိုသို့ပြောပြီး ကိုင်ထားသောမြွေကို ဦးသူတော်လည်ပင်းကိုပတ်ပေးလိုက်ရာ မြွေက လည်ပင်းကို ခဲလိုက်လေတော့


www.burmeseclassic.com

www.burmeseclassic.com



သည်။

"အား. . . သေပါပြီ"

ဦးသူတော်၏ စူးစူးဝါးဝါး အော်သံကြီးက အမှောင်ဖုံးနေသော တောထဲမှာ ပဲ့တင်ထပ်သွားလေတော့သည်။

နီမောင်တို့ ရောက်လာတော့ ဦးသူတော်မှာ မြွေဆိပ်တက်ပြီး သေဆုံးနေပေကြီ။

"သေပြီလား"

"သေပြီ. . ၊ ခားတွေ လုံတွေနဲ့ သတ်ရင် ပြဿနာရှင်းနေရဦးမယ်၊ မြွေကိုက်လို့သေတော့ ဘယ်သူမှ ပြောစရာ မလိုတော့ဘူး"

ထိုအခါ ရွာသားတစ်ယောက်က ဝင်ပြောသည်။

"ကျုပ်တို့ရွာတွေမှာ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဒုက္ခရောက်နေတာ ဆရာသံပချိုင်လက်ချက်လို့ထင်နေကြတာဗျ"

ထိုကဲ့သို့ ပွင့်ပွင့်လင်းလင်းပြောသောအခါ သံပချိုင်က ရယ်နေသည်။

"အခုမှပဲ သူတော်ကောင်းအရေခြုံထားတဲ့ လူယုတ်မာလက်ချက်ဖြစ်မှန်း သိရပေတော့တယ်၊ အစကတော့ သူတော်ကောင်းမှတ်ပြီး ကိုးကွယ်နေတာ ဖွတ်ထွက်မှပဲ တောင်ပို့မှန်းသိရတော့တယ်၊ ဆရာ့အပေါ်မှာ အရင်က အထင်အမြင်လွဲခဲ့တာတွေကို တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွာ၊ တောင်းပန်စရာ မလိုပါဘူး၊ ငါက ဒါတွေကို အလေးအမှတ်ထားတတ်တဲ့ လူမျိုးလည်း မဟုတ်ပါဘူး"

ရှာသားက ခေါင်းညိတ်ပြသည်။

"နောက်ပြီး . . ငါက မြွေတွေကိုသာ ဒုက္ခပေးတာပါ၊ လူတွေကိုတော့ ဘယ်တော့မှ ဒုက္ခမပေးတတ်ပါဘူး၊ ဟား. . ဟား. . ဟား. . ဟား"

သံပချိုင်က သဘောကျစွာဖြင့် ရယ်မောလိုက်ပြီးနောက် ထိုနေရာမှ ထွက်သွားကြလေတော့သည်။

ထို့နောက် ဦးဗန်ကောင်းက ရှေ့မှဦးဆောင်ပြီး ဂူအတွင်းသို့ဝင်ကြည့် အစီအရင် ပြုလုပ်ထားသော ရုပ်တုများ၊ ဆေးဝါးစီရင်ရာတွင် အသုံးပြုသောပစ္စည်းများအပြင် အသက်ဝိညာဉ်ကင်းမဲ့နေသော လိပ်ပြာနက်ကြီးတစ်ကောင်ကိုပါ တွေ့ကြရသည်။

"ဒီလိပ်ပြာနက်ကြီးက အသက်မရှိပဲ ဘယ်လိုခိုင်းတာလဲ ဆရာကြီး"

"တစ်နေရာကို စေလွှတ်ကာနီးရင် မှော်သွင်းတာပေါ့၊ မှော်သွင်းတယ်ဆိုတာ မကောင်းတဲ့ဝိညာဉ်နဲ့ အသက်သွင်းလိုက်တာပဲ၊ ပြီးမှ သူလွှတ်ချင်တဲ့နေရာကို လွှတ်လိုက်တာ"

"လိပ်ပြာနက်ကြီး ရောက်လာရင် မိန်းကလေးတွေအိပ်မွေ့ချခံရသလိုဖြစ်ပြီး ထလာတာကရော ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူသုံးတဲ့ ဆေးမှုန့်တွေကို လိပ်ပြာရဲ့ကိုယ်မှာ ဖြူးပေးလိုက်တယ်၊ ဟိုရောက်တော့ သက်ဆိုင်ရာ မိန်းကလေးရဲ့အနားမှာ လှည့်ပတ်ပျံနေရင်း ဆေးနံ့တွေ ရသွားတာပေါ့"

"သဘောပေါက်ပြီ၊ ဆေးနံ့တွေရတာနဲ့ သတိမေ့သွားပြီး ခေါ်တဲ့နေရာ ထလိုက်ရတာကိုး"

"ဒါပေမယ့် သူနေတဲ့နေရာ ရောက်တဲ့အထိကတော့ တစ်ယောက်က ခေါ်လာပေးရတယ်၊ ရင်မောင်လိုပေါ့"

ထိုသို့ပြောတော့ ရင်မောင်ကပါ အကြောင်းစုံဝင်ပြောပြသည်။

"ဒီလူယုတ်မာကို ကျွန်တော်လက်နဲ့ မသတ်လိုက်ရတာတော့ အတော်လေးနစ်နာတယ်"

"မင်းလက်နဲ့မသတ်လည်း သေသွားပြီဆိုတော့ အေးသွားပြီပေါ့"

"ဒါထက် ဒီရုပ်တုတွေကို ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

နီမောင်က မေးလိုက်သည်။

"အသုံးတည့်တဲ့ ဆေးဝါးနဲ့ ရုပ်တုတွေတော့ ယူသွားကြမယ်၊ အောက်လမ်းပညာနဲ့ စီရင်ထားတဲ့ ရုပ်တုတွေ ဆေးဝါးတွေတော့ ဖျက်ဆီးပစ်လိုက်တာအေးမယ်"

"လိပ်ပြာနက်ကြီးကရော ဘယ်လိုလုပ်ကြမလဲ"

"ဒါကြီးကိုမြင်နေရင် သက်ဆိုင်တဲ့သူတွေ စိတ်အနှောင့်



www.burmeseclassic.com

www.burmeseclassic.com



အယှက် ပြန်ဖြစ်နေကြလိမ့်မယ်၊ ဒီနေရာမှာပဲ လက်စသိမ်းပစ်လိုက်တာ ပိုကောင်းမယ်"

ထိုသို့ပြောပြီး ဂူထဲမှာရှိသော ပစ္စည်းများ အိမ်ပေါ်မှာရှိသော ပစ္စည်းများထဲမှ အချို့ကို ရွာသားများအား ခွဲဝေပေးလိုက်သည်။

ဆေးဝါးအစီအရင်အချို့ကိုတော့ ဦးဗန်ကောင်းကယူပြီး အသုံးမပြုလိုသော ရုပ်တုများနှင့် အခြားပစ္စည်းများကိုတော့ မီးရှို့ပစ်လိုက်ကြသည်။

ထို့နောက်မိမိတို့ နေရာအသီးသီးသို့ ပြန်ကြလေသည်။

ရင်မောင်မှာ လူယုတ်မာတစ်ဦး သူ့မျက်စိရှေ့မှာတင် သေဆုံးသွားသည်ကို မြင်ရသဖြင့် များစွာကျေနပ်မှုဖြစ်ပြီး အိမ်သို့ပြန်လာလေသည်။

"ဒီအကြောင်းတွေကို ရင်မေသာသိရင်တော့ ဝမ်းသာမှာပဲ"

သို့သော် အိမ်ပြန်ရောက်တော့ ရင်မေကိုမတွေ့ရပေ။

မိခင်ဖြစ်သူကို မေးကြည့်သောအခါ. . .

"မင်းကိုထွက်စောင့်ရင်း ခြေချော်ပြီးလဲကျသွားတာ၊ ကိုယ်ဝန်များ ထိသွားသလားမသိဘူး၊ သူ့အမေ အိမ်ခေါ်သွားကြတယ်"

ထိုသို့ပြောသဖြင့် ရင်မေတို့အိမ်သို့ လိုက်သွားသည်။ ထိုအိမ်ရောက်တော့ ဝမ်းဆွဲသည် ဒေါ်ဆွဲမိက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာတော့ စိတ်မကောင်းစရာပဲ၊ မင်းမိန်းမဗိုက်ကို ထိခိုက်မိသွားလို့ ကိုယ်ဝန်ပျက်ကျသွားပြီ"

ထိုစကားကြားတော့ စိတ်မကောင်းဖြစ်သော်လည်း သူ့အနေနှင့် ဘာမှမတတ်နိုင်တော့ပေ။

နောက်ထပ်ရက်အနည်းငယ်ကြာတော့ ရင်မေနေကောင်းလာလေသည်။ ရင်မောင်က အခန်းထဲဝင်ပြီး စကားပြောသည်။

"နင်နေကောင်းသွားပြီလား၊ ငါ စိတ်မကောင်းပါဘူး"

"ဘာများ စိတ်မကောင်းစရာရှိလို့လဲ၊ လူယုတ်မာရဲ့သွေးနဲ့ ကင်းသွားတော့ ပိုကောင်းတာပေါ့"

"ငါနင့်ကို ပြောစရာရှိသေးတယ်၊ မိန်းကလေးတွေကို ဖျက်ဆီးတဲ့လူယုတ်မာတွေတော့ သေကုန်ကြပြီ"

"ကောင်းတာပေါ့၊ သူတို့ရှိနေရင် မိန်းကလေးတွေအတွက် စိတ်မအေးရဘူး၊ အခုလိုဆိုတော့ အေးသွားတာပေါ့ ဒါထက် နင့်ကိုမေးရဦးမယ်၊ ငါ့ကို ပြန်ခေါ်သွားမှာလားဟင်"

"ဘာဖြစ်လို့ မခေါ်ရမှာလဲ၊ နင်က ငါနဲ့လက်ထပ်ထားတဲ့ ငါ့မိန်းမပဲ"

"ဒါပေမယ့် နင်ငါ့အပေါ်မှာ အရင်ကလိုမချစ်တော့ဘူးမဟုတ်လား"

"ချစ်ပါတယ် ရင်မေရယ်၊ အရင်က ချစ်သလို အခုလည်းချစ်ပါတယ်၊ ငါ့ရဲ့မိုက်မဲမှုကြောင့် နင်အခုလိုအဖြစ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြုံခဲ့ရတာကိုပဲ စိတ်မကောင်းဖြစ်နေမိတာပါ”

ရင်မေက ဘာမှမပြောပဲ ခေါင်းငုံ့ထားသည်။

“နှင်ကရော ငါ့ကို တကယ်ချစ်နိုင်ပြီလား”

ရင်မေက ခေါင်းညိတ်ပြသည်။

“နှင်က ငါ့အပေါ်မှာ အနစ်နာခံပေးခဲ့တယ်၊ သဘောထားကြီးကြီးနဲ့ ခွင့်ဘွတ်ပေးနိုင်ခဲ့တယ်၊ ငါ နှင့်ကို တကယ်ချစ်နိုင်ပါပြီ၊ နှင်ကသာ လက်ခံပေးရင် နှင်နဲ့တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်ပြီးသားပါ”

“ဒီစကားကြားရတာ ငါ တကယ်ပဲ ဝမ်းသာပါတယ်၊ နှင့်ကို အပျိုဖြစ်ရမယ်၊ အအိုဖြစ်ရမယ်ဆိုတာတွေ မရှိပါဘူး၊ ငါလိုချင်တာက နှင့်ဆီက ချစ်ခြင်းမေတ္တာပါပဲ၊ ဒါကိုရရင် ငါကျေနပ်ပါပြီ၊ တခြားဘာမှမလိုချင်တော့ပါဘူး ရင်မေရယ်”

ရင်မောင်က ရင်မေလက်ကလေးကိုဆုပ်ကိုင်ရင်း ပြောလိုက်သည်။ ရင်မေကလည်း ရစ်ဝဲနေသော မျက်ရည်စများကို သိမ်းရင်း ရင်မောင်လက်ကို ခပ်တင်းတင်းပြန်လည် ဆုပ်ကိုင်ထားလိုက်သည်။


ဘဝတစ်သက်တာအတွက်. . သံယောဇဉ်ကြိုးဖြင့် နှောင်ဖွဲ့အပ်သော. . တွဲလက်များပင် ဖြစ်ပေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

မိစ္ဆာကုန်းဟု အမည်တွင်သော မိစ္ဆာရုပ်တုကုန်း တစ်ဝိုက်မှာ သရဲတစ္ဆေခြောက်လှန့်မှု များသောကြောင့် အကြောင်းမရှိပဲ မလာဝံ့သောနေရာများ ဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် လူသေများမြှုပ်သော ငိုသံကြားတောင်ကြားလည်း ရှိသည်။ ထိုအနီးတစ်ဝိုက်မှ လူများမြှုပ်နှံသောနေရာလည်း ဖြစ်သည်။

နေဝင်ချိန်နောက်ပိုင်းထိုနေရာမှ ဖြတ်သွားသူတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားရှိသော နေရာတစ်ဝိုက်မှ ငှက်ငြိုးသံများ ကြားရတတ်သောကြောင့် အသုဘချသောအချိန်မှလွဲပြီး အခြားအချိန်များတွင်မလာကြပေ။ မိစ္ဆာကုန်းတစ်ဝိုက်မှာ ထိုအတိုင်းပင်ဖြစ်သည်။

ပြတ်နေသော ဦးခေါင်းကို လက်ဖြင့်ကိုင်လျက် ထွက်လာသော မိန်းမတစ်ယောက်ကို မကြာခဏ တွေ့ကြရသောကြောင့် အသွားအလာ မလုပ်ကြပေ။

သို့သော်ထိုနေရာတစ်ဝိုက်မှာ သစ်တောဝါးတောများပေါသည်။ ဒညင်းပင် မရမ်းပင်များ ရှိသည်၊ ပိန္နဲပင်များရှိသည်။ ဝါးတောများကောင်းသည်။

နယုန်လကျော်သည်နှင့် မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီးနောက်တွင် ဒညင်းသီး၊ မရမ်းသီး၊ ပိန္နဲသီးများ ခူးဆွတ်၍ရသည်။

မျှစ်နှင့် မှိုများလည်း ထွက်လာပြီဖြစ်သည်။

သို့ကြောင့် မိုးဦးကျကာနီးပြီဆိုလျှင် ထိုနေရာတစ်ဝိုက်နှင့် နီးသောရွာများမှ ကိုယ့်အဖွဲ့နှင့်ကိုယ်စုပြီး တောသို့လာကြသည်။ အဖွဲ့လိုက် ဒညင်းသီး၊ မရမ်းသီး၊ ပိန္နဲသီးများ ရှာဖွေခူးဆွတ်ကြသည်။ မှိုနှင့်မျှစ်များ ရှာဖွေနှုတ်ယူကြသည်။ ရွာမှထွက်ကတည်းက ထမင်းထုပ်နှင့် ရေဗူးများကို တောင်းထဲ၌ထည့်ယူလာကြသဖြင့် နေ့လည်ရောက်လျှင် သစ်ပင်ရိပ်ကောင်းသော နေရာများတွင် ဝိုင်းဖွဲ့စားသောက်ကြရသည်မှာ ပျော်စရာကောင်းလှသည်။

ထိုအထဲတွင်လူပျိုအပျိုများလည်း ပါလာကြရာ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်လပ်ပြောဆိုကြသည်။ တောင်ညိုရွာမှလာကြသောအဖွဲ့တွင် နီမောင်နှင့် မြနှင်းဖြူတို့လည်း ပါလာကြသည်။ သူတို့နှစ်ယောက်စလုံး မှို၊ မျှစ်နှင့် အသီးအနှံများ အတော်ပင် ရနေကြပြီ။

"မြနှင်းဖြူ၊ ငါတို့ မိစ္ဆာကုန်းဘက် သွားကြရအောင်"

"ဖြစ်ပါ့မလား၊ အဲဒီဘက်က သရဲခြောက်တယ် မဟုတ်လား"

"နေ့ဘက်တွေတော့ မခြောက်ပါဘူး၊ နောက်ပြီး ငါတို့မှာ ဆရာကြီး ဦးဇန်ကောင်းပေးထားတဲ့ လက်ဖွဲ့ကြိုးတွေ ရှိတာပဲ၊ အဲဒီဘက်မှာ ဒညင်းပင် မရမ်းပင်တွေရှိတယ်"

ထိုသို့ပြောသဖြင့် မြနှင်းဖြူက လိုက်လာသည်။

ထိုနေရာတစ်ဝိုက်သို့ အခြားသူများ မရောက်သေးသောကြောင့် ဒညင်းသီး၊ မရမ်းသီးများကို တွေ့ရလေသည်။

နီမောင်က သစ်ပင်ပေါ်တက်၍ ခူးချပေးသော သစ်သီးများကို မြနှင်းဖြူက လိုက်ကောက်ပြီး တောင်းထဲသို့ ထည့်ထားရာ အတော်ပင် ရကြလေသည်။

နေမြင့်ချိန်ရောက်တော့မှ နားပြီးပါလာသော ထမင်းထုပ်များကို ဖြေပြီး စားသောက်ရန် ပြင်ကြလေသည်။

"မောင်တစ်ထမ်းမယ်တစ်ရွက်ဆိုတာ ဒါမျိုးဖြစ်မှာပေါ့နော်"

မြနှင်းဖြူက မျက်စောင်းတစ်ချက်ထိုးသည်။

"နင်မပျော်ဘူးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်တော့ပျော်တာပေါ့၊ ဒါပေမယ့် ဒီနေရာလာရတာတော့ ကြောက်တယ်"

"သရဲကြောက်တာလား၊ ငါ့ကိုကြောက်တာလား"

"သရဲကြောက်တာပါ၊ နင့်ကိုတော့ ဘာကြောက်စရာရှိလို့လဲ၊ ကြောက်ရင်အစကတည်းက ဒီနေရာအထိလိုက်လာပါ့မလား"

နီမောင်က သဘောပေါက်သွားသဖြင့် ထမင်းမစားသေးပဲ မြနှင်းဖြူအနီးသို့ တိုးကပ်သွားပြီး ဖက်ထားလိုက်သည်။

"သရဲခြောက်တဲ့နေရာ ခေါ်လာပြီး ဥာဏ်များမလို့လား"

"ဥာဏ်မများပါဘူး၊ နင် သဘောမကျရင် လက်ဖျားနဲ့တောင်မထိပါဘူး"

"ဒီတော့မှ မြနှင်းဖြူက သိုင်းဖက်ထားသော နီမောင့်လက်ကို ကိုင်ထားလိုက်သည်။

"မြနှင်းဖြူ နင်ငါ့အချစ်ကိုလက်ခံပြီပေါ့နော်"

"ပြောစရာ လိုသေးလို့လား"

"ပါးစပ်က ဖွင့်ပြောတာတော့ ကြားချင်သေးတာပေါ့"

"ငါ နင့်မေတ္တာကိုလက်ခံပါတယ်၊ နင်က ငါ့ကိုချစ်သလို ငါကလည်း နင့်ကိုချစ်ပါတယ်"

"နင့်ဆီက ဒီစကားကြားရတာ ငါ ဝမ်းသာပါတယ်၊ ဒီမိုးကုန်လို့ နွေရာသီရောက်ရင် လူကြီးစုံရာနဲ့ တောင်းရမ်းယူဖို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်တော့မယ်၊ နင် လက်ခံမယ်မဟုတ်လား”

မြနှင်းဖြူက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

သို့ကြောင့် နီမောင်က မြနှင်းဖြူကိုယ်လေးကို တင်းတင်းဖက်ကာ ရင်ခွင်ထဲ ထည့်ထားလိုက်သည်။

ထို့နောက် ချစ်သူက မြတ်နိုးစွာဖြင့် ပေးသော အနမ်းများအတွက်တော့ သူမအနေနှင့် ကန့်ကွက်တားဆီးရန် မလိုအပ်တော့ပါပေ။

ငိုသံကြားတောင်ကြားနိုင်နီးသော မိစ္ဆာကုန်းမှာ သရဲခြောက်သည်ဟုနာမည်ကြီးသော်လည်း ချစ်သူနှစ်ဦးအတွက် အခြားကြောက်ရွံ့ထိတ်လန့်စရာများ မလိုအပ်ပဲ သင်္ဂါရအနမ်းများဖြင့်သာ လောကကြီးကိုမေ့လျော့နေကြပြီ ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဥပါယ်တံမျဉ်) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်သည်လည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စာဟောတု၊ သုခိအတ္တာနံ ပရိဟန္တု ။

စာပြီးချိန်။ ။၂၀၁၆ခုနှစ်၊ ဇွန်လ(၂၁)ရက်၊ အင်္ဂါနေ့ နံနက်(၉)နာရီ။